# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၀ ပြည့်နှစ်၊ နယုန်လပြည့်ကျော် ၈ ရက် | ၂၀၁၈ ခုနှစ်၊ ဇွန် ၆ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၅၇)၊ အမှတ် (၂၄၇)


## ဂုဏ်သတင်း ပျံ့နှံ့လိုင်ကြ၍

ပန်းရနံ့သည် လေညာကို မသွား၊ စန္ဒကူးအနံ့၊ တောင်ဇလပ်ပန်းအနံ့၊ စံပယ်ကြက်ရုန်း ပန်းအနံ့သည်လည်း လေညာသို့ မသွား။ သူတော်ကောင်းတို့၏ အနံ့သည်သာ လေညာသို့ သွား၏။ သူတော်ကောင်းတို့၏ ဂုဏ်သတင်းသည် အရပ်မျက်နှာအားလုံးတို့သို့ ပျံ့နှံ့လိုင်ကြ၍၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၄)

# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၂၀၁၈ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်ပြခန်းအား ကြည့်ရှုစဉ်။ သတင်းစဉ်

**နေပြည်တော် ဇွန် ၅**

၂၀၁၈ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ဟိုတယ်ဇုန်ရှိ သင်္ဂဟဟိုတယ်၌ ကျင်းပရာ နိုင်ငံတော်သမ္မတဦးဝင်းမြင့် တက်ရောက် အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မန္တလေး မြို့တော်ဝန်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ ဥက္ကဋ္ဌများ၊ အမျိုးသားအဆင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဗဟိုကော်မတီဝင်များ၊ ကုလသမဂ္ဂဖွံ့ဖြိုးမှု အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ပြည်တွင်း၊ ပြည်ပ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ၂၀၁၈ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် ပိုစတာပြိုင်ပွဲနှင့် ကာတွန်းပြိုင်ပွဲတွင် ဆုရရှိကြသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

နိုင်ငံတော်သမ္မတက အဖွင့်အမှာစကား ပြောကြားရာတွင် ကမ္ဘာ့ပတ်ဝန်းကျင်

*စာမျက်နှာ ၄ ကော်လံ ၁* ❐

## နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဒိန်းမတ်ပါတီများနှင့် ဒီမိုကရေစီဆိုင်ရာ အဖွဲ့အစည်း၏ ဘုတ်အဖွဲ့ဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ

စာမျက်နှာ » ၃



## တို့ပတ်ဝန်းကျင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ဖို့ ပလတ်စတစ် ညစ်ညမ်းမှု လျှော့ချကြပါစို့

ဆောင်းပါး စာမျက်နှာ » ၆

## အမေရိကန်နှင့် မြောက်ကိုရီးယားတို့ တွေ့ဆုံမည့်ရက် အတိအကျကို အိမ်ဖြူတော် ကြေညာ

နိုင်ငံတကာသတင်း စာမျက်နှာ » ၁၄




# ရခိုင်ပြည်နယ်၏ လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှင့် တည်ငြိမ် ငြိမ်းချမ်းမှု

နိုင်ငံတစ်နိုင်ငံ(သို့မဟုတ်) လူ့အဖွဲ့အစည်းတစ်ရပ်၏ တည်ငြိမ်ငြိမ်းချမ်းမှုသည် ထိုနိုင်ငံ(သို့မဟုတ်) ထိုလူ့အဖွဲ့အစည်း၏ လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအပေါ် တိုက်ရိုက်မှီခိုလျက်ရှိပါသည်။ သို့ဖြစ်ပါ၍ ကုလသမဂ္ဂအပါအဝင် ကမ္ဘာ့နိုင်ငံအချို့က ဝေဖန်ပြစ်တင်လျက်ရှိသော ရခိုင်ပြည်နယ်၏ တည်ငြိမ် ငြိမ်းချမ်းမှုရရှိရေးသည် ရခိုင်ပြည်နယ်၏ လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအပေါ် မူတည်လျက်ရှိပါသည်။ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုရရှိရေး ဆောင်ရွက်ရာ၌ မြေနေရာအသုံးချမှုကို မလွှဲမသွေ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ရခိုင်ပြည်နယ်၌လည်း မလွှဲမသွေဆောင်ရွက်ခဲ့ရသည့် မြေနေရာအသုံးချမှုတို့အတွက် ထိုက်သင့်သော မြေယာလျော်ကြေးငွေတို့ကို ပေးချေရန် စီစဉ်ဆောင်ရွက်နေပြီဖြစ်ပါသည်။

ကျောက်ဖြူအထူးစီးပွားရေးဇုန်သည် ရခိုင်ပြည်နယ်၏ လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အားထားရမည့် စီမံကိန်းတစ်ရပ် ဖြစ်ပါသည်။ ဤစီမံကိန်းက ဒေသခံပြည်သူတို့အား ဖြစ်နိုင်သမျှ အကျိုးပြုစေနိုင်ရေးအတွက် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်း **(Environmental Impact Assessment-EIA)** နှင့်လူမှုရေး ထိခိုက်မှုဆန်းစစ်ခြင်း **(Social Impact Assessment-SIA)** အပါအဝင် ဘူမိဗေဒနှင့် မြေမျက်နှာသွင်ပြင် စစ်တမ်းကောက်ယူမှု **(Geological and Topographical-G.T survey)**တို့ကို ဆောင်ရွက်ရန် သက်ဆိုင်ရာ အဖွဲ့အစည်းတို့နှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါသည်။

ရခိုင်ပြည်နယ်၏ အလုပ်အကိုင်အခွင့်အလမ်း တိုးပွားရေးကိုလည်း ဆောင်ရွက်လျက်ရှိရာ လုပ်သားအင်အားထုအတွင်း ပါဝင်နိုင်မှုနည်းပါးနေသေးသည့် အမျိုးသမီးတို့၏ပါဝင်မှုကို မြှင့်တင်ရန်တန်ဖိုးမြှင့်စားသောက်ကုန် ထုတ်လုပ်မှုနည်းပညာသင်တန်း၊ အိမ်တွင်းမှုသင်တန်းများ၊ စက်ချုပ်သင်တန်းများ၊ စိုက်ပျိုးရေးဆိုင်ရာ နည်းပညာသင်တန်းများနှင့် သမဝါယမ မွမ်းမံသင်တန်း စသည်တို့ကို စုစုပေါင်း ၄၂ ကြိမ် ဖွင့်လှစ်ပို့ချခဲ့ရာ အမျိုးသမီး စုစုပေါင်း ၅၆၈ ဦး တက်ရောက်ခဲ့ပါသည်။

၂၀၁၈ ခုနှစ်၊ ဧပြီလကုန်တွင် ရခိုင်ပြည်နယ်၌ တံတား ၁၃ စင်းကို ရာနှုန်းပြည့်ပြီးစီးအောင် တည်ဆောက်နိုင်ခဲ့ပြီး ကျန်တံတား ၁၁ စင်းကိုလည်း ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၌ ပြီးစီးအောင် တည်ဆောက်သွားမည်ဖြစ်ပါသည်။ မေယုတောင်ကျော်လမ်း နှစ်လမ်းမှာလည်း ၉၈ ရာခိုင်နှုန်းအထိ ပြီးစီးနေပြီဖြစ်ပါသည်။ ဖွံ့ဖြိုးတိုးတက်ရေး၏ အခြေခံလိုအပ်ချက်ဖြစ်သော လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိရာ ဘူးသီးတောင်မြို့နယ်အတွက် ၂၀၁၈ ခုနှစ် ဇွန်လအကုန်တွင်လည်းကောင်း၊ မောင်တောမြို့နယ်အတွက် ၂၀၁၈ ခုနှစ် ဒီဇင်ဘာလအကုန်တွင်လည်းကောင်း မဟာဓာတ်အားလိုင်းမှ ၂၄ နာရီဓာတ်အားပေးနိုင်ရန် ဆောင်ရွက်လျက်ရှိပါသည်။ ရခိုင်ပြည်နယ်အတွင်းရှိ ကျေးရွာများမီးလင်းရေးအတွက် ဆိုလာမီးစနစ်ပေါင်း ၈၀၉၂ စုံကို ဝယ်ယူပြီး ဖြစ်ပါသည်။ စစ်တွေလေဆိပ်နှင့် ကျောက်ဖြူလေဆိပ် အဆင့်မြှင့်တင်ခြင်းအပါအဝင် ဆက်သွယ်ရေးလုပ်ငန်းများ တိုးချဲ့လျက်ရှိသကဲ့သို့ ရခိုင်ပြည်နယ်၏ စီးပွားရေးဝန်းကျင် လွယ်ကူချောမောရေးကိုလည်း အာရုံစိုက်ဆောင်ရွက်လျက်ရှိပါသည်။

ရခိုင်ပြည်နယ်အတွင်းရှိ ကျေးရွာများ သောက်သုံးရေရရှိရေးအတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း လုပ်ငန်းစီမံကိန်းပေါင်း ၂၄၅ ခုကို အကောင်အထည်ဖော် ဆောင်ရွက်ပြီးဖြစ်ပါသည်။ ရခိုင်ပြည်နယ်အတွင်းရှိ တောင်သူလယ်သမားများ လယ်ယာသုံးစက်ပစ္စည်းများ ဝယ်ယူနိုင်ရေးအတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က ၂၀၁၈ ခုနှစ် ပထမလေးလအတွင်း ကျပ်ငွေ ၁၂၈၅၃ သန်းကို ထုတ်ချေးပြီးဖြစ်ပါသည်။ ခေတ်မီစိုက်ပျိုးရေးနည်းစနစ်ဆိုင်ရာ နည်းပညာသင်တန်းတို့ကို ၃၄ ကြိမ်အထိ ဖွင့်လှစ်ခဲ့ရာ တောင်သူလယ်သမား ၁၃၃၁ ဦး တက်ရောက်သင်ကြားခဲ့ပါသည်။ ဤအချက်တို့ကို ကြည့်ရှုမှုဖြင့် နိုင်ငံတော်အစိုးရသည် ရခိုင်ပြည်နယ်၏ တည်ငြိမ်ငြိမ်းချမ်းမှုအတွက် လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းအရပ်ရပ်ကို အားကြိုးမာန်တက် ဆောင်ရွက်နေသည်မှာ ပေါ်လွင်ထင်ရှားနေသည်ဖြစ်၍ များမကြာမီ ရခိုင်ပြည်နယ်သည် တည်ငြိမ်ငြိမ်းချမ်းလာမည်ဖြစ်ပါကြောင်း လေးစားစွာတင်ပြအပ်ပါသည်။ ။

## နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် ဇွန် ၅**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းနှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအား အနည်းငယ်မှ အားအသင့်အတင့် ရှိနေသည်။

**မိုး/ဇလ**

# ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေးဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) ကော်မတီ၊ ဥက္ကဋ္ဌ၏ အကြံပေးပုဂ္ဂိုလ်ခန့်အပ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ရုံး**
**အမိန့်ကြော်ငြာစာ**
**အမှတ် ၁/၂၀၁၈**
၁၃၈၀ ခုနှစ်၊ နယုန်လပြည့်ကျော် ၇ ရက်
(၂၀၁၈ ခုနှစ်၊ ဇွန်လ ၅ ရက်)

**ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး ဖွံ့ဖြိုးရေးစီမံကိန်း(UEHRD) ကော်မတီ၊ ဥက္ကဋ္ဌ၏ အကြံပေးပုဂ္ဂိုလ်ခန့်အပ်ခြင်း**

၁။ နိုင်ငံတော်သမ္မတရုံး၏ ၁၇-၁၀-၂၀၁၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၊ ၉၆/၂၀၁၇ ဖြင့် ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေးဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) ကော်မတီကို ဖွဲ့စည်းတာဝန်ပေးအပ်ထားပြီးဖြစ်ပါသည်။

၂။ အဆိုပါကော်မတီ၏ လုပ်ငန်းတာဝန်များအား ကူညီပံ့ပိုးပေးနိုင်ရေးအတွက် ဦးတိုးအောင်အား ကော်မတီဥက္ကဋ္ဌ၏ အကြံပေးပုဂ္ဂိုလ်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) အောင်ဆန်းစုကြည်
နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် ဥရောပသမဂ္ဂသံအမတ်ကြီး H.E. Mr. Kristian Schmidt အား လက်ခံတွေ့ဆုံ



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂ သံအမတ်ကြီး **H.E. Mr. Kristian Schmidt** အား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်

**နေပြည်တော် ဇွန် ၅**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်သည် မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂ သံအမတ်ကြီး H.E. Mr. Kristian Schmidt အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် လွှတ်တော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ပြုပြင်ပြောင်းလဲရေးတွင် ဥရောပသမဂ္ဂမှ အကူအညီပေးနေမှုများ၊ ပြည်တွင်းငြိမ်းချမ်းရေးရရှိရေးအတွက် အကူအညီပေးရေးဆိုင်ရာ ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# တရုတ်-မြန်မာ နှစ်နိုင်ငံနယ်စပ်ကုန်သွယ်ရေး စက်မှုဇုန်တည်ထောင်မည့် ကိစ္စရပ်များဆွေးနွေး

**နေပြည်တော် ဇွန် ၅**

ပြည်သူ့လွှတ်တော်၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးခင်အေးသည် မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးရောက်ရှိနေသော တရုတ်ပြည်သူ့ နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့်၏ (၁၃)ကြိမ်မြောက် စီးပွားရေးဆိုင်ရာ ဆပ်ကော်မတီဥက္ကဋ္ဌနှင့် (၁၃) ကြိမ်မြောက် အမြဲတမ်းကော်မတီအဖွဲ့ဝင် H.E. Mr. Shang Fulin ဦးဆောင်သည့် အဖွဲ့အား ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင် အဆောင်အမှတ် (I-7) အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

**ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး**

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ စီးပွားရေးစနစ် ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် တရုတ်-မြန်မာနှစ်နိုင်ငံ နယ်စပ်ကုန်သွယ်ရေး၊ နယ်စပ်ဒေသ ငွေကြေးဖလှယ်ရန် ဘဏ်စနစ် တည်ထောင်နိုင်ရေးဆိုင်ရာကိစ္စနှင့် CPPCC အနေဖြင့် မြန်မာနိုင်ငံနှင့်ပူးပေါင်း၍ စက်မှုဇုန်တည်ထောင်မည့် ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**ပို့ဆောင်နှုတ်ဆက်**

အဆိုပါ ဧည့်သည်တော်အဖွဲ့သည် ယနေ့ညပိုင်းတွင် နေပြည်တော်မှ ဗန်ကောက်သို့ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားရာ ပြည်သူ့လွှတ်တော်၊ စီးပွားရေးနှင့် ဘဏ္ဍာရေး ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးခင်အေး၊ အတွင်းရေးမှူး ဦးခင်မောင်စိုးနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ လိုက်ပါပို့ဆောင်နှုတ်ဆက်ကြသည်။

**သတင်းစဉ်**

## ဦးစားပေးကဏ္ဍအလိုက် ဖြေရှင်းဆောင်ရွက်သွားမည်

ကျွန်တော်တို့နိုင်ငံဟာ အဘက်ဘက်မှာ လိုအပ်ချက်တွေနဲ့ ဆင်းရဲနွမ်းပါးဆဲ ဖြစ်တာကြောင့် နေရာ၊ ကဏ္ဍအသီးသီးမှာ အများကြီး ဆက်လက်ရုန်းကန် ကြိုးပမ်းကြရဦးမှာဖြစ်ပါတယ်။ နိုင်ငံတကာ မျက်နှာစာမှာလည်း ဖိအားပေးမှုတွေ၊ ဝေဖန်မှုတွေနဲ့ အထင်အမြင်လွဲမှားနေတာတွေလည်း ရင်ဆိုင်နေရပါတယ်။ ကျွန်တော်တို့နိုင်ငံနဲ့ ကျွန်တော်တို့ပြည်သူတွေ ဒီကနေ့ တွေ့ကြုံရင်ဆိုင်နေရတဲ့ စိန်ခေါ်မှုတွေ၊ အခက်အခဲတွေကလည်း မနည်းလှပါဘူး။ အရာရာတိုင်းကို လွယ်လင့်တကူ ဖြေရှင်းနိုင်မှာ မဟုတ်ပေမယ့်လည်း ကျွန်တော့်အနေနဲ့ အစွမ်းကုန်ကြိုးပမ်းအားထုတ်ပြီး ဦးစားပေးကဏ္ဍအလိုက် ဖြေရှင်းဆောင်ရွက်သွားရမှာပဲ ဖြစ်ပါတယ်။

(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၃၀-၃-၂၀၁၈ ရက်နေ့က ပြည်ထောင်စုလွှတ်တော်တွင် ကျင်းပသည့် ကတိသစ္စာပြုပွဲအခမ်းအနား၌ ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

## အောင်မြင်ခြင်းရဲ့ အဓိကအကြောင်းတရား

ဘယ်လိုစီမံကိန်းတွေပဲ ချမှတ်ချမှတ်၊ အကောင်အထည်ဖော်ရာမှာ စုပေါင်းလုပ်ဆောင်ခြင်းကသာ အောင်မြင်ခြင်းရဲ့ အဓိကအကြောင်းတရား ဖြစ်ပါလိမ့်မယ်။ အစုအဖွဲ့ ဂိုဏ်းဂဏစိတ်တွေကို ဖယ်ရှားပြီး၊ နိုင်ငံနဲ့ပြည်သူများ အကျိုးသယ်ပိုးရာမှာ၊ မည်သူကိုမျှ လက်ညှိုးမထိုး၊ မိမိရဲ့စေတနာ၊ ပညာ၊ သတ္တိတွေကိုသာ လူတိုင်းလူတိုင်း အထွတ်အထိပ်ရောက်အောင် ကြိုးစားဆောင်ရွက်မယ်ဆိုရင် ဘယ်လိုကြီးမား၊ ခက်ခဲတဲ့ စိန်ခေါ်မှုပဲဖြစ်ပါစေ၊ ကျော်လွှားနိုင်မယ်လို့ ခိုင်မာစွာ ယုံကြည်ပါတယ်။

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၁-၄-၂၀၁၈ ရက်နေ့က ပြောကြားသည့် နိုင်ငံတော်အစိုးရတာဝန်ထမ်းဆောင်မှု (၂) နှစ်ပြည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဒိန်းမတ်ပါတီများနှင့် ဒီမိုကရေစီဆိုင်ရာ အဖွဲ့အစည်း၏ ဘုတ်အဖွဲ့ဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇွန် ၅**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ဒိန်းမတ်ပါတီများနှင့် ဒီမိုကရေစီဆိုင်ရာ အဖွဲ့အစည်း၏ ဘုတ်အဖွဲ့ဥက္ကဋ္ဌ Mr. Henrik Bach Mortensen အား ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ဒီမိုကရေစီ အသွင်ကူးပြောင်းရေး လုပ်ငန်းစဉ် အောင်မြင်ရေးအတွက် ၎င်းတို့အဖွဲ့အစည်းမှ အပြုသဘော ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်မည့် ကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။ **သတင်းစဉ်**



**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဒိန်းမတ်ပါတီများနှင့် ဒီမိုကရေစီဆိုင်ရာ အဖွဲ့အစည်း၏ ဘုတ်အဖွဲ့ဥက္ကဋ္ဌ Mr. Henrik Bach Mortensen အား လက်ခံတွေ့ဆုံစဉ်။** သတင်းစဉ်

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် Facebook မှ Vice President နှင့် အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇွန် ၅**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် Facebook မှ Vice President ဖြစ်သူ Mr. Simon Milner နှင့် အဖွဲ့အား ယနေ့ ညနေ ၄ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(အောက်ပုံ)**

တွေ့ဆုံစဉ် Facebook အဖွဲ့မှ Community စံနှုန်းများအား အဆင့်မြှင့်တင် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် ချမှတ်ထားသည့်မူဝါဒများ၊ Facebook ပေါ်မှ အကြမ်းဖက်မှုများ၊ အမုန်းစကားပြောဆိုမှုများ၊ ညစ်ညမ်းစွာ ရေးသားပြောဆိုမှုများနှင့် ပတ်သက်၍ ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများ၊ မြန်မာနိုင်ငံတွင် Facebook သုံးစွဲသူများ၏ Account လုံခြုံရေးအတွက် ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများ၊ Content ပိုင်းဆိုင်ရာ ဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားရာ ပြည်ထောင်စုဝန်ကြီးက Facebook သည် မြန်မာနိုင်ငံတွင် လူသုံးအများဆုံး လူမှုကွန်ရက်ဖြစ်သည်နှင့်အညီ တစ်ဦးနှင့်တစ်ဦး ကြမ်းတမ်းရိုင်းပျစွာ ရေးသားပြောဆိုမှုများ၊ အမုန်းစကားရေးသားဖြန့်ဝေမှုများနှင့် လူမျိုးရေး၊ ဘာသာရေးပဋိပက္ခ ဖြစ်ပွားစေနိုင်သည့် လှုံ့ဆော်ရေးသားမှုအပေါ် ထိန်းကျောင်းဆောင်ရွက်ပေးရေးနှင့် ထိုသို့ မြန်မာနိုင်ငံနှင့် ပတ်သက်၍ စောင့်ကြည့်ထိန်းကျောင်းရာတွင် အခြေအနေမှန်များ သိရှိနိုင်စေရေးနှင့် ရေးသားပြောဆိုသည့် အကြောင်းအရာများကို အကောင်း၊အဆိုး မှန်ကန်စွာ ခွဲခြားဆောင်ရွက်နိုင်စေရေး မြန်မာစကား တတ်ကျွမ်းသူများကို ခန့်ထား၍ ပြည်တွင်း၌ ရုံးခန်းဖွင့်လှစ်ဆောင်ရွက်ပေးနိုင်ရေးတို့ကို ပြန်လည်အကြံပြုဆွေးနွေးသည်။



တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးအောင်လှထွန်းနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း**

၁။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် စက်မှုဝန်ကြီးဌာန၊ အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာစိုးနိုင် ကို စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၂။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ လူမှုဖူလုံရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်အေး ကို အစမ်းခန့်ကာလ(၁)နှစ်ပြည့်မြောက်သည့် နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇွန် ၅**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ကမ်းရိုးတန်းဒေသများတွင် မိုးပိုလာမည်။

**မိုး/ဇလ**





နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၂၀၁၈ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ သတင်းစဉ်

❐ *ရှေ့ဖုံးမှ*

ထိန်းသိမ်းရေးနေ့သည် မိမိတို့ပတ်ဝန်းကျင်ကို ကာကွယ်နိုင်ရန်အတွက် ကမ္ဘာလုံးဆိုင်ရာ အသိပညာပေးရေး ဆောင်ရွက်ချက်များကို အားပေးနေသည့် ကမ္ဘာ့ကုလသမဂ္ဂ၏ အရေးပါသောနေ့ရက်တစ်ရက် ဖြစ်ပါကြောင်း၊

**အလေးထားဖြေရှင်း**

ယနေ့အချိန်အခါသည် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နေရာအနှံ့အပြားတွင် ဂေဟစနစ်များ ပျက်စီးခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများ လျော့နည်းလာခြင်း၊ ရေအရင်းအမြစ်များ ရှားပါးလာခြင်း၊ လေထုနှင့် ရေထုညစ်ညမ်းမှုများ ဖြစ်ပေါ်လာခြင်း စသည့်ပတ်ဝန်းကျင် ယိုယွင်းပျက်စီးမှုပြဿနာများကို ရင်ဆိုင်ကြုံတွေ့နေကြရပါကြောင်း၊ ပလတ်စတစ် စွန့်ပစ်ပစ္စည်းများကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုကလည်း တစ်ခုအပါအဝင်ဖြစ်လာပြီး မိမိတို့၏ကမ္ဘာကြီးပေါ်တွင် အလေးထားဖြေရှင်းဆောင်ရွက်ရမည့် ကိစ္စရပ်တစ်ခု ဖြစ်လာပါကြောင်း။

**ပလတ်စတစ်ပမာဏ**
**တန်ချိန် ၈ သန်းခန့်ရှိ**

ကုလသမဂ္ဂပတ်ဝန်းကျင် အစီအစဉ်၏ လေ့လာဆန်းစစ် တွေ့ရှိမှုများအရ စွန့်ပစ်ပစ္စည်းအားလုံး၏ ၁၀ ရာခိုင်နှုန်းသည် ပလတ်စတစ်များဖြစ်ပြီး ပင်လယ်၊ သမုဒ္ဒရာများအတွင်းသို့ နှစ်စဉ်ရောက်ရှိသွားသည့် ပလတ်စတစ်ပမာဏသည် အနည်းဆုံးတန်ချိန် ၈ သန်းခန့် ရှိပါကြောင်း။

ယင်းအခြေအနေများကြောင့် ယခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ ဆောင်ပုဒ်အဖြစ် **“ပလတ်စတစ် ညစ်ညမ်းမှုကို တိုက်ဖျက်ကြစို့”** “Beat Plastic Pollution” ဟု သတ်မှတ်ထားပါကြောင်း၊ ဆောင်ပုဒ်၏ ရည်ရွယ်ချက်မှာ တစ်ခါသုံးပလတ်စတစ် ပစ္စည်းများ ထုတ်လုပ်သုံးစွဲမှုကို လျှော့ချရန်၊ ရေရှည်စဉ်ဆက်မပြတ် ထိန်းသိမ်းတည်တံ့စေမည့် အခြားနည်းလမ်းများကို အချင်းချင်းမျှဝေပြီး အတူတကွပူးပေါင်းရှာဖွေဖော်ထုတ် ဆောင်ရွက်ကြရန် တိုက်တွန်းထားခြင်းဖြစ်ပါကြောင်း။

**စနစ်တကျစီမံဆောင်ရွက်**

မိမိတို့ နိုင်ငံအနေဖြင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုကို နိုင်ငံတကာတွင် အောင်မြင်နေသည့် နည်းပညာ၊ အရင်းအမြစ်များအပေါ် အခြေခံပြီး စနစ်တကျစီမံဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများကိုလည်း ပြန်လည်ပြင်ဆင်ရေးဆွဲကြရမည် ဖြစ်ပါကြောင်း။





**ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် Mr. Antonio Guterres ၏ သဝဏ်လွှာကို ကုလသမဂ္ဂဌာနေကိုယ်စားလှယ်နှင့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ခေတ္တညှိနှိုင်းရေးမှူး Ms. Janet Jackson က ဖတ်ကြားစဉ်။**
သတင်းစဉ်

တစ်ခါသုံးပလတ်စတစ်အသုံးပြုမှု လျှော့ချရေး၊ ပြန်လည်ပြုပြင်သုံးစွဲနိုင်သည့် ပစ္စည်းများကို ပိုမိုသုံးစွဲရေးကို တိုက်တွန်းအားပေးရန်နှင့် စည်းကမ်းမဲ့အမှိုက်စွန့်ပစ်ခြင်းကို တားမြစ်နိုင်ရန်တို့အတွက် လိုအပ်သည့်မူဝါဒများကို ပြောင်းလဲချမှတ် ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း။

စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုနှင့်ပတ်သက်ပြီး မြန်မာနိုင်ငံတွင် စိမ်းလန်းသန့်ရှင်းပြီး ကောင်းမွန်မျှတသည့် ပတ်ဝန်းကျင်ဖြစ်လာအောင် ဖော်ဆောင်သွားနိုင်ရန်အတွက် မျှော်မှန်းပြီး အမျိုးသားအဆင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု မဟာဗျူဟာနှင့် လုပ်ငန်းအစီအစဉ် (၂၀၁၇-၂၀၃၀)ကို ရေးဆွဲထားပြီး ဖြစ်ပါကြောင်း၊ ယင်းမဟာဗျူဟာနှင့် လုပ်ငန်းအစီအစဉ်အရ 3 R Actions ဟုခေါ်သည့် ထွက်ရှိမှုလျှော့ချခြင်း(Reduce)၊ ပြန်လည်သုံးစွဲခြင်း (Reuse)၊ ပြန်လည်ပြုပြင်သုံးစွဲခြင်း(Recycle)နည်းစဉ်များဖြင့် ဆောင်ရွက်ရန် အမျိုးသားအဆင့်၊ မြို့တော်အဆင့်၊ မြို့နယ်အဆင့် အဆင့်ဆင့် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း။

**မြို့ရွာနှင့်လျော်ညီအောင်ရေးဆွဲ**

ယခုအခါ မန္တလေးမြို့တော်တွင် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုကို စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိနေပြီဖြစ်ပါကြောင်း၊ အခြားမြို့ကြီး၊ မြို့နယ်များတွင်လည်း စွန့်ပစ်ပစ္စည်းဆိုင်ရာ အစီအမံများ မိမိတို့ဒေသ၊ မြို့ရွာနှင့် လျော်ညီအောင် ရေးဆွဲအကောင်အထည်ဖော်ကြရန် တိုက်တွန်းလိုပါကြောင်း။

ဖွံ့ဖြိုးဆဲ၊ ဖွံ့ဖြိုးပြီးနိုင်ငံ အများစုကဲ့သို့ပင် မြန်မာနိုင်ငံအနေဖြင့်လည်း စွန့်ပစ်ပစ္စည်းများမှ လူသုံးကုန်ပစ္စည်းများ ပြန်လည်ထုတ်လုပ်သုံးစွဲနိုင်မည့် နည်းလမ်းများကိုလည်း စဉ်းစားဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။

**ပလတ်စတစ်သုံးစွဲမှုလျှော့ချ**

မြန်မာနိုင်ငံအနေဖြင့် သောက်ရေကို မြေအိုးထဲ ထည့်သုံးခြင်း၊ ဈေးဝယ်ရာတွင် ကြိမ်ခြင်းကို အသုံးပြုခြင်းနှင့် ဖက်ရွက်များကို အသုံးပြုထုပ်ပိုးခြင်း၊ မြန်မာ့လက်မှုပညာဖြင့် ပြုလုပ်ထားသည့် ကြိမ်ကုလားထိုင်၊ ဝါးကုလားထိုင် စသည့် အသုံးအဆောင်ပစ္စည်းများကို အသုံးပြုခြင်း စသည့်ဓလေ့ထုံးစံ၊ အလေ့အကျင့်ကောင်းများကို ဆက်လက်ကျင့်သုံးခြင်းသည် ပလတ်စတစ်သုံးစွဲမှု လျှော့ချခြင်းလုပ်ငန်းများကို များစွာအထောက်အကူဖြစ်စေမည် ဖြစ်ပါကြောင်း။

ပလတ်စတစ် စွန့်ပစ်ပစ္စည်းများအပါအဝင် စွန့်ပစ်ပစ္စည်းများကို လျှော့ချရန်၊ တတ်နိုင်သမျှ ပြန်လည်ပြုပြင်သုံးစွဲနိုင်ရန်နှင့် စွန့်ပစ်ပစ္စည်းများကို ပြန်လည်ပြုပြင် ထုတ်လုပ်နိုင်ရန်အတွက် ပြည်တွင်းရှိ အသေးစား၊ အလတ်စားလုပ်ငန်းများကိုလည်း အားပေးဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

သက်ဆိုင်ရာအစိုးရဌာနများ၊ အဖွဲ့အစည်းအားလုံး အတူတကွပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

**နိုင်ငံတကာနှင့်ပူးပေါင်း**

ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့်စပ်လျဉ်း၍ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကွန်ဗင်းရှင်း၊ ကမ္ဘာ့ရာသီဥတု ပြောင်းလဲမှုဆိုင်ရာ ပါရီသဘောတူညီချက်၊ ကုလသမဂ္ဂ ဇီဝမျိုးစုံမျိုးကွဲ ကွန်ဗင်းရှင်း၊ ဘာဆယ်ကွန်ဗင်းရှင်း၊ စတော့ဟုမ်းကွန်ဗင်းရှင်း စသည့် အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်များတွင် လက်မှတ်ရေးထိုးပြီး ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုကိုလည်း ယခုထက်မက တိုးမြှင့်ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း။

*စာမျက်နှာ ၅ သို့*





နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၂၀၁၈ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် ပိုစတာပြိုင်ပွဲတွင် ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုများ ချီးမြှင့်စဉ်။ သတင်းစဉ်





ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း ၂၀၁၈ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် ကာတွန်းပြိုင်ပွဲတွင် ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆု ချီးမြှင့်စဉ်။
သတင်းစဉ်

**“ပလတ်စတစ် စွန့်ပစ်ပစ္စည်းများ အပါအဝင် စွန့်ပစ်ပစ္စည်းများကို လျှော့ချရန်၊ တတ်နိုင်သမျှ ပြန်လည်ပြုပြင်သုံးစွဲနိုင်ရန်နှင့် စွန့်ပစ်ပစ္စည်းများကို ပြန်လည်ပြုပြင် ထုတ်လုပ်နိုင်ရန်အတွက် ပြည်တွင်းရှိ အသေးစား၊ အလတ်စားလုပ်ငန်းများကိုလည်း အားပေးဆောင်ရွက်သွားကြရမည်ဖြစ်”**




နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် ပိုစတာပြိုင်ပွဲနှင့် ကာတွန်းပြိုင်ပွဲတွင် ဆုရရှိကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

**စာမျက်နှာ ၄ မှ**

နိုင်ငံသူ နိုင်ငံသား အားလုံး အနေဖြင့် တစ်ဦးချင်း တာဝန်သိစိတ်များဖြင့် ပလတ်စတစ် စွန့်ပစ်ပစ္စည်းများကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုများ မဖြစ်လာအောင် ဝိုင်းဝန်းထမ်းရွက်ပေးရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။ (နိုင်ငံတော်သမ္မတ ပြောကြားသည့် မိန့်ခွန်းအပြည့်အစုံကို နိုင်ငံတော်သမ္မတရုံး Website နှင့် Myanmar President Office Facebook Page တို့တွင် ဖော်ပြထားရှိသည်)

ထို့နောက် ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ် Mr. Antonio Guterres ၏ သဝဏ်လွှာကို ကုလသမဂ္ဂဌာနေကိုယ်စားလှယ်နှင့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ခေတ္တ ညှိနှိုင်းရေးမှူး Ms. Janet Jackson က ဖတ်ကြားသည်။

ယင်းနောက် ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ်နှင့် ကုလသမဂ္ဂပတ်ဝန်းကျင် အစီအစဉ် (UN-Environment) အမှုဆောင် ညွှန်ကြားရေးမှူး Mr.Erik Solheim တို့က ၂၀၁၈ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ ဗီဒီယိုဖိုင်တို့ကို ပြသသည်။

ထို့နောက် နိုင်ငံတော်သမ္မတက ၂၀၁၈ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် ပိုစတာပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆု ရရှိကြသူများကို ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်သည်။

**ဂုဏ်ပြုဆုများ ချီးမြှင့်**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက ၂၀၁၈ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် ကာတွန်းပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆု ရရှိကြသူများအား ဂုဏ်ပြုဆုများကို ချီးမြှင့်ပေးအပ်သည်။ ယင်းနောက် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေး ဗီဒီယိုမှတ်တမ်းကို ပြသသည်။

**စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်**

ထို့နောက် နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် ပိုစတာပြိုင်ပွဲနှင့် ကာတွန်းပြိုင်ပွဲတွင် ဆုရရှိကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် ပြခန်းများအား လှည့်လည်ကြည့်ရှုကြသည်။

**သတင်းစဉ်**



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် တရုတ်ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့်၏ (၁၃)ကြိမ်မြောက် စီးပွားရေးဆပ်ကော်မတီဥက္ကဋ္ဌနှင့် (၁၃) ကြိမ်မြောက် အမြဲတမ်းကော်မတီအဖွဲ့ဝင် H. E. Mr. Shang Fulin အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ သတင်းစဉ်

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် တရုတ်ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့်၏ (၁၃) ကြိမ်မြောက် စီးပွားရေးဆပ်ကော်မတီဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇွန် ၅**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်သည် တရုတ်ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့်၏ (၁၃) ကြိမ်မြောက် စီးပွားရေးဆပ်ကော်မတီဥက္ကဋ္ဌနှင့် (၁၃) ကြိမ်မြောက် အမြဲတမ်းကော်မတီအဖွဲ့ဝင် H. E. Mr. Shang Fulin ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် တရုတ်-မြန်မာ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်နိုင်ရေးအတွက် ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးမှ ဘက်စုံမဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးသို့ တိုးမြှင့်ဆောင်ရွက်သွားနိုင်ရေး၊ နှစ်နိုင်ငံ အကျိုးစီးပွားဖြစ်ထွန်းရေးအတွက် စီးပွားရေးကဏ္ဍဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုဇုန်များ အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ရေးနှင့် နှစ်နိုင်ငံအစိုးရအချင်းချင်း၊ လွှတ်တော်အချင်းချင်း၊ ပြည်သူအချင်းချင်း အပြန်အလှန် ပေါင်းကူးဆက်သွယ် ဆောင်ရွက်သွားနိုင်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့သည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်၊ ပြည်သူ့လွှတ်တော်၊ ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းသိန်းဇော်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# ပလတ်စတစ် ညစ်ညမ်းမှုကို တိုက်ဖျက်ကြစို့ ( Beat Plastic Pollution)

ယနေ့ ကမ္ဘာပေါ်တွင် နှစ်စဉ် ပလတ်စတစ်တန်ချိန် သန်း ၅၀၀ မှ တန်ချိန်သန်းပေါင်းတစ်သန်း (၁ ထရီလီယံ)ထိ သုံးစွဲလျက်ရှိပြီး မိနစ်တိုင်းတွင် ပလတ်စတစ်အိတ်ပေါင်း ၁ သန်းနီးပါး စွန့်ပစ်နေကြကြောင်း၊ ယင်းပလတ်စတစ်အိတ်များထဲတွင် အများဆုံးပါဝင်သည့် ကြွပ်ကြွပ်အိတ်များကို မီးရှို့ဖျက်ဆီးလျှင် အီသိုင်လင်းအောက်ဆိုဒ်နှင့် ဒိုင်အောက်စင် စသည့် လူများကို အန္တရာယ်ဖြစ်စေသည့် ဓာတ်ငွေ့များ ထွက်ရှိနိုင်သည့်အတွက် လေထုညစ်ညမ်းမှုဖြစ်စေသည့်အပြင် ယင်းအငွေ့များကို ရှူရှိုက်မိသည့် လူ၏သွေးနှင့် ဆီးထဲကို ရောက်ရှိပြီး ကင်ဆာရောဂါဖြစ်စေနိုင်ကြောင်း၊ ထို့အပြင် ကြွပ်ကြွပ်အိတ်များတွင် ခဲဓာတ်နှင့် အဆိပ်ဓာတ်များပါဝင်သည့် ဓာတုပစ္စည်းများနှင့် အရောင်ဆိုးဆေးများကြောင့် ပူလောင်သည့် စားစရာများကို ကြွပ်ကြွပ်အိတ်တွင်ထည့်လျှင် ကြွပ်ကြွပ်အိတ်တွင်ပါသည့် အဆိပ်ဓာတ်များက အစားအစာများထဲသို့ ရောက်ရှိသွားပြီး စားမိလျှင် လူကိုများစွာအန္တရာယ်ဖြစ်စေကြောင်း သိရှိရသည်။

# ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် စုပေါင်းသစ်ပင်စိုက်ပျိုး

**ပြည် ဇွန် ၅**

၂၀၁၈ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်နေ့ အထိမ်းအမှတ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကို ပဲခူးတိုင်းဒေသကြီး ပြည်မြို့ ဘုရင့်နောင်လမ်းမကြီးဘေးရှိ အောင်တော်မူ ဘုန်းကြီးကျောင်းဝင်းအတွင်း၌ ဇွန် ၅ ရက် နံနက်က ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးညဏ်ဇော်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်ကျော်နှင့် ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ပညာရေးဌာနမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၅၀၀ ခန့်က မြို့နယ်သစ်တောဦးစီးဌာနမှ ကျွန်း၊ ယူကလစ်၊ မဲဇလီ၊ ရေတမာနှင့် အော်ရီးရှားအပါအဝင် သစ်ပင်စုစုပေါင်း ၁၃၅၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြသည်။ **ခရိုင်(ပြန်/ဆက်)**

# တို့ပတ်ဝန်းကျင် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ဖို့ ပလတ်စတစ်ညစ်ညမ်းမှု လျှော့ချကြပါစို့

ဒေါ်ကံတာဝင်းဝင်းမာ

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့( World Environment Day)သည် လူသားအားလုံး သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေး၏ အရေးပါမှုကို ပိုမိုသိမြင်၍ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်သည့် အနေဖြင့် နှစ်စဉ် ဇွန်လ ၅ ရက်နေ့တွင် ကမ္ဘာတစ်ဝန်းစည်ကားသိုက်မြိုက်စွာ ကျင်းပသော အခမ်းအနားဖြစ်ပါသည်။ ကျွန်ုပ်တို့ မှီတင်းနေထိုင်သော ကမ္ဘာကြီးသည် နှစ်သန်းပေါင်း လေးထောင့်ငါးရာကျော် သက်တမ်းရှိပြီး ၂၀၁၈ ခုနှစ် မတ်လ စစ်တမ်းအရ ကမ္ဘာ့လူဦးရေမှာ ခန့်မှန်းခြေသန်းပေါင်း ခုနစ်ထောင့်ခြောက်ရာခန့်ရှိပြီဖြစ်ပါသည်။ ကမ္ဘာ့လူဦးရေ တိုးပွားလာသည်နှင့်အမျှ လူသားတို့၏ လုပ်ဆောင်ချက်များကြောင့် ကမ္ဘာ့ပတ်ဝန်းကျင်ညစ်ညမ်းမှုများ ပိုမိုဖြစ်ပွားလာသည်မှာ လူသားတိုင်းအလေးထားရမည့် စိန်ခေါ်မှုတစ်ရပ်ဖြစ်ပါသည်။ ယင်းပတ်ဝန်းကျင် ညစ်ညမ်းမှုပြဿနာများကို ဖြေရှင်းရာတွင်လိုအပ်သော ပံ့ပိုးမှုများပေးရန်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိစိတ်ဓာတ်များ တိုးမြှင့်စေရန် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့မှ တိုက်တွန်းနှိုးဆော်ပေးလျက်ရှိပါသည်။

**ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အဖြစ် သတ်မှတ်ခဲ့**

နောက်ခံသမိုင်းကြောင်းကိုကြည့်လျှင် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့သည် ၁၉၇၂ ခုနှစ် ဇွန်လ ၅ ရက်မှ ၁၆ ရက်အထိ ကျင်းပသော United Nations Stockholm Conference on Human Environment မှ စတင်ခဲ့ပါသည်။ ကုလသမဂ္ဂအထွေထွေညီလာခံမှ အဆိုပါ စတော့ဟုမ်း ကွန်ဖရင့်၏ ဖွင့်ပွဲနေ့ဖြစ်သော ဇွန်လ ၅ ရက်နေ့ကို ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်ပါသည်။ ထို့အတူ ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ် ( United Nations Environmental Program, UNEP) သည်လည်း တစ်ပြိုင်တည်း ပေါ်ပေါက်လာခဲ့ပါသည်။

ပထမအကြိမ် တစ်ကမ္ဘာလုံးဆိုင်ရာ ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ကို အမေရိကန်ပြည်ထောင်စု စပိုကန်း (Spokane) မြို့၌ ၁၉၇၄ ခုနှစ်တွင် “ Only One Earth” ဆောင်ပုဒ်ဖြင့် စတင် ကျင်းပခဲ့ပါသည်။ ယနေ့အခါတွင် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့သည် ကမ္ဘာပေါ်ရှိ နိုင်ငံပေါင်း ၁၉၇ နိုင်ငံကျော်မှ အစိုးရများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ အနုပညာရှင်များ အပါအဝင် နာမည်ကျော်ပုဂ္ဂိုလ်များ ပါဝင်ဆင်နွှဲကြသည့် ဆက်သွယ်ရေးပေါင်းကူးတံတားသဖွယ် ဖြစ်လာပါသည်။ မြန်မာနိုင်ငံသည် နိုင်ငံတော်အဆင့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ကို ၁၉၉၄ ခုနှစ်မှစ၍ ကျင်းပခဲ့ပါသည်။

**ပလတ်စတစ်ကြောင့် ညစ်ညမ်း**

နှစ်စဉ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ကို ဆောင်ပုဒ်တစ်ခုသတ်မှတ်ပြီး ကမ္ဘာ့မြို့ကြီး တစ်မြို့မှ အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိပါသည်။ ၂၀၁၇ ခုနှစ်အတွက် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ဆောင်ပုဒ်မှာ “Connecting People to Nature” ဖြစ်ပြီး ကနေဒါနိုင်ငံ အော့တဝါမြို့တွင် ကျင်းပခဲ့ပါသည်။ ၂၀၁၈ ခုနှစ်အတွက် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ကို အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်သည်။ အိန္ဒိယသည် ၂၀၁၁ ခုနှစ်တွင် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ကို တစ်ကြိမ်ကျင်းပခဲ့ပြီးဖြစ်ပါသည်။ ကုလသမဂ္ဂ ပတ်ဝန်းကျင်အစီအစဉ် (UNEP) မှ ၂၀၁၈ ခုနှစ်အတွက် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ ဆောင်ပုဒ်ကို “Beat Plastic Pollution” ဟုသတ်မှတ်ပေးထားပြီး ကမ္ဘာတစ်ဝန်း ပလတ်စတစ်ကြောင့် ညစ်ညမ်းမှုကို လျှော့ချရန်ရည်ရွယ်ပါသည်။

**စွန့်ပစ်ပစ္စည်းများ ထွက်ရှိမှု**

ကုန်းနေ၊ ရေနေသက်ရှိများကို ပျက်စီးစေသော လူသားတို့၏ကျန်းမာရေးကို ခြိမ်းခြောက်လျက်ရှိသော တစ်ခါသုံး ပလတ်စတစ်ထုတ်လုပ်ခြင်းနှင့် အလွန်အကျွံသုံးစွဲခြင်းတို့ကို လျင်မြန်စွာ လျှော့ချရန်နှင့် ရေရှည်အကျိုးဖြစ်ထွန်းစေသော အခြားနည်းလမ်းများကို ရှာဖွေရာတွင် တစ်ဦးတစ်ယောက်ချင်းစီ၊ အဖွဲ့အစည်းများ၊ စက်မှုလုပ်ငန်းရှင်များနှင့် သက်ဆိုင်ရာ နိုင်ငံ အစိုးရများကို တိုက်တွန်းအားပေးရန် ရည်ရွယ်ပါသည်။ ယင်းကဲ့သို့ လုပ်ဆောင်ချက်များသည် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု ပန်းတိုင် SDG 14.1 နှင့် SDG 12.4 တို့ကို



**“ လူသားများ၏ လုပ်ဆောင်ချက်များကြောင့် ဖြစ်ပေါ်လာသော ပလတ်စတစ်စွန့်ပစ်ပစ္စည်းများနှင့် အမျိုးမျိုးသော စွန့်ပစ်ပစ္စည်းများသည် ရေ မြေ အရည်အသွေးများကို ခြိမ်းခြောက်မှုများဖြစ်စေပြီး လူသားထုတစ်ရပ်လုံးအတွက် ကျန်းမာရေးဆိုင်ရာပြဿနာများဆီသို့ ဦးတည်နေပါသည်၊ ထို့ကြောင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ခြင်းသည်။ အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် လူတိုင်းထမ်းဆောင်ကြရမည်ဖြစ် ”**

အကောင်အထည်ဖော်ရာတွင် တိုးတက်မှုကို အထောက်အကူပြုမည်ဖြစ်ပါသည်။ SDG 14.1 မှာ ရေထုညစ်ညမ်းမှုအမျိုးအစားအားလုံးကို သိသာစွာ လျှော့ချရန်ဖြစ်ပြီး SDG 12.4 မှာ စွန့်ပစ်ပစ္စည်းများ ထွက်ရှိမှု လျှော့ချရန်နှင့် စဉ်ဆက်မပြတ် လျှော့ချမှု အလေ့အကျင့်များကို တိုက်တွန်းအားပေးရန် ဖြစ်ပါသည်။

ကမ္ဘာတစ်ဝန်း စွန့်ပစ်ပစ္စည်းထွက်ရှိမှု၏ ၁၀ ရာခိုင်နှုန်းသည် ပလတ်စတစ်မှဖြစ်ပါသည်။ ပလတ်စတစ် စွန့်ပစ်ပစ္စည်းအားလုံး၏ သုံးပုံတစ်ပုံသည် ကျွန်ုပ်တို့ ကမ္ဘာကြီးနှင့် ရေကန်၊ မြစ်၊ ချောင်း၊ သမုဒ္ဒရာတို့တွင် အဆုံးသတ်ကြသည်။ နေ့စဉ်သုံးစွဲနေသောပလတ်စတစ်၏ ၅၀ ရာခိုင်နှုန်းသည် တစ်ခါသုံးများဖြစ်ကြပြီး အများအားဖြင့် ရေသန့်ဘူးများနှင့် ကြွပ်ကြွပ်အိတ်များ ပါဝင်သည်။ ကျွန်ုပ်တို့သည် တစ်မိနစ်တိုင်းမှာ ပလတ်စတစ်ဘူး တစ်သန်းဝယ်ယူသုံးစွဲနေပါသည်။ လေ့လာမှုများအရ ကမ္ဘာတစ်ဝန်းကြွပ်ကြွပ်အိတ် သန်းထောင်ပေါင်း ၅၀၀ ကျော် နှစ်စဉ်ထွက်ရှိပြီး အနည်းဆုံးတန်ချိန်ရှစ်သန်းသည် ပင်လယ်သမုဒ္ဒရာများတွင် ရောက်ရှိနေကြောင်း သိရှိရပါသည်။ အဆိုပါပမာဏသည် တစ်မိနစ်လျှင် အမှိုက်ကားတစ်စီးစာထွက်ရှိနေသည်နှင့်ညီမျှပြီး မြေဆီလွှာ၊ ပင်လယ်ကမ်းခြေများနှင့်သမုဒ္ဒရာများကို ဖျက်ဆီးနေသည်။

**မိုက်ခရိုပလတ်စတစ်၏ ဆိုးကျိုးများ**

ပင်လယ်ကမ်းခြေများတွင် ပလတ်စတစ်များသည် ပတ်ဝန်းကျင် ရာသီဥတုအခြေအနေကြောင့် ပြင်ပမျက်နှာပြင် ကြွပ်ဆတ်မာကျောလာပြီး အချင်း ၅ မီလီမီတာထက်သေးသော အရွယ်အစားရှိ မိုက်ခရိုပလတ်စတစ် အပိုင်းအစလေးများနှင့် ထိုမှတစ်ဆင့် အချင်း ၀ ဒသမ ၁ မိုက်ခရိုမီတာထက်သေးငယ်သော နာနိုပလတ်စတစ် အမှုန်လေးများအဖြစ် ပြိုကွဲပျက်စီးပြီး လှိုင်းဖြင့် သယ်ဆောင်ခြင်း (သို့မဟုတ်) လေတိုက်ခတ်မှုကြောင့် အဆိုပါအမှုန်များ ရေထဲသို့ ပျံ့နှံ့သွားကြသည်။ ၁၉၄၀ ပြည့်နှစ်နောက်ပိုင်းမှစ၍ ပလတ်စတစ်အမြောက်အမြား ထုတ်လုပ်မှုကြောင့် ရေထုပတ်ဝန်းကျင်တွင် မိုက်ခရိုပလတ်စတစ်ညစ်ညမ်းမှုသည် ပိုမိုကြီးမားသော ပြဿနာတစ်ရပ်ဖြစ်လာပါသည်။ ရေထုထဲတွင်ရှိနေသော မိုက်ခရိုနှင့် နာနိုပလတ်စတစ် အမှုန်လေးများသည် POP ( Persistent Organic Pollutants) ခေါ် ပျက်စီးရန် အလွန်ခက်ခဲသော အော်ဂဲနစ်ညစ်ညမ်းစေသော ပစ္စည်းများကို စုပ်ယူခြင်းပြုကြပါသည်။ ယင်း POP ပါသော ပလတ်စတစ်အမှုန်များကို ရေနေသတ္တဝါများက အစားအစာဟု ထင်မှတ်စားသောက်ကြခြင်းဖြင့် သမုဒ္ဒရာ၏ အစာကွင်းဆက်တွင် မိုက်ခရိုပလတ်စတစ်၏ ဆိုးကျိုးများကို တွေ့ကြုံခံစား နေကြရပါသည်။

နေ့စဉ်သုံးစွဲနေသော ပလတ်စတစ်ပမာဏ၏ အနည်းငယ်သာလျှင် Recycle ပြုလုပ်ခြင်း သို့မဟုတ် အမှိုက်မှ စွမ်းအင် (Waste to Energy) အဖြစ် ပြောင်းလဲအသုံးပြုကြပြီး အများစုမှာ မြေဖို့ခြင်းပြုလုပ်ကြသည်။ မြေဖို့ခြင်း၊ စုပုံခြင်းသည် ပလတ်စတစ်များအား အချိန်ကြာလာသောအခါ ရာသီဥတုဒဏ်ကြောင့် မိုက်ခရိုပလတ်စတစ်အမှုန်များ အဖြစ် ပြိုကွဲကြပြီး ရေထုနှင့် မြေဆီလွှာအတွင်းသို့ အဆိပ်ရှိ ဓာတုပစ္စည်းများကို စိမ့်ဝင်လာစေသည်။ မြေဆီလွှာ၊ နှုန်းအနည်အနှစ်နှင့် ရေချိုအတွင်း အဆိုပါမိုက်ခရိုပလတ်စတစ် ညစ်ညမ်းမှုသည် ဂေဟစနစ်ကို ရေရှည်ဆိုးကျိုး သက်ရောက်စေသည်။ မိလ္လာကန်စွန့်ပစ်အနည်ဖတ်များကို မြေသြဇာအဖြစ် စွန့်ပစ်ခြင်းသည်လည်း မြေဆီလွှာအရည်အသွေးနှင့် လုပ်ဆောင်ချက်များကို ပြောင်းလဲစေသည်။

**ပလတ်စတစ်အမျိုးအစားများကို ပိတ်ပင်**

ပလတ်စတစ်ညစ်ညမ်းမှု လျှော့ချရေးကို ကမ္ဘာနှင့်အဝန်း လုပ်ဆောင်နေသော နိုင်ငံများအနက် နမူနာအနေဖြင့် လေ့လာတင်ပြရလျှင် အင်္ဂလန်နိုင်ငံသည် အဆင့်ငါးဆင့်ဖြင့် စတင်လျက်ရှိပါသည်။ ဘာကင်ဟမ်နန်းတော် ပရိဝုဏ်အတွင်း တစ်ခါသုံးပလတ်စတစ်သုံးစွဲမှု ပိတ်ပင်ခြင်း၊ စားသောက်ဆိုင်များနှင့် ဘီယာဆိုင်များတွင် ဖျော်ရည်သောက်သည့် ပလတ်စတစ်ပိုက်တံလေးများ (Straws) သုံးစွဲမှု ပိတ်ပင်ပြီး Biodegradable Straw များ အစားထိုးသုံးစွဲရန် တိုက်တွန်းအားပေးခြင်း၊ စကော့တလန်တွင် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဖျော်ရည်သောက်သည့် ပလတ်စတစ်ပိုက်တံလေးများ ( Straws) သုံးစွဲမှုတားမြစ်ခြင်း၊ အလှကုန်၊ ဆပ်ပြာနှင့် သွားတိုက်ဆေးထုတ်လုပ်ရာတွင် အသုံးပြုသည့် Microbeads သုံးစွဲမှု ပိတ်ပင်ခြင်းနှင့် အဆင့်မြင့်ကုန်တိုက်များတွင် ထုပ်ပိုးပစ္စည်းများအဖြစ် ပလတ်စတစ်အိတ်များ အသုံးမပြုတော့ခြင်းတို့ ပါဝင်သည်။ အစ္စရေးနိုင်ငံတွင်လည်း အဆင့်မြင့် ကုန်တိုက်များတွင် ဈေးဝယ်သူများကို ပလတ်စတစ်အိတ်တစ်လုံးလျှင် အနည်းဆုံး ၀ ဒသမ ၀၃ ဒေါ်လာဖြင့် ရောင်းချပြီး ငွေရှင်းပြေစာတွင် ပလတ်စတစ်အိတ်တန်ဖိုးကိုပါ ထည့်သွင်းဖော်ပြစေသည့် စနစ်ကို ဥပဒေချမှတ်ဆောင်ရွက်ခဲ့ရာ တစ်နှစ်အတွင်း ပလတ်စတစ်အိတ်သုံးစွဲမှု ၈၀ ရာခိုင်နှုန်းအထိ လျှော့ချနိုင်ခဲ့ပါသည်။ ပလတ်စတစ်အိတ်များ ရောင်းချရမှုမှရရှိသည့် ငွေကြေးကို လေထုညစ်ညမ်းမှု လျှော့ချသည့် အစီအစဉ်တွင် အသုံးပြုပါသည်။ အိန္ဒိယနိုင်ငံသည်လည်း တစ်ခါသုံး ပလတ်စတစ်အပါအဝင် မပျက်စီးလွယ်သော ပလတ်စတစ်အမျိုးအစားများကို ပိတ်ပင်ခြင်း အစီအစဉ်ကို အကောင်အထည်ဖော်လျက်ရှိပါသည်။

**အမျိုးသားရေးတာဝန်တစ်ရပ်**

မြန်မာနိုင်ငံတွင် ၂၀၀၉ ခုနှစ်မှစ၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ High Density Poly Ethylene (HDPE) ပလတ်စတစ်အိတ်များကို ထုတ်လုပ်၊ တင်သွင်း ဖြန့်ဖြူးခြင်းကို တရားဝင်ပိတ်ပင်ခဲ့ပါသည်။ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီသည်လည်း PolyEthylene (PE) ပလတ်စတစ်အိတ်များသုံးစွဲခြင်း ပိတ်ပင်မှုကို ဆောင်ရွက်နိုင်ခဲ့ပါသည်။ သို့သော်လည်း ပြည်သူလူထုကိုရေရှည်စည်းကမ်းလိုက်နာစေရန် ဥပဒေအရ တွန်းအားပေးခြင်း အားနည်းမှုများကြောင့် ပလတ်စတစ်သုံးစွဲမှုမှာ ပြန်လည်ခေတ်စားလာခဲ့ပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံတွင် ပလတ်စတစ်နှင့် အခြားစွန့်ပစ်ပစ္စည်းများကြောင့် ယိုယွင်းလာသော ပတ်ဝန်းကျင်ကို ပြန်လည်ထိန်းသိမ်းရန် ပြည်သူများ၏ အသိစိတ်မြှင့်တင်မှု ကနဦးဆောင်ရွက်ချက်များကို NGO အဖွဲ့အစည်းတစ်ခုဖြစ်သည့် သန့် မြန်မာအဖွဲ့မှတက်ကြွစွာ လုပ်ဆောင်လျက်ရှိပါသည်။ ပလတ်စတစ်ညစ်ညမ်းမှုနှင့် ပတ် ဝန်းကျင်ထိန်းသိမ်းရေးအပေါ် ပြည်သူများပို၍ သတိပြုမိစေရန်၊ ပတ်ဝန်းကျင်ညစ်ညမ်းမှုလျှော့ချရေးနှင့် ကာကွယ်ရေးလုပ်ငန်းများတွင် ပြည်သူများ ပို၍ပူးပေါင်းပါဝင်စေရန် စွန့်ပစ် ပစ္စည်းစီမံခန့်ခွဲမှု အလေ့အကျင့်များကို အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ သက်ဆိုင်ရာအစိုးရများ၊ အရပ်ဘက်အဖွဲ့ အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန် အရေးကြီးသည့် အမျိုးသားရေး တာဝန်တစ်ရပ် ဖြစ်ပါသည်။

ယခုအခါ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အမျိုးသားအဆင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာ ၂၀၀၉ နှင့် အမျိုးသားအဆင့် ပတ်ဝန်းကျင်ဆိုင်ရာမူဝါဒနှင့် မဟာဗျူဟာ အခြေခံမူဘောင် (မူကြမ်း၊ ၂၀၁၅)တွင် ဖော်ပြထားသော မျှော်မှန်းချက်ဖြစ်သည့် “ရေရှည်တည်တံ့၍ စိမ်းလန်းစိုပြည် ပြီး သန့်ရှင်း၍ ကျန်းမာရေးနှင့် ညီညွတ်သည့် ပတ်ဝန်းကျင်မှ တောက်ပသော အနာဂတ်မြန်မာနိုင်ငံတော်ကြီးဆီသို့”သည် အမျိုးသားအဆင့် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲရေး မဟာဗျူဟာနှင့် လုပ်ငန်းအစီ အစဉ်၏ မျှော်မှန်းချက်ပင် ဖြစ်ပါသည်။ ရေရှည်ရည်မှန်းချက်ဖြင့် စွန့်ပစ်ပစ္စည်းများ စနစ်တကျစီမံအုပ်ချုပ် နိုင်ရန် ကဏ္ဍ ၆ ရပ်ပါဝင်သည့် စွန့်ပစ်ပစ္စည်း စီမံအုပ်ချုပ်မှု မဟာဗျူဟာအား ရေးဆွဲထားပြီးဖြစ်ပါသည်။

လူသားများ၏ လုပ်ဆောင်ချက်များကြောင့် ဖြစ်ပေါ်လာသော ပလတ်စတစ်စွန့်ပစ်ပစ္စည်းများနှင့် အမျိုးမျိုးသော စွန့်ပစ်ပစ္စည်းများသည် ရေ၊ မြေ အရည်အသွေးများကို ခြိမ်း ခြောက်မှုများဖြစ်စေပြီး လူသားထုတစ်ရပ်လုံးအတွက် ကျန်းမာရေးဆိုင်ရာပြဿနာများဆီသို့ ဦးတည်နေပါသည်။ ထို့ကြောင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ခြင်းသည် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် လူတိုင်းထမ်းဆောင်ကြရမည် ဖြစ်ပါသည်။ ထို့ကြောင့် ပလတ်စတစ်ကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုကို အားလုံး စုပေါင်းနှိမ်နင်းခြင်းဖြင့် ကျွန်ုပ်တို့ ပတ်ဝန်းကျင်ကို ကာကွယ်ကြပါစို့ဟု လှုံ့ဆော်လိုက်ပါသည်။ ။

# ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး သတ္တမနေ့ ကျင်းပ

**နေပြည်တော် ဇွန် ၅**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး သတ္တမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိပြည်ထောင်စု လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။




ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး သတ္တမနေ့ ကျင်းပစဉ်။ သတင်းစဉ်

## ပြည်ပချေးငွေဖြင့် ဆောင်ရွက်သည့် စီမံကိန်းများနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်

ယနေ့တွင် ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်ခံရသည့်ပုဂ္ဂိုလ်က လွှတ်တော်နာယကရှေ့မှောက်၌ ကတိသစ္စာပြုခြင်း၊ ဥပဒေကြမ်းတစ်ခု လွှတ်တော်က မှတ်တမ်းတင်ခြင်း၊ အစီရင်ခံစာ သုံးခု ဖတ်ကြားရှင်းလင်းတင်ပြခြင်း၊ ဥပဒေကြမ်းကို လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းနှင့် ပြည်ပချေးငွေဖြင့် ဆောင်ရွက်သည့် စီမံကိန်းများနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသော ဦးစိုးဝင်းကပြည်ထောင်စု လွှတ်တော်နာယက ရှေ့မှောက်၌ ကတိသစ္စာပြုသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူရမည့် မြန်မာသမိုင်းအဖွဲ့ဥပဒေကြမ်းကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

## အခွန်အယူခံခုံအဖွဲ့ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ ဖတ်ကြားတင်ပြ

ယင်းနောက် ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့သော အခွန်အယူခံခုံအဖွဲ့ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာကို ကော်မတီအတွင်းရေးမှူး ဒေါက်တာ မြတ်ညာဏစိုးက ဖတ်ကြားတင်ပြသည်။

အဆိုပါ အစီရင်ခံစာတွင် အခွန်အယူခံခုံအဖွဲ့ရုံး၏ လက်ရှိဆောင်ရွက်နေသော အခြေအနေမှာ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာနနှင့် အကောက်ခွန်ဦးစီးဌာနတို့၏ အခွန်စည်းကြပ်ကောက်ခံမှုများ၊ ဒဏ်ငွေတပ်ရိုက်ခြင်းများ၊ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းမှုများအပေါ် ကျေနပ်မှုမရှိသည့် အခွန်ထမ်းများမှ တင်သွင်းလာသော အယူခံမှု၊ ပြင်ဆင်မှု၊ ပြန်လည်သုံးသပ်မှုနှင့် လွှဲအပ်မှုများကို စစ်ဆေးကြားနာ ဆုံးဖြတ်ပေးလျက်ရှိသည်ကို လေ့လာတွေ့ရှိရပါကြောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့အနေဖြင့် အခွန်စနစ်ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်ဖြင့် နိုင်ငံတော်၏ဘဏ္ဍာငွေကို အခွန် အရပ်ရပ်မှ အပြည့်အဝကောက်ခံဖြည့်ဆည်းပေးနိုင်ရန် ဆောင်ရွက်လျက်ရှိသကဲ့သို့ အခွန်ထမ်းပြည်သူများ၏ မူလအခွင့်အရေးဖြစ်သော အယူခံပိုင်ခွင့်ကို စနစ်တကျဆောင်ရွက်စေနိုင်ရန်အတွက် ဥပဒေတစ်ရပ်ပြဋ္ဌာန်းပေးရန် လိုအပ်သည်ကို လေ့လာတွေ့ရှိရပါကြောင်း။

ပြည်ထဲရေးဝန်ကြီးဌာနက ကောက်ခံလျက် ရှိသော ယစ်မျိုးခွန်၊ မြေယာပေါ်တွင် ကောက်ခံသည့်အခွန်၊ ဓာတ်သတ္တုပစ္စည်းများထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန်နှင့် တာတမံခွန်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ကောက်ခံလျက်ရှိသော အင်းအိုင်ခွန်နှင့် ငါးလုပ်ငန်းဆိုင်ရာအခွန်အခ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ခြင်းကြောင့် ကောက်ခံသည့်အခွန်၊ သယ်ယူပို့ဆောင်ရေးအခွန်၊ မော်တော်ယာဉ်၊ ယာဉ်မောင်းလိုင်စင်နှင့် လုပ်ငန်းလိုင်စင်ဆိုင်ရာ အခငွေများ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ကောက်ခံလျက်ရှိသော သစ်တောများမှ ပစ္စည်းထုတ်ယူသည့်အတွက် ကောက်ခံသည့် သစ်တောခွန်၊ မုတ်ကောင်ဝတ်ဆံသွင်းအခွန်၊ ဓာတ်သတ္တုနှင့် ရတနာခွန်၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက ကောက်ခံလျက်ရှိသော လျှပ်စစ်ဓာတ်အားထုတ်ယူသည့်အတွက် ကောက်ခံသည့် အခွန်နှင့် ရေနံနှင့် သဘာဝဓာတ်ငွေ့ ထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ကောက်ခံလျက်ရှိသော သွင်းကုန်အတွက် လိုင်စင်ကြေးနှင့် ပါမစ်ကြေးများ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက ကောက်ခံလျက်ရှိသော ဝင်ငွေခွန်၊ အကောက်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ အထူးကုန်စည်ခွန်၊ ရုံးခွန်၊ တံဆိပ်ခေါင်းခွန်နှင့် အောင်ဘာလေထီဆုအခွန်ရငွေ၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနက ကောက်ခံလျက်ရှိသော ခရီးလှည့်လည်ရေးလိုင်စင်၊ ဟိုတယ်နှင့် တည်းခိုရိပ်သာလိုင်စင်၊ ခရီးသွားလာသူများ ပို့ဆောင်ရေးလိုင်စင်၊ ဧည့်လမ်းညွှန်လုပ်ငန်း လိုင်စင်များအတွက် လိုင်စင်ကြေးနှင့် နေပြည်တော်ကောင်စီက ကောက်ခံလျက်ရှိသော ရေခွန်တို့ကို အဆုံးအဖြတ်ပြုနိုင်သည့် အယူခံအခွင့်အရေးရရှိစေရန် အခွန်အယူခံခုံအဖွဲ့ကို နိုင်ငံတကာတွင် ကျင့်သုံးဆောင်ရွက်လျက်ရှိသည့်အတိုင်း သီးခြားလွတ်လပ်သော အဖွဲ့အစည်းအဖြစ် ပြန်လည်ထူထောင်ဖွဲ့စည်းရန် လိုအပ်သည်ဟု လေ့လာတွေ့ရှိရကြောင်း ဖတ်ကြားတင်ပြသည်။

## နိုင်ငံ့ဝန်ထမ်းဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ ဖတ်ကြားတင်ပြ

ထို့နောက် နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့ထားသော နိုင်ငံ့ဝန်ထမ်းဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာကို ဥပဒေကြမ်းပူးပေါင်းကော်မတီဝင် ဒေါ်နွယ်နွယ်အောင်က ဖတ်ကြားတင်ပြသည်။

အဆိုပါ အစီရင်ခံစာတွင် ဥပဒေကြမ်းပူးပေါင်းကော်မတီသည် ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိသူများ၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များနှင့် အစည်းအဝေးကျင်းပခဲ့ပြီး နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်များကို လေ့လာစိစစ်ခဲ့ကြပါကြောင်း။

အစည်းအဝေး ဆွေးနွေးချက်များအရ နိုင်ငံတော်သမ္မတက သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်း အပိုဒ် ၂၊ အပိုဒ်ခွဲ (က)နှင့် အပိုဒ် ၄ တို့ကို နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်နှင့်အညီ ပြင်ဆင်ပြဋ္ဌာန်းသင့်သည်ကို လေ့လာတွေ့ရှိရပါကြောင်း ဖော်ပြပါရှိသည်။

## လုပ်ငန်းခွင်သုံး ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ ဖတ်ကြားတင်ပြ

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့ထားသော လုပ်ငန်းခွင်သုံး ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာကို ဥပဒေကြမ်းပူးပေါင်းကော်မတီဝင် ဒေါ်ကျိန်ပိုက်မန်က ဖတ်ကြားတင်ပြသည်။

အဆိုပါ အစီရင်ခံစာတွင် ဥပဒေကြမ်းပူးပေါင်း ကော်မတီသည် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိသူများ၊ ပြည်ထောင်စု လွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များနှင့် အစည်းအဝေးများပြုလုပ်ခဲ့ပြီး နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်များကို လေ့လာစိစစ်ခဲ့ကြပါကြောင်း။

အစည်းအဝေး ဆွေးနွေးချက်များအရ နိုင်ငံတော်သမ္မတက သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်း၏ အပိုဒ် ၁၉၊ အပိုဒ် ၂၂ တို့ကို နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်နှင့်အညီ လည်းကောင်း၊ ပေါက်ကွဲစေတတ်သော အရာဝတ္ထုပစ္စည်းများကို ဖျက်ဆီးသည်ဟု အကြောင်းဖော်ပြပြီး အခြားမသမာသောနည်းလမ်းဖြင့် ပြောင်းလဲအသုံးပြုခြင်းကို တားဆီးနိုင်ရန် ထိရောက်ဟန့်တားသော ပြစ်ဒဏ်ဖြစ်ရန် လိုအပ်သည့်အတွက် အပိုဒ် ၂၄ ကို လည်းကောင်း အသီးသီး ပြင်ဆင်ပြဋ္ဌာန်းသင့်သည်ကို လေ့လာတွေ့ရှိရပါကြောင်း ဖော်ပြပါရှိသည်။

## ဥပဒေကြမ်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်

အဆိုပါဥပဒေကြမ်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသော သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၂) မှ ဦးကျော်နိုင်က ပြင်ဆင်ချက်အဆိုတင်သွင်းထားသည့် ပုဒ်မနှင့် စပ်လျဉ်း၍ ဆွေးနွေးပြီး ဥပဒေကြမ်းပူးပေါင်းကော်မတီက တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် အဆိုတင်သွင်းကာ လွှတ်တော်၏အဆုံးအဖြတ် ရယူသည်။

## ပြည်ပချေးငွေများနှင့် စပ်လျဉ်း၍ စီမံကိန်းလုပ်ငန်း တစ်ခုချင်းအလိုက် ဆောင်ရွက်ပြီးစီးမှုအပေါ် ဆွေးနွေး

ယင်းနောက် ၂၀၁၇ ခုနှစ် မတ် ၃၁ ရက်အထိ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ရယူထားသည့် ပြည်ပချေးငွေများနှင့် စပ်လျဉ်း၍ စီမံကိန်းလုပ်ငန်းတစ်ခုချင်းအလိုက် ဆောင်ရွက်ပြီးစီးမှုအခြေအနေကို ဌာန၊ အဖွဲ့အစည်းများ၏ ရှင်းလင်းတင်ပြခဲ့ခြင်းများအပေါ် လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

လွိုင်လင်မဲဆန္ဒနယ်မှ ဦးခင်မောင်သီက ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးခရိုင်နှင့် လွိုင်လင်ခရိုင်အတွင်းရှိ ကျေးရွာ ၄၁၆ ရွာကို လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ဂျာမနီနိုင်ငံ ချေးငွေ ယူရို ၂၃ ဒသမ ၈၈၃ သန်းဖြင့် ဆောင်ရွက်ရန် ပြည်ထောင်စုလွှတ်တော်က သဘောတူခဲ့ပါကြောင်း၊ ချေးငွေဖြင့် အကောင်အထည်ဖော်ရာတွင် စံချိန်စံညွှန်း၊ တင်ဒါစည်းမျဉ်းစည်းကမ်းများအတိုင်း ဝန်ကြီးဌာနက ဆောင်ရွက်သွားမည်ဟု ရှင်းလင်းတင်ပြထားပါကြောင်း။

အဆိုပါကျေးရွာများတွင် မီးလင်းနိုင်ရန်အတွက် လျှပ်စစ်ဓာတ်အားခွဲရုံများ တည်ဆောက်ရန် အတိုင်ပင်ခံအင်ဂျင်နီယာအဖွဲ့ဖြင့်လည်း စာချုပ်ချုပ်ဆိုပြီး လုပ်ငန်းများဆောင်ရွက်ရန် တင်ဒါခေါ်ယူဆောင်ရွက်နေသည်ကို သိရှိရပါကြောင်း၊ အဆိုပါ လုပ်ငန်းကို ကျေးရွာပြည်သူ လူထုများအနေဖြင့် ကြိုဆိုပါကြောင်း၊ ဆက်လက်ဆောင်ရွက်မည့် လျှပ်စစ်ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများတည်ဆောက်ခြင်း လုပ်ငန်းများကိုလည်း ပြည်ထောင်စုလွှတ်တော်သို့ လာရောက်ရှင်းလင်းပေးစေလိုပါကြောင်း အကြံပြုဆွေးနွေးသည်။

လှိုင်းဘွဲမဲဆန္ဒနယ်မှ ဦးခင်ချို က လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက ဆောင်ရွက်နေသည့် အမျိုးသားဓာတ်အားစီမံကိန်းအတွက် စတီးတိုင် ၂၄၀၀ ကျော်၊ ထရန်စဖော်မာ ၁၂၀၀ နှင့် ကွန်ကရစ်တိုင် ၁၀၀၀၀ ကျော် စုဆောင်းထားပြီး ဖြစ်သည်ဟု သိရပါကြောင်း၊ အဆိုပါ ပစ္စည်းများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ခွဲဝေပေးမည့် အရေအတွက်အား ရှင်းလင်းတင်ပြသင့်ပါကြောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒေသဖွံ့ဖြိုးရေးစီမံကိန်း အဆင့် ၁ အတွက် စီမံကိန်းချေးငွေကို ၉၂ ရာခိုင်နှုန်း ထုတ်ယူထားပြီးဖြစ်ပါကြောင်း၊ ချေးငွေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ၆၆၊ ၃၃/ ၁၁ ကေဗွီ ၄၀၀ ဗို့ဓာတ်အားလိုင်းခွဲရုံများ နှင့် ကေဘယ်ကြိုး ၁၂၇ မိုင် လုပ်ငန်းများဆောင်ရွက်ပြီးသည်ဟု သိရပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဆောင်ရွက်ပြီးသည့် ဓာတ်အားလိုင်းနှင့် ခွဲရုံအရေအတွက်ကို ဖော်ပြသင့်ပါကြောင်း။

## သီလဝါစက်မှုဇုန် ဓာတ်အားလိုင်းနှင့် ခွဲရုံစီမံကိန်းများအတွက် ချေးငွေပမာဏ၏ ၉၆ ရာခိုင်နှုန်း ထုတ်ယူပြီး

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ဆောင်ရွက်နေသည့် သီလဝါစက်မှုဇုန် ဓာတ်အားလိုင်းနှင့် ခွဲရုံစီမံကိန်းများအတွက် ချေးငွေပမာဏ၏ ၉၆ ရာခိုင်နှုန်း ထုတ်ယူပြီးသည်ဟု သိရပါကြောင်း၊ လက်ရှိဆောင်ရွက်နေသည့် လုပ်ငန်းပမာဏ ပြီးစီးမှုကို ရှင်းလင်းတင်ပြသင့်ပါကြောင်း အကြံပြုဆွေးနွေးသည်။

အလားတူ အောင်လံမဲဆန္ဒနယ်မှ ဦးအောင်ထူးမြင့်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၆) မှ ဦးဝင်းမောင်၊ ဒလမဲဆန္ဒနယ်မှ ဒေါက်တာ စိန်မြအေး၊ မိုးညိုမဲဆန္ဒနယ်မှ ဦးကျော်မျိုးမင်း၊ ရှားတောမဲဆန္ဒနယ်မှ ဒေါ်ဝင့်ဝါထွန်း၊ ပဲခူးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ် (၃) မှ ဒေါ်ရွှေရွှေ စိန်လတ်၊ ချောက် မဲဆန္ဒနယ်မှ ဦးဘိုကြီး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၄) မှ ဦးသန်းစိုး (ခေါ်)သန်းစိုး (ဘောဂဗေဒ)၊ ကျိုက်လတ်မဲဆန္ဒနယ်မှ ဦးရန်လင်းနှင့် ဇလွန်မဲဆန္ဒနယ်မှ ဦးအောင်မင်း တို့က ဆွေးနွေးကြသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ဇွန် ၇ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးမြင့်၊ မျိုးသူဟိန်း(သတင်းစဉ်)**

# ဆွီဒင်နိုင်ငံ အမျိုးသားနေ့အထိမ်းအမှတ် ညှော်ခံပွဲအခမ်းအနား ကျင်းပ




**နေပြည်တော် ဇွန် ၅**

ဆွီဒင်နိုင်ငံ၏ အမျိုးသားနေ့ အထိမ်းအမှတ်ညှော်ခံပွဲအခမ်းအနားကို ယနေ့ညနေ ၆ နာရီခွဲတွင် နေပြည်တော်ရှိ Park Royal ဟိုတယ်၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သီချင်းနှင့် ဆွီဒင်နိုင်ငံ အမျိုးသားသီချင်းတို့ဖြင့် အခမ်းအနားကို ဖွင့်လှစ်သည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ဆွီဒင်နိုင်ငံသံအမတ်ကြီး H.E. Mr. Staffan Herrstrom နှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းတို့က နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းနှင့် သံအမတ်ကြီးတို့သည် တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြကာ ညစာအတူတကွ သုံးဆောင်ကြသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ နိုင်သက်လွင်၊ ဦးကျော်တင်၊ ဒုတိယဝန်ကြီး ဦးအောင်လှထွန်း၊ ဦးအောင်ထူး၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဖိတ်ကြားထားသည့် ညှော်သည်တော်များ တက်ရောက်ကြသည်။ **သတင်းစဉ်**

**ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း ဆွီဒင်နိုင်ငံ၏ အမျိုးသားနေ့ အထိမ်းအမှတ်ညှော်ခံပွဲ အခမ်းအနားတွင် နှုတ်ခွန်းဆက်စကားပြောကြားစဉ်။** သတင်းစဉ်

## အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း (ပခုက္ကူ) ၌ သင်တန်းဆင်းပွဲနှင့် သင်တန်းဖွင့်ပွဲများ ကျင်းပ

**နေပြည်တော် ဇွန် ၅**

နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း (ပခုက္ကူ) ၌ ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ ညှော်ကြိုသင်တန်း၊ အိပ်ခန်းဆောင်သင်တန်း၊ အစားအစာနှင့်အဖျော်ယမကာ ဝန်ဆောင်မှုသင်တန်း အမှတ်စဉ် (၁) ဆင်းပွဲကိုလည်းကောင်း၊ သင်တန်းအမှတ်စဉ် (၂)၊ အခြေခံအိမ်တွင်းမှု သင်တန်းအမှတ်စဉ် (၃၈)၊ အဆင့်မြင့်စက်ချုပ်သင်တန်းအမှတ်စဉ် (၃၅) ဖွင့်ပွဲကိုလည်းကောင်း ဇွန် ၄ ရက် နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားသို့ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင်မောင်မြင့် တက်ရောက်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ ကျွမ်းကျင်ပညာရှင်များအသင်း (MHPA) ပုဂံဇုန် ဥက္ကဋ္ဌ ဦးထွန်းထွန်းအောင်က ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင်မောင်မြင့်က ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာသင်တန်း သုံးခုအတွက် သင်တန်းဆင်းအောင်လက်မှတ်များကို ပေးအပ်ချီးမြှင့်ခဲ့သည်။

အခမ်းအနားသို့ မြန်မာနိုင်ငံဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ ကျွမ်းကျင်ပညာရှင်များအသင်း၊ Luxembourg Agency for Development Cooperation LuxDev. နှင့် မြန်မာနိုင်ငံဟိုတယ်လုပ်ငန်းရှင်များအသင်း၊ နေပြည်တော်ဟိုတယ်လုပ်ငန်းရှင်များအသင်းတို့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ NGO အဖွဲ့အစည်းများ၊ ဖိတ်ကြားထားသောညှော်သည်တော်များနှင့် သင်တန်းနည်းပြများ၊ သင်တန်းသူ ၂၄၀ အပါအဝင် စုစုပေါင်းအင်အား ၃၂၅ ဦးခန့် တက်ရောက်ကြသည်။

ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းအမှတ်စဉ် (၁) သင်တန်းဆင်းသင်တန်းသူ ၇၅ ဦးကို အလုပ်အကိုင်အခွင့်အလမ်းများရရှိရေး ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းအမှတ်စဉ် (၂) နှင့် အိမ်တွင်းမှုသင်တန်းများကို စက်တင်ဘာ ၇ ရက်အထိ နိုင်ငံတော်စရိတ်ဖြင့် အခမဲ့ ဖွင့်လှစ်သင်ကြားလေ့ကျင့်ပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **သတင်းစဉ်**

## မြန်မာဒီဂျစ်တယ်အခွင့်အရေးဆိုင်ရာ ဆွေးနွေးပွဲ နေပြည်တော်တွင် ကျင်းပ




**ဒုတိယဝန်ကြီး ဦးအောင်လှထွန်း မြန်မာဒီဂျစ်တယ်အခွင့်အရေးဆိုင်ရာ ဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။** သတင်းစဉ်

**နေပြည်တော် ဇွန် ၅**

မြန်မာဒီဂျစ်တယ်အခွင့်အရေး (Myanmar Digital Rights) ဆိုင်ရာ ဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်း၊ လွှတ်တော်၊ ပြည်ထောင်စုအဆင့် ဗဟိုအဖွဲ့အစည်းများနှင့် ဝန်ကြီးဌာနအသီးသီးမှ တာဝန်ရှိသူ စုစုပေါင်း ၆၀ ခန့် တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက အမှာစကားပြောကြားရာတွင် ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ဒီမိုကရေစီလူ့ဘောင် တည်ဆောက်ရာတွင် အရေးကြီးသည့် စနစ်တကျဆွေးနွေးငြင်းခုံသည့် အလေ့အထ ယဉ်ကျေးမှုတစ်ရပ် ပေါ်ထွန်းလာစေရန် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ယင်းသို့ ဆောင်ရွက်ရာတွင် အများပြည်သူနှင့် သက်ဆိုင်ပြီး အများစိတ်ဝင်စားသည့် အကြောင်းအရာများကို တက်ရောက်သူများကိုယ်တိုင် လွတ်လပ်စွာ ပါဝင်ဆွေးနွေးနိုင်သည့် စကားဝိုင်းများကို နိုင်ငံအနှံ့ အရပ်ဒေသအသီးသီးတွင် အခါအားလျော်စွာ တာဝန်ယူကျင်းပပေးလျက်ရှိပါကြောင်း၊ ယနေ့စကားဝိုင်းကို မြန်မာ့ဒီဂျစ်တယ်အခွင့်အရေး ဆိုသည့် ခေါင်းစဉ်အောက်တွင် ကျင်းပရန် စီစဉ်ထားပါကြောင်း။

၁၉၇၀ ပြည့်နှစ်ခန့်တွင် စတင်ပေါ်ပေါက်ခဲ့သည့် ဒီဂျစ်တယ်နည်းပညာသည် ယခုအခါ တစ်ဟုန်ထိုး တိုးတက်လာခဲ့ပြီး ကမ္ဘာ့နိုင်ငံအသီးသီး၏ လူမှုစီးပွားဘဝကို တားဆီးမရနိုင်သည့် အရှိန်အဟုန်ဖြင့် လွှမ်းမိုးလာလျက်ရှိပါကြောင်း၊ ဒီဂျစ်တယ်နည်းပညာ ထွန်းကားလာမှုတွင် ကောင်းကျိုးအများကြီးရှိသကဲ့သို့ ဆိုးရွားသည့် ဆိုးကျိုးများလည်း ရှိပါကြောင်း၊ ထို့ကြောင့် ဒီဂျစ်တယ်အခွင့်အရေးကို သိရှိရန်လိုအပ်သကဲ့သို့ ယင်းနှင့်အတူ ဒွန်တွဲပါလာသည့် ဒီဂျစ်တယ်တာဝန် (Digital Responsibilities) နှင့်အတူ အခြားသော ဆက်စပ်ကိစ္စရပ်များကိုလည်း ကောင်းစွာသဘောပေါက်ထားကြရန် အရေးကြီးသဖြင့် ထည့်သွင်း ဆွေးနွေးကြစေလိုပါကြောင်း၊ ထို့ပြင် ယနေ့ဆွေးနွေးပွဲတွင် ဦးဆောင်ဆွေးနွေးသူများသာမက တက်ရောက်သည့် ပရိသတ်များကပါ တက်ကြွစွာ ပါဝင်ဆွေးနွေးကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာ့ရေးရာလေ့လာရေးအဖွဲ့မှ ဦးအေးမောင်ကျော်က ညှိနှိုင်းရေးမှူးအဖြစ် ဆောင်ရွက်ပြီး ဒီဗွီဘီမှ ဦးသန်းဝင်းထွဋ်၊ The Voice ဂျာနယ်မှ ဒုတိယအယ်ဒီတာချုပ် ဦးဇေယျသူနှင့် MCN TV Channel မှ အယ်ဒီတာချုပ် ဦးအံ့ဘုန်းမြတ်တို့က ဦးဆောင်ဆွေးနွေးသူများအဖြစ် ပါဝင်သည့် ဆွေးနွေးပွဲကို ရင်းနှီးပွင့်လင်းစွာ ကျင်းပခဲ့ကြသည်။ **သတင်းစဉ်**

# အင်းဝဘဏ်လီမိတက် နေပြည်တော် (ဥတ္တရသီရိ) ဘဏ်ခွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် ဇွန် ၅**

အင်းဝဘဏ်လီမိတက်၊ နေပြည်တော်(ဥတ္တရသီရိ)ဘဏ်ခွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါဘဏ်ခွဲပရဝဏ်တွင် ကျင်းပရာ အခမ်းအနားသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စစ်ထောက်ချုပ်ရုံး၊ စစ်ထောက်ချုပ်၊ ဥက္ကဋ္ဌ၊ မြန်မာစီးပွားရေးကော်ပိုရေးရှင်း ဒုတိယဗိုလ်ချုပ်ကြီး ညိုစော၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် မြင့်မော်၊ မြန်မာစီးပွားရေးကော်ပိုရေးရှင်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသန့်ဆွေနှင့် အင်းဝဘဏ်လီမိတက် အုပ်ချုပ်မှုဒါရိုက်တာ ဦးအောင်ငွေဦးနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ညှော်သည်တော်များ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် မြင့်မော်၊ မြန်မာစီးပွားရေးကော်ပိုရေးရှင်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသန့်ဆွေနှင့် အင်းဝဘဏ်လီမိတက်အုပ်ချုပ်မှုဒါရိုက်တာ ဦးအောင်ငွေဦးတို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး စစ်ထောက်ချုပ်၊ ဒုတိယဗိုလ်ချုပ်ကြီး ညိုစောက အင်းဝဘဏ်လီမိတက်၊ နေပြည်တော်(ဥတ္တရသီရိ)ဘဏ်ခွဲဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကာ **(ယာပုံ)** ညှော်သည်တော်များနှင့်အတူ ဘဏ်အတွင်း လှည့်လည်ကြည့်ရှုကြသည်။






ယနေ့ဖွင့်လှစ်လိုက်သော အင်းဝဘဏ်လီမိတက် နေပြည်တော် (ဥတ္တရသီရိ) ဘဏ်ခွဲသည် အင်းဝဘဏ်လီမိတက်၏ ၅၀ ခုမြောက်ဘဏ်ခွဲဖြစ်ပြီး နေပြည်တော်ခရိုင်၊ ဥတ္တရသီရိမြို့နယ် ဥတ္တရသီရိမြို့အကွက် အမှတ် ၃ ဇဝနသိဒ္ဓိရပ်ကွက် ကျိုင်းတုံလမ်းနှင့် ပဲခူးလမ်းထောင့်တွင် ဖွင့်လှစ်ထားရှိသည်။ အင်းဝဘဏ်လီမိတက်အနေဖြင့် ပြည်တွင်းငွေလွှဲဝန်ဆောင်မှု လုပ်ငန်းများအပြင် ငွေစုဘဏ်အပ်ငွေအပေါ် အတိုးနှုန်း ၉ ရာခိုင်နှုန်းနှင့် စာရင်းသေအပ်ငွေအပေါ် ငွေစုဆောင်းသူများ၏ သဘောဆန္ဒအလျောက် စုဆောင်းသည့်အချိန်ကာလအပိုင်းအခြားအလိုက် မူတည်၍ ၁၀ ရာခိုင်နှုန်းအထိ အတိုးနှုန်းများ ပေးအပ်လျက်ရှိပြီး စီးပွားရေးလုပ်ငန်း မတည်ရင်းနှီးလုပ်ကိုင်လိုသူများအတွက်လည်း ငွေအရင်းအနှီးများ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရေးကော်မတီ

## ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလမှ ဧပြီလအထိ ဆောင်ရွက်ခဲ့သည့်လုပ်ငန်းများနှင့် စပ်လျဉ်း၍ ပြည်သူသို့ အစီရင်ခံစာ

*ယမန်နေ့မှအဆက်*

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုမြှင့်တင်ခြင်းနှင့် ရာသီဥတုပြောင်းလဲခြင်း၏ ဆိုးကျိုးသက်ရောက်မှုများကို လျှော့ချခြင်းလုပ်ငန်းများအဖြစ် ရခိုင်ပြည်နယ်၊ မြို့နယ်ခုနစ်မြို့နယ်တွင် စိုက်ပျိုးထားသော သစ်ပင်သစ်တောများ ဓမ္မတာမျိုးဆက်ခြင်းကောင်းမွန်စေရန်အတွက် အထောက်အကူလုပ်ငန်းများကို ၅၂၅ ဧက ဆောင်ရွက်ခြင်း၊ စီးပွားရေး(ပျဉ်းကတိုး)စိုက်ခင်းဧက ၃၀၀ တည်ထောင်စိုက်ပျိုးခြင်း၊ သစ်တောလမ်းမိုင် ၂၀ ပြင်ဆင်ခြင်း၊ ကြိုးဝိုင်းနယ်နိမိတ် မိုင် ၉၀ ပြင်ဆင်ခြင်း၊ အကွက်နယ်နိမိတ်မိုင် ၈၀ ပြင်ဆင်ခြင်း၊ မီးကာကွယ်ခြင်း ဧက ၁၁၉၀၊ ကြိုးဝိုင်း၊ ကြိုးပြင် ကာကွယ်တော တိုးချဲ့ဖွဲ့စည်းခြင်း ၆၀၂ ဒသမ ၅ စတုရန်းမိုင်နှင့် သင်တန်းသား ၁၆၈ ဦးအတွက် သစ်တောသစ်ပင် ထိန်းသိမ်းမှုဆိုင်ရာ ကျွမ်းကျင်မှုသင်တန်းပို့ချခြင်း သုံးကြိမ်တို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်။

စက်မှုဝန်ကြီးဌာနနှင့် ရခိုင်ပြည်နယ်အစိုးရတို့ ပူးပေါင်း၍ စပါးများကို အခြောက်ခံတာရှည် သိုလှောင်ထိန်းသိမ်းထားနိုင်ရန်အတွက် တန်ချိန် ၅၀၀ ဝင်ဆံ့သည့် Silo(1) Set တည်ဆောက်မှုများကို ဆောင်ရွက်လျက်ရှိရာ ၉၃ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ပါသည်။

မျိုးစေ့ထုတ်စိုက်ခင်း တည်ထောင်ခြင်းလုပ်ငန်းအနေဖြင့် ရခိုင်ပြည်နယ်တစ်ဝန်းရှိ မြို့နယ်အားလုံးတွင် နွေစပါး ၅၅ ဧက၊ မြေပဲ(ဆောင်း) ဧက ၂၀၊ မတ်ပဲ(ဆောင်း) ဧက ၅၀ နှင့် မိုးစပါးမျိုးသန့်ဇုန် ဧက ၂၅၀၀၊ မြေပဲဇုန် ၁၁၁၅ ဧက၊ မတ်ပဲဇုန်ဧက ၁၀၆၀ တည်ထောင်ပေးနိုင်ခဲ့ပါသည်။ မြို့နယ်အသီးသီးတွင် မိုးစပါးစံပြကွက်ဧက ၃၃၀၊ မတ်ပဲစံပြကွက် ၉၅ ဧက၊ မြေပဲစံပြကွက်ဧက ၃၅၀၊ ရော်ဘာစံပြကွက် ဧက ၂၀၊ သီဟိုဠ်စံပြကွက် ဧက ၅၀၊ ကြံစံပြကွက် ၁၀ ဧက စသည့်ဖြင့် အသီးသီးစိုက်ပျိုးနိုင်ခဲ့ပါသည်။ စိုက်ပျိုးရေးသုတေသနလုပ်ငန်းများအတွက်လည်း မတ်ပဲ သုတေသနစမ်းသပ်ကွက်သုံးကွက်၊ မြေပဲသုတေသန စမ်းသပ်ကွက်နှစ်ကွက်နှင့် နွေစပါးစိုက်ပျိုးနည်းစနစ် စမ်းသပ်ကွက် ငါးကွက်တို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်။



၂၀၁၈ ခုနှစ်၊ ပထမ (၄)လအတွင်း နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးခဲ့သူ ဦးရေ



၂၀၁၈ ခုနှစ်၊ ပထမ (၄)လအတွင်း မိမိတို့ဆန္ဒအလျောက် NV Card ရယူခဲ့သူ ဦးရေ

ဆည်မြောင်းစနစ် တိုးတက်လာစေရန် အကူရေပိုလွှဲတပ်ဆင်ခြင်း လုပ်ငန်းတစ်ခု၊ လျှိုပိတ်ဆည် တည်ဆောက်ခြင်းလုပ်ငန်းနှစ်ခု၊ ချောင်းပိတ်ဆည် တည်ဆောက်ခြင်းလုပ်ငန်းတစ်ခုတို့ကို ရာနှုန်းပြည့်ဆောင်ရွက်ပြီးဖြစ်ပါသည်။ ဆက်လက်၍ ကွန်ကရစ်ရေတံခါးတည်ဆောက်ခြင်းလုပ်ငန်းကိုးခု၊ တာပုံစံကျ ပြုပြင်ဆောင်ရွက်ခြင်းလုပ်ငန်းကိုးခု၊ လျှိုပိတ်ဆည် တည်ဆောက်ခြင်းလုပ်ငန်း ၁၀ ခု၊ ရေငန်တားတာ တည်ဆောက်ခြင်းလုပ်ငန်းနှစ်ခု၊ ရေချိုတမံတည်ဆောက်ခြင်းလုပ်ငန်းလေးခု၊ ရေလှောင်ကန် တည်ဆောက်ခြင်းလုပ်ငန်းတစ်ခု၊ ချောင်းပိတ်ဆည် တည်ဆောက်ခြင်းလုပ်ငန်းငါးခုတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

**နိုင်ငံသားဖြစ်မှု**

ရခိုင်ပြည်နယ်အတွင်း ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသား ဥပဒေပုဒ်မ (၆၅)အရ နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ ဟုတ်၊ မဟုတ် ဗဟိုအဖွဲ့၏ အဆုံးအဖြတ်ခံယူရန် လျှောက်ထားသူများအား ၁-၁-၂၀၁၈ မှ ၃၀-၄-၂၀၁၈ ရက်နေ့အထိ ကာလအတွင်း ဗဟိုအဖွဲ့၏ အစည်းအဝေးဆုံးဖြတ်ချက်ဖြင့် အသက် ၁၀ နှစ်ပြည့်သူ ၈၇ ဦးနှင့် အသက် ၁၈ ပြည့်သူ ၂၅၂ ဦး စုစုပေါင်း ၃၃၉ ဦးတို့အား နိုင်ငံသား စိစစ်ရေးကတ်ပြားများ ထုတ်ပေးခဲ့ပါသည်။ ထိုနိုင်ငံသားစိစစ်ရေးကတ်ပြား ရရှိသူများသည် မြန်မာနိုင်ငံသားဥပဒေပုဒ်မ (၁၂)နှင့် ပုဒ်မ (၅၃)တို့တွင် သတ်မှတ်ပြဋ္ဌာန်းထားသည့်အတိုင်း နိုင်ငံတော်၏ ဥပဒေပါ နိုင်ငံသားအခွင့်အရေးများကို ခံစားခွင့်ရှိပါသည်။

နိုင်ငံသားစိစစ်ရေးလုပ်ငန်းစဉ်ကို တည်ဆဲဥပဒေစည်းမျဉ်းများနှင့်အညီ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိရာ ၁-၁-၂၀၁၈ မှ ၃၀-၄-၂၀၁၈ ရက်နေ့အထိ ကာလအတွင်း မောင်တောမြို့နယ် ရွှေဇားကျေးရွာအုပ်စု၊ မြို့မ ၁ ရပ်ကွက်နှင့် မြို့မတောင်ရပ်ကွက်တို့တွင် (NV Card) ထုတ်ပေးခြင်းနှင့် Biometric Data စနစ်ဖြင့် မှတ်တမ်းတင်ခြင်း ၃၇၉ ဦး၊ စစ်တွေမြို့နယ် အောင်မင်္ဂလာရပ်ကွက် သက္ကယ်ပြင်ကျေးရွာနှင့်သဲချောင်းကျေးရွာတို့တွင် NV Card ထုတ်ပေးခြင်းနှင့် Biometric Data စနစ်ဖြင့် မှတ်တမ်းတင်ခြင်း ၁၉၀၇ ဦးတို့ကို ဆောင်ရွက်ပေးခဲ့ပါသည်။ နိုင်ငံသားစိစစ်မှု၏ အခြေခံဖြစ်သော NV Card လုပ်ငန်းစဉ် အရှိန်မြှင့်တင်ခြင်းကို စစ်တွေမြို့ရှိ သက္ကယ်ပြင် IDP စခန်းနှင့် ခေါင်းဒုက္ခာ IDP စခန်း၊ ကျောက်တော်မြို့ရှိ နိဒင် IDP စခန်းတို့တွင် အဓိကရှေ့ပြေးရေိယာ (Pilot Area) အဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိပါသည်။ ယင်းအပြင် NV Card လာရောက်လျှောက်ထားသူများကိုလည်း နိုင်ငံသားစိစစ်မှုခံယူနိုင်ရေးအတွက် တစ်ပြိုင်တည်းလျှောက်ထားနိုင်ရန် ဆောင်ရွက်ထားပါသည်။

နိုင်ငံသားစိစစ်ရေးလုပ်ငန်းစဉ်အနေဖြင့် စတင်လျှောက်ထားသည့်နေ့မှစ၍ ကိုင်ဆောင်သင့်သည့် လက်မှတ်၊ ကတ်ပြားတစ်မျိုးမျိုး ရရှိသည်အထိ ဆောင်ရွက်ရမည့် လုပ်ငန်းအဆင့်ဆင့်ကို အချိန်ငါးလခန့်အတွင်း ပြီးစီးအောင် ဆောင်ရွက်ရန် အချိန်ကာလသတ်မှတ်ထားပါသည်။

နိုင်ငံသားဖြစ်ခွင့်မရရှိသူများသည် မြန်မာနိုင်ငံသား ဥပဒေပုဒ်မ ၇၀ (က) အရ အစိုးရအဖွဲ့ထံသို့ အယူခံတင်ပြပိုင်ခွင့်ရှိပြီး ပုဒ်မ ၇၀ (ခ) အရ အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်ကို လိုက်နာရမည်ဖြစ်ပါသည်။ ယင်းပြဋ္ဌာန်းချက်များနှင့်အညီ ဗဟိုအဖွဲ့၏ ဆုံးဖြတ်ချက်အပေါ် အယူခံဝင်ရောက်သူသုံးဦးတို့ကို ပြန်လည်စိစစ်၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်ဖြင့် နိုင်ငံသားအဖြစ်ပြန်လည် သတ်မှတ်ပေးခဲ့ပါသည်။ နိုင်ငံသားမဟုတ်သော်လည်း မြန်မာနိုင်ငံအတွင်း နေထိုင်သူမှန်ကန်ပါက နိုင်ငံအတွင်း နေထိုင်ရန် (NV)ကတ်များကိုင်ဆောင်၍ နိုင်ငံတော်မှ ချမှတ်ထားသော စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ နေထိုင်ခွင့်ရှိပါသည်။ မြန်မာနိုင်ငံတွင် အမြဲတမ်းလာရောက်နေထိုင်သော မြန်မာနိုင်ငံသားမဟုတ်သူများအား နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ဆိုင်ရာ နည်းဥပဒေများ (Permanent Resident) ပြဋ္ဌာန်းသတ်မှတ်လျက် ဆောင်ရွက်ပေးလျက်ရှိပါသည်။

နိုင်ငံသားစိစစ်ရေးလုပ်ငန်းစဉ် ပြန်လည်အသက်ဝင်ရန် ပြည်သူဘက်မှ ပူးပေါင်းဆောင်ရွက်လိုမှုများ ဖြစ်ပေါ်လာစေရေးအတွက် အားပေးဆောင်ရွက်သည့်အနေဖြင့် ၁-၁-၂၀၁၈ ရက်နေ့မှ ၃၁-၃-၂၀၁၈ ရက်နေ့အတွင်း ရခိုင်ပြည်နယ်အတွင်းရှိ စစ်တွေ၊ မြောက်ဦး၊ ပုဏ္ဏားကျွန်း၊ မင်းပြား၊ ကျောက်တော်၊ မောင်တောမြို့နယ်များတွင် နိုင်ငံသားစိစစ်ရေးကတ်ပြား လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍ အစ္စလာမ်ဘာသာဝင်များ၊ နိုင်ငံတော်၏နိုင်ငံသားစိစစ်ရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ကြရန် ရှင်းလင်းဖော်ပြစာများ ဖြန့်ဝေခဲ့သည်။

စိစစ်ရေးလုပ်ငန်းစဉ်နှင့်ပတ်သက်သည့် တိုင်တန်းမှုများကို ဌာနအတွင်းစုံစမ်းစစ်ဆေး၍ မှန်ကန်ပါက အရေးယူဆောင်ရွက်လျက်ရှိပါသည်။ ယင်းအပြင် မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင်နှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်တို့ကလည်း ယင်းတို့လက်ခံရရှိသည့် တိုင်ကြားချက်များနှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးကာ မှန်ကန်ပါက ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိပါသည်။

**လွတ်လပ်စွာသွားလာခွင့်**

ရခိုင်ပြည်နယ်အတွင်း နေထိုင်သူအားလုံးကို ဘာသာရေး၊ လူမျိုးရေးနှင့် နိုင်ငံသားဖြစ်တည်မှုတို့အပေါ် အခြေခံသည့် မည်သည့်ခွဲခြားမှုကိုမျှမပြုဘဲ နိုင်ငံတော်၏တည်ဆဲဥပဒေ၊ စည်းမျဉ်းများနှင့်အညီ လူမှုစီးပွားဆိုင်ရာ အခွင့်အရေးများအပါအဝင် လွတ်လပ်စွာသွားလာခွင့်ရရှိရေးကို အချိန်ကာလနှင့် အရေးပါသော မှတ်တိုင်များ(milestones) ပါဝင်သည့် လမ်းပြမြေပုံရေးဆွဲ၍ တိုးတက် ဖော်ဆောင်ပေးလျက်ရှိရာ NVC Card ကိုင်ဆောင်သူများသည် မောင်တောခရိုင်အတွင်း လွတ်လပ်စွာ သွားလာခွင့်ရှိပြီဖြစ်ပါသည်။ ယင်းလွတ်လပ်စွာသွားလာခွင့်နှင့်စပ်လျဉ်းသည့် သတ်မှတ်ပြဋ္ဌာန်းချက်များကို သက်ဆိုင်ရာတာဝန်ရှိဌာန၊ အဖွဲ့အစည်းများအကြား ညှိနှိုင်းဆွေးနွေးသုံးသပ်၍ ဖြေလျှော့သင့်သည်များကို ဖြေလျှော့ဆောင်ရွက်ခဲ့ရာ ပြည်နယ်ပြင်ပသွားလာမှုမှာ ၁-၁-၂၀၁၈ ရက်နေ့မှ ၃၀-၄-၂၀၁၈ ရက်နေ့အတွင်း ရခိုင်ပြည်နယ်မှ ရန်ကုန်မြို့သို့ ယာယီခရီးသွားလာခွင့်လက်မှတ်ပုံစံ ၄ ဖြင့် ခရီးသွားခွင့်ပြုသူ အမျိုးသား ၃၁ ဦး၊ အမျိုးသမီး ၂၇ ဦး စုစုပေါင်း ၅၈ ဦးရှိပါသည်။ ရခိုင်ပြည်နယ်အတွင်း လူမှုအဖွဲ့အစည်းများအချင်းချင်း ကူးလူးဆက်ဆံသွားလာမှုများ တိုးမြှင့်ဆောင်ရွက်ခြင်းဖြင့် ဒေသတည်ငြိမ်အေးချမ်းရေးကို အထောက်အကူဖြစ်စေရန် လွတ်လပ်စွာသွားလာခွင့်ဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်စပ်လျဉ်းသည့် အသိပေးဆွေးနွေးမှုများကို ၄-၃-၂၀၁၈ ရက်နေ့နှင့် ၅-၃-၂၀၁၈ ရက်နေ့များတွင် စစ်တွေမြို့ အောင်မင်္ဂလာရပ်ကွက်နှင့် စစ်တွေမြို့ သက္ကယ်ပြင် IDP စခန်းတို့တွင် လည်းကောင်း၊ ၂၇-၃-၂၀၁၈ ရက်နေ့နှင့် ၂၈-၃-၂၀၁၈ ရက်နေ့များတွင် ဘူးသီးတောင်နှင့် မောင်တောမြို့နယ်များတွင်လည်းကောင်း ဆောင်ရွက်ခဲ့ပါသည်။

ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမှတ်(၁) နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့ရုံး အနေဖြင့်လည်း ဒေသနေပြည်သူများ လွတ်လပ်လုံခြုံစွာ ခရီးသွားလာနိုင်ရေးအတွက် လုံခြုံရေးစီမံချက်ရေးဆွဲ၍ ဆောင်ရွက်ပေးလျက်ရှိပါသည်။

ယင်းအပြင် ရခိုင်ပြည်နယ်အတွင်းရှိ လူမျိုးစုငယ်များ၏ ရပိုင်ခွင့်နှင့် လွတ်လပ်ခွင့်များကို ကန့်သတ်ချုပ်ချယ်ထားသော ဥပဒေများ၊ ဒေသအလိုက် ထုတ်ပြန်ထားသည့် ဒေသန္တရအမိန့်များရှိ၊ မရှိ ဆန်းစစ်ရန်အတွက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို၊ ခမီ၊ ဒိုင်းနက်(ခေါ်) သက္ကမ၊ အရှိချင်း၊ စုမ်းတူချင်း၊ လိုင်စေချင်း၊ လေးတူချင်း၊ မရမာကြီး၊ ကမန်အစရှိသည့် ဒေသနေတိုင်းရင်းသား လူမျိုးစုငယ်ကိုယ်စားလှယ်များ ပါဝင်သော အလုပ်ရုံဆွေးနွေးပွဲကို ၇-၄-၂၀၁၈ ရက်နေ့က ရခိုင်ပြည်နယ် စစ်တွေမြို့ ခိုင်သဇင်ခန်းမ၌ ကျင်းပခဲ့ပါသည်။ ယင်းအလုပ်ရုံဆွေးနွေးပွဲနှင့် ပတ်သက်၍ တက်ရောက်လာသူ တိုင်းရင်းသားလူမျိုးစုငယ် ကိုယ်စားလှယ်များအနေဖြင့် များစွာကျေနပ်မှုရှိကြောင်း သိရသည်။

**IDP ကိစ္စရပ်များ**

IDP စခန်းများ ပိတ်သိမ်းနိုင်ရေးအတွက် လုပ်ဆောင်ရမည့်လုပ်ငန်းစဉ်များနှင့် အချိန်ဇယားတို့ပါဝင်သော IDP စခန်းများပိတ်သိမ်းရေး အမျိုးသားအဆင့် မဟာဗျူဟာတစ်ရပ်ရေးဆွဲနိုင်ရေးအတွက် အလုပ်ရုံဆွေးနွေးပွဲတစ်ခုကို ၂၀၁၈ ခုနှစ် ဇွန်လ ၂ ရက်နေ့တွင် သက်ဆိုင်ရာတာဝန်ရှိသူများပါဝင်၍ နေပြည်တော်တွင် ကျင်းပသွားရန် စီစဉ်လျက်ရှိပါသည်။ ရခိုင်ပြည်နယ်အတွင်းရှိ IDP စခန်းများ အမြန်ဆုံးပိတ်သိမ်းပြီး တည်ငြိမ်အေးချမ်းသော လူမှုဝန်းကျင်ဖော်ဆောင်နိုင်ရေးအတွက် IDP စခန်းများကို စနစ်တကျပိတ်သိမ်းနိုင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ မြေပုံမြို့နယ် တောင်ပေါ် IDP စခန်းပိတ်သိမ်းနိုင်ရန် စခန်းနေသူများအတွက် ပထမအဆင့်အနေဖြင့် တန်ဖိုးနည်းအိမ်ရာ အလုံး ၅၀ ဆောက်လုပ်ပြီးဖြစ်၍ နေရာချထားမှုများ ဆောင်ရွက်ပြီးဖြစ်ပါသည်။ ဒုတိယအဆင့် အိမ်ရာအလုံး ၅၀ ကိုလည်း ထပ်မံဆောက်လုပ်လျက်ရှိရာ အခြားလိုအပ်သော လမ်းတံတားလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးရန် စီမံထားရှိပြီးဖြစ်ပါသည်။


ကျောက်တော်မြို့ နိဒင် IDP စခန်းပိတ်သိမ်းနိုင်ရေးအတွက် ၄-၄-၂၀၁၈ ရက်နေ့နှင့် ၅-၄-၂၀၁၈ ရက်နေ့များတွင်လည်းကောင်း၊ စစ်တွေမြို့ သက္ကယ်ပြင် IDP စခန်းပိတ်သိမ်းရေးအတွက် ၅-၃-၂၀၁၈ ရက်နေ့တွင်လည်းကောင်း၊ စစ်တွေမြို့ ခေါင်းဒုက္ခာ(၁) နှင့်(၂) IDP စခန်းများ ပိတ်သိမ်းနိုင်ရေးအတွက် ၆-၄-၂၀၁၈ ရက်နေ့တွင်လည်းကောင်း၊ စခန်းနေသူများနှင့် တွေ့ဆုံဆွေးနွေးပြီးဖြစ်၍ ပြန်လည်နေရာချထားရေးဆိုင်ရာလုပ်ငန်းများ စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

**လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီပေးနိုင်မှု**

နေ့စဉ်လူနေမှုဘဝ ခိုင်မာစွာရပ်တည်နိုင်မှု မရှိသေးသူများကို လိုအပ်သော လူသားချင်း စာနာထောက်ထားမှုအကူအညီများ ဆက်လက်ပံ့ပိုးပေးလျက်ရှိရာ ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မြို့နယ်နှင့် မောင်တောမြို့နယ်အတွင်း အိမ်ထောင်စု ၁၆၉၄ စုမှ လူဦးရေ ၁၀၃၂၇ ဦးတို့အတွက် ငွေကျပ် ၁၂၈ ဒသမ ၄၂ သန်းတန်ဖိုးရှိ စားနပ်ရိက္ခာများဖြစ်သော (ဆန်၊ ဆီ၊ ဆား၊ ပဲ) တို့ကိုလည်းကောင်း UEHRD လူငယ်အစီအစဉ်ဖြင့် ဘူးသီးတောင်၊ မောင်တောမြို့နယ်များမှ အိမ်ထောင်စု ၄၅၂၀ စုမှ



ရခိုင်ပြည်နယ်အတွင်း လစဉ် ထောက်ပံ့ငွေများ ရရှိခဲ့သည့် ကိုယ်ဝန်ဆောင်မိခင်နှင့် အသက် (၂)နှစ်အောက် ကလေးဦးရေ



Red Cross Movement က ကူညီထောက်ပံ့ခဲ့သော လူဦးရေ

လူဦးရေ ၂၉၁၄၀ အတွက် ငွေကျပ် ၂၇၇ ဒသမ ၂၉၆ သန်းတန်ဖိုးရှိ ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ကြက်သွန်၊ ငါးသေတ္တာ၊ နို့မှုန့်တို့ကိုလည်းကောင်း ဒေသခံများ လက်ဝယ်အရောက် ထောက်ပံ့ပေးခဲ့ပါသည်။

စစ်တွေမြို့ပေါ်ရှိ သဲချောင်း(ရခိုင်ရွာ)မှ အိမ်ထောင်စုဦးရေ ၁၅၆ စုနှင့် ခေါင်းဒုက္ခာ ကယ်ဆယ်ရေးစခန်းရှိ အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုဦးရေ ၈၄ စုတို့အတွက် အမျိုးသမီးအသုံးအဆောင်ပစ္စည်းများ၊ တစ်ကိုယ်ရေသန့်ရှင်းမှု ပစ္စည်းများ ထောက်ပံ့နိုင်ခဲ့ပါသည်။

ကလေးသူငယ်ဖွံ့ဖြိုးမှုဆိုင်ရာ အစီအစဉ်တစ်ခုအဖြစ် ဆောင်ရွက်ပေးထားသော စစ်တွေမြို့ပေါ် ကယ်ဆယ်ရေးစခန်းများရှိ ကလေးပျော်နေရာများ၊ အုန်းတောကြီးမြောက် စက်ရုံစု၊ ခေါင်းဒုက္ခာ၊ ဖွဲရာကုန်း၊ သဲချောင်းရွာများရှိ ကလေးပျော်နေရာများအတွက် သင်ထောက်ကူပစ္စည်းများ၊ ကစားစရာပစ္စည်းများ ထောက်ပံ့ခဲ့ပါသည်။

အာဟာရချို့တဲ့မှုနှုန်း လျော့နည်းစေရန် လူသားအစ ရက် ၁၀၀၀ ကာလထောက်ပံ့မှုအဖြစ် ၁-၃-၂၀၁၈ ရက်နေ့တွင် ရခိုင်တစ်ပြည်နယ်လုံးရှိ မြို့နယ်အသီးသီးတွင် ကိုယ်ဝန်ဆောင်မိခင်နှင့် ၎င်းတို့မှ မွေးဖွားလာသော အသက်နှစ်နှစ်အောက် ကလေးများအား လစဉ်ထောက်ပံ့ငွေများ ပေးအပ်ခဲ့ရာ အကျိုးခံစားခွင့်ရှိသူ ၅၆၅၆၀ အတွက် စုစုပေါင်း ငွေကျပ် ၂၅၃၈ ဒသမ ၇၂ သန်း ပေးအပ်ခဲ့ပါသည်။

ကြက်ခြေနီလှုပ်ရှားမှု (Red Cross Movement-RCM) အနေဖြင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ရခိုင်ပြည်နယ် အစိုးရအဖွဲ့တို့နှင့်အတူ ပူးပေါင်း၍ ရခိုင်ပြည်နယ်အတွင်း ၁-၁-၂၀၁၈ မှ ၁၁-၄-၂၀၁၈ ရက်နေ့အထိ အိမ်ထောင်စု ၁၂၁၈၄ စုမှ လူဦးရေ ၆၁၆၄၄ ဦးအတွက် အရေးပေါ် စားသောက်ကုန်ပစ္စည်းနှင့် အခြားပစ္စည်းများ၊ ကျန်းမာရေးနှင့် သန့်ရှင်းရေးသုံးပစ္စည်းများ၊ အာဟာရထုပ်နှင့် ဓာတ်ဆားထုပ်များ၊ မျိုးစေ့များ၊ Temporary Shelter များ၊ သောက်သုံးရေသန့်နှင့် ရေစစ်များ ထောက်ပံ့ခဲ့ပါသည်။

*(ဆက်လက်ဖော်ပြပါမည်)*

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု ရသေ့တောင်ဒေသခံပြည်သူများနှင့် တွေ့ဆုံ

ရသေ့တောင် ဇွန် ၅

**ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုသည် ပြည်နယ်ဝန်ကြီး ဗိုလ်မှူးကြီး ဖုန်းတင့်၊ ဦးကျော်လွင်၊ ဦးအောင်ကျော်ဇံ၊ ဒေါက်တာချမ်းသာတို့နှင့်အတူ ယနေ့ နံနက် ၉ နာရီတွင် မော်တော်ယာဉ်များဖြင့် စစ်တွေမြို့မှ ရသေ့တောင်မြို့သို့ရောက်ရှိပြီး မေယုခန်းမ၌ ရသေ့တောင်မြို့ရှိ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖဒေသခံပြည်သူများ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။** (ယာပုံ)

တွေ့ဆုံစဉ် ပြည်နယ်ဝန်ကြီးချုပ်က နိုင်ငံတော်အစိုးရ၏ ဦးစားပေးပံ့ပိုးမှုများကြောင့် ဒေသတွင်းပိုမိုဖွံ့ဖြိုးတိုးတက်လာသည်ကို မြင်တွေ့ကြရမည် ဖြစ်ပါကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရန် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ဒေသတွင်း လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးသည် အရေးကြီးပါကြောင်း၊ ဒေသတွင်းလုံခြုံမှု ပိုမိုကောင်းမွန်လာသည်နှင့်အမျှ ဒေသတွင်းရှိ လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း၊ လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာရန် လမ်း၊ တံတား၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး စသည့်အခြေခံအဆောက်အအုံများ ကောင်းမွန်ရန် လိုအပ်ပါကြောင်း၊ အဆိုပါလိုအပ်ချက်များကို နိုင်ငံတော်အစိုးရက ဖြည့်ဆည်းပံ့ပိုးပေးလျက်ရှိနေပါကြောင်း၊ ဒေသခံပြည်သူများအနေဖြင့် ပိုမိုပူးပေါင်းဆောင်ရွက်ကြမည်ဆိုပါက ဒေသတွင်း အလျင်အမြန်ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါကြောင်း။

နိုင်ငံတစ်နိုင်ငံ ဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်ရန် ပညာရေး ရင်းနှီးမြှုပ်နှံမှုသည် အရေးကြီးပါကြောင်း၊ ပညာကဏ္ဍအပါအဝင် အခြားကဏ္ဍများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် ပြည်နယ်အစိုးရအနေဖြင့် အားထုတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိနေပါကြောင်း။







အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးသည် နိုင်ငံတော်အတွက် အရေးကြီးသည့် အခန်းကဏ္ဍတစ်ရပ် ဖြစ်ပါကြောင်း၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုစနစ် ပီပြင်စွာပေါ်ပေါက်လာရေးသည် အရေးကြီးပါကြောင်းနှင့် မိမိတို့ဖြတ်သန်းခဲ့ရသည့် အတွေ့အကြုံများကို သင်ခန်းစာရယူပြီး အပြန်အလှန်လေးစားယုံကြည်မှု၊ ပွင့်လင်းမြင်သာမှုများဖြင့် ဆွေးနွေးညှိနှိုင်း ကြိုးပမ်းအားထုတ်လုပ်ဆောင်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ရသေ့တောင်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးဝင်းအောင်က ဒေသဆိုင်ရာ အချက်အလက်များ၊ ၂၀၁၈ ခုနှစ် ကာလတိုဘဏ္ဍာရေးနှစ် စီမံကိန်းလုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသည့် ဒေသခံပြည်သူများက ဒေသဖွံ့ဖြိုးရေး လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ ပြည်နယ်ဝန်ကြီး ဦးကျော်လွင်၊ ဦးအောင်ကျော်ဇံ၊ ဒေါက်တာချမ်းသာနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ဒေသခံပြည်သူများ ဆွေးနွေးတင်ပြသည့် ရသေ့တောင်မြို့နယ် စေတီတောင်ဘုရား ပြုပြင်မွမ်းမံနိုင်ရန် အလှူငွေများ ပေးအပ်လှူဒါန်းသည်။ **(ဝဲပုံ)**

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က ရှင်းလင်းဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ရသေ့တောင်ကန်တော်ကြီး ရေလှောင်ကန်မှ မြို့ရေပေးဝေရေးဆောင်ရွက်သည့် အခြေအနေများကို ကြည့်ရှုသည်။ ထို့နောက် ပြားချောင်းကြီးကျေးရွာ ဘုန်းကြီးကျောင်း၌ ပြားချောင်းကြီးကျေးရွာ ဒေသခံပြည်သူများကို လည်းကောင်း၊ ကြိမ်သာကျေးရွာ ဘုန်းကြီးကျောင်း၌ ကြိမ်သာကျေးရွာ ဒေသခံပြည်သူများကို လည်းကောင်း တွေ့ဆုံ၍ ကျေးရွာများ၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ လူမှုဘဝဖူလုံရေးနှင့် ဒေသဖွံ့ဖြိုးရေး အခြေအနေများကို တွေ့ဆုံမေးမြန်း ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းပေးခဲ့သည်။

**သတင်းစဉ်**

# မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို ပွင့်ဖြူမြို့နယ် ချွန်းစုကျေးရွာ လျှပ်စစ်မီးလင်းရေးဖွင့်ပွဲ တက်ရောက်ဖွင့်လှစ်

**ပွင့်ဖြူ ဇွန် ၅**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ရွှေလှေကျေးရွာအုပ်စု ချွန်းစုကျေးရွာတွင် ဒေသခံကျေးလက်နေပြည်သူများ ၂၄ နာရီ လျှပ်စစ်မီးအသုံးပြုနိုင်ရေးအတွက် ဆောင်ရွက်ပြီးစီးသည့် ကျေးရွာလျှပ်စစ်မီးလင်းရေးဖွင့်ပွဲ အခမ်းအနားကို ဇွန် ၅ ရက် နံနက် ၁၀ နာရီက အဆိုပါကျေးရွာ၌ ဆောင်ရွက်ပြီးစီးသည့် ထရန်စဖော်မာအနီး ယာယီမဏ္ဍပ်၌ ကျင်းပသည်။ ရှေးဦးစွာ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို၊ တိုင်းဒေသကြီး သဘာဝသယံဇာတ၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယတိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာ ဦးထွားညွှန့်၊ မင်းဘူးခရိုင်အုပ်ချုပ်ရေးမှူး ဦးစန်းဌေးတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးခဲ့ကြသည်။

ဆက်လက်၍ အခမ်းအနားကို ယာယီမဏ္ဍပ်တွင် ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး **(ယာပုံ)** မကွေးတိုင်းဒေသကြီး သဘာဝသယံဇာတ၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယတိုင်းဒေသကြီးလျှပ်စစ်အင်ဂျင်နီယာ ဦးထွားညွှန့်က ကျေးလက်နေပြည်သူများ လျှပ်စစ်မီးအသုံးပြုနိုင်ရေး ကျေးရွာလျှပ်စစ်မီးလင်းရေးလုပ်ငန်း ဆောင်ရွက်ပေးနေမှု အခြေအနေများနှင့် လျှပ်စစ်မီးအသုံးပြုပါက လျှပ်စစ်အန္တရာယ် ကင်းရှင်းစေရေး သတိပြု လိုက်နာဆောင်ရွက်ရမည့် လျှပ်စစ်အန္တရာယ်ဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းဆွေးနွေး ပြောကြားခဲ့သည်။ ထို့နောက် တက်ရောက်လာကြသည့် ဒေသခံရပ်မိရပ်ဖများကိုယ်စား ကျေးရွာလျှပ်စစ်မီးလင်းရေးကော်မတီ ဥက္ကဋ္ဌ ဦးကျော်သန်းက ကျေးရွာလျှပ်စစ်မီးရရှိသည့်အတွက် ကျေးဇူးတင်ဝမ်းသာပီတိစကား ပြန်လည်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

ပွင့်ဖြူမြို့နယ် ရွှေလှေကျေးရွာအုပ်စု ချွန်းစုကျေးရွာသည် အိမ်ထောင်စု ၂၀၀ ခန့်၊ လူဦးရေ ၁၀၀၀ နီးပါးခန့်ရှိကြောင်း သိရပြီး ကျေးရွာနေပြည်သူများ ၂၄ နာရီ လျှပ်စစ်မီးသုံးစွဲခွင့်ရရှိနိုင်ရေးအတွက် ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ် တိုင်းဒေသကြီး သဘာဝသယံဇာတ၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၏ ပိုလျှံရန်ပုံငွေ လုပ်ငန်းခေါင်းစဉ်မှ ခွင့်ပြုရန်ပုံငွေဖြင့် ၁၁ ကေဗွီလိုင်း ၁ ဒသမ ၁၂ မိုင်နှင့် ၂၀၀ ကေဗွီအေ ထရန်စဖော်မာတစ်လုံး ထောက်ပံ့ပေးပြီး ကျေးရွာမှ ပြည်သူလူထုထည့်ဝင်ငွေကျပ်သိန်း ၁၅၀ ကျော်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ယခုအခါ ကျေးရွာလျှပ်စစ်မီးလင်းရေး လုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်ပြီးစီးသွားသည့်အတွက် ရွှေလှေကျေးရွာအုပ်စု ချွန်းစုကျေးရွာမှ ဒေသခံပြည်သူများအနေဖြင့် ၂၄ နာရီ လျှပ်စစ်မီး အသုံးပြုပြီး ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်လုပ်ကိုင်ခွင့်ရရှိတော့မည်ဖြစ်ရာ ဒေသခံပြည်သူများ ဝမ်းသာပျော်ရွှင်လျက်ရှိနေကြကြောင်း သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**



# အောင်လော့ဒ်ဒေသမှ ခေတ္တတိမ်းရှောင်မိသားစုများအတွက် နယ်စပ်ရေးရာဝန်ကြီးဌာနက ထောက်ပံ့ပစ္စည်းများပေးအပ်

**နေပြည်တော် ဇွန် ၅**

နယ်စပ်ရေးရာဝန်ကြီးဌာနက ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် တနိုင်းမြို့နယ် အောင်လော့ဒ်ဒေသမှ နယ်မြေလုံခြုံရေးအခြေအနေအရ ခေတ္တတိမ်းရှောင်လာသော မိသားစုဝင် ၂၆၈ ဦးအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်ခြင်း အခမ်းအနားကို ဇွန် ၄ ရက်က တနိုင်းမြို့ ကင်ဆားရာရပ်ကွက်ရှိ စိန့်ဂျိုးဇက် (RC) ဘုရားကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် နယ်စပ်ရေးရာဝန်ကြီးဌာနက ထောက်ပံ့ပေးသော ငွေကျပ် ၄၇၃၂၁၅၂ တန်ဖိုးရှိ ရိက္ခာ တစ်လစာ ဆန် ၉၇ အိတ်၊ ဆီ ၁၆၆ ပိဿာ၊ ကုလားပဲ ၂၄၉ ပိဿာ၊ ဆား ၄၁ ပိဿာတို့ကို ညွှန်ကြားရေးမှူး ဦးအောင်ကျော်ထူးက ပေးအပ်ရာ ဒေသခံပြည်သူများက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် ကချင်ပြည်နယ်အတွင်းရှိ ခေတ္တတိမ်းရှောင်မိသားစုဝင် ၂၈၆၉ ဦးအတွက် ဆန် ၁၁၁၆ အိတ်၊ ဆီ ၁၇၈၈ ပိဿာ၊ ကုလားပဲ ၁၈၅၆ ပိဿာ၊ ဆား ၅၄၈ ပိဿာ၊ စောင် ၁၆၂ ထည်၊ ခြင်ထောင် ၈၂ လုံးတို့အား ဖားကန့်မြို့နယ် မံဝယ်ကျေးရွာနှင့် လဝါးကျေးရွာ၊ မြစ်ကြီးနားမြို့နယ် တန်ဖဲကျေးရွာ၊ မိုးကောင်းမြို့နယ် နမ္မတီးမြို့၊ တနိုင်းမြို့နယ် အောင်လော့ဒ်ကျေးရွာနှင့် ဝိုင်းမော်မြို့နယ် ရှငေါ်ကျေးရွာတို့တွင် နယ်မြေခံတပ်မတော်နှင့်ပူးပေါင်း၍ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရွှေဘိုမြို့ ဆယ်ပင်ကျွန်းကျေးရွာ လျှပ်စစ်မီးရရှိရန် ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇွန် ၅**

ရွှေဘိုမြို့နယ်အတွင်းမှ မဟာဓာတ်အားလိုင်း ရောက်ရှိရန်ခက်ခဲသည့် ဆယ်ပင်ကျွန်းကျေးရွာ လျှပ်စစ်မီးရရှိရန်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါကျေးရွာ လျှပ်စစ်မီးရရှိရန်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသော အမျိုးသားအဆင့်လျှပ်စစ်ဓာတ်အားရရှိရေး (NEP) စီမံကိန်းတွင်ပါဝင်သည့် ဆိုလာအသေးစားဓာတ်အားပေးစနစ်မှ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်သွားမည့် လုပ်ငန်းအခြေအနေကို ဇွန် ၅ ရက်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော်က သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မှတ်သားဖွယ်ရာမိုးရေချိန်များ

**နေပြည်တော် ဇွန် ၅**

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ကလေးမြို့တွင် ၄ ဒသမ ဝ၆ လက်မ ၊တမူးမြို့တွင် ၃ ဒသမ ၃၉ လက်မ ၊မတူပီမြို့တွင် ၂ ဒသမ ၆၀ လက်မ၊ ပုသိမ်မြို့တွင် ၂ ဒသမ ၂၄ လက်မ၊ ခန္တီးမြို့တွင် ၂ ဒသမ ၁၆ လက်မ၊ သာယာဝတီမြို့တွင် ၁ ဒသမ ၉၃ လက်မ၊ နေပြည်တော်(ဇဗ္ဗူသီရိမြို့နယ်)တွင် ၁ ဒသမ ၈၅ လက်မ၊ ဟားခါးမြို့တွင် ၁ ဒသမ ၆၆ လက်မ၊ တီးတိန်မြို့တွင် ၁ ဒသမ ၆၁ လက်မ၊ ကော့သောင်းမြို့တွင် ၁ ဒသမ ၅၈ လက်မ၊ မင်းတပ်မြို့နှင့်ဟုမ္မလင်းမြို့တို့တွင် ၁ ဒသမ ၅၃လက်မစီ၊ ကလေးဝမြို့နှင့် ခရမ်းမြို့တို့တွင် ၁ ဒသမ ၅၀ လက်မစီ၊ ပျဉ်းမနားမြို့တွင် ၁ ဒသမ ၄၆ လက်မ၊ မင်းကင်းမြို့တွင် ၁ ဒသမ ၄၂ လက်မနှင့် မိုးညှင်းမြို့တွင် ၁ ဒသမ ၃၈ လက်မတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

# အမျိုးသမီးငယ်များအပေါ် အကြမ်းဖက်မှုနှင့် နှောင့်ယှက်မှုများ မဖြစ်ပွားစေရေး အသိပညာပေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားမည်

**ရန်ကုန် ဇွန် ၅**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ပြည်သူ့လွှတ်တော်တွင် အဆိုတင်သွင်းသည့် သက်ငယ်မုဒိမ်းမှုနှင့် ပတ်သက်ပြီး သေဒဏ်ရရှိရေးကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်စိုးမိုးက ပြောကြားသည်။

ယနေ့ကျင်းပသော ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးတွင် လှိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂) လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခိုင်မာဌေး၏ မေးခွန်းကို ပြန်လည်ဖြေကြားရာတွင် ဝန်ကြီးက ထိုသို့ထည့်သွင်းပြောကြားခဲ့ခြင်း ဖြစ်သည်။



ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်အစည်းအဝေး ကျင်းပစဉ်။

### အမျိုးသမီးများ အကြမ်းဖက်ခံရမှုများအတွက် ကာကွယ်ပေးရန်

တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ခိုင်မာဌေးက ရန်ကုန်တိုင်းဒေသကြီးအစိုးရအနေဖြင့် ရန်ကုန်တိုင်းအတွင်း နေထိုင်သော အမျိုးသမီးများ၏ အကြမ်းဖက်ခံရမှုများအတွက် လုံခြုံစိတ်ချရသော မြို့ပြတစ်ခုအဖြစ် ကာကွယ်ပေးရန် အစီအစဉ် ရှိ၊ မရှိနှင့် မရှိပါက မည်သည့်အချိန်တွင် စတင်အကောင်အထည်ဖော်မည်၊ မရှိပါက မည်သည့်အကြောင်းကြောင့်ဖြစ်သည်ကို သိရှိလိုပါကြောင်း မေးမြန်းခဲ့သည်။

လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်စိုးမိုးက ပြန်လည်ဖြေကြားရာတွင် ရန်ကုန်တိုင်းဒေသကြီးသည် လူဦးရေထူထပ်ခြင်း၊ စီးပွားရေးအရ အချက်အချာကျသော ဒေသဖြစ်ခြင်း၊ လူအဝင်အထွက် များပြားသည့်ဒေသဖြစ်ခြင်းတို့ကြောင့် မှုခင်းဖြစ်ပွားမှုသည် အခြားတိုင်းဒေသကြီးများနှင့် နှိုင်းယှဉ်ပါက များပြားနိုင်ပါကြောင်း၊ ထိုသို့ မှုခင်းဖြစ်ပွားမှု အခြေအနေများကို ထိန်းချုပ်ရန်နှင့် ဖြစ်ပွားသောမှုခင်းများ အရေးယူဆောင်ရွက်နိုင်ရေးအတွက် နှစ်စဉ်၊ လစဉ် စီမံချက်များ ချမှတ်ဆောင်ရွက်လျက်ရှိသည့်အပြင် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူ့ဘဝလုံခြုံရေးကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန် ရဲတပ်ဖွဲ့နှင့်အတူ အုပ်ချုပ်ရေးအဖွဲ့များ၊ ရပ်ရွာနေပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် ရပ်ရွာနေပြည်သူအခြေပြု ရဲလုပ်ငန်းစီမံချက်ကို ဆောင်ရွက်လျက်ရှိသဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း နေထိုင်ကြသည့် အမျိုးသမီးငယ်များသာမက လုံခြုံအေးချမ်းမှုရရှိစေရန် ရဲတပ်ဖွဲ့မှ ဆောင်ရွက်လျက်ရှိပါကြောင်း။

အမျိုးသမီးငယ်များအပေါ် အကြမ်းဖက်မှုများ၊ လိင်ပိုင်းဆိုင်ရာ စော်ကားမှုများသည် လူမှုရေးဖောက်ပြန်ကျူးလွန်သော ပြစ်မှုဖြစ်သဖြင့် ပြစ်မှုကျူးလွန်သူများကို ထိရောက်သော ပြစ်ဒဏ်ရရှိရေးအတွက် တရားစွဲအဖွဲ့အစည်းများဖြစ်သည့် ရဲတပ်ဖွဲ့၊ ဥပဒေနှင့် တရားစီရင်သော တရားရုံးများမှ အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း၊ အမျိုးသမီးငယ်များအား အကြမ်းဖက်မှုနှင့် ကာယိန္ဒြေထိပါးစော်ကားမှုကို ကာကွယ်စောင့်ရှောက်ရန် အလို့ငှာဥပဒေဖြင့်လည်း အကာအကွယ်ပေးထားပြီး ဖြစ်ပါကြောင်း၊ အမျိုးသမီးများအပေါ် ဥပဒေအရ အကာအကွယ်ပေးထားသဖြင့် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့အနေဖြင့်လည်း အမျိုးသမီးများအပေါ် စော်ကားနှောင့်ယှက်သူများအား ဥပဒေအတိုင်း ပြစ်ဒဏ်ရရှိစေရေးအတွက် ပြစ်မှုကျူးလွန်သူများကို ဖမ်းဆီးအရေးယူ ဆောင်ရွက်ခြင်းနှင့် စပ်လျဉ်း၍ ရာဇသတ်ကြီးပုဒ်မ ၃၅၄ ဖြင့် ကျူးလွန်သူများအား ၂၀၁၅ ခုနှစ်တွင် ၄၇၇ မှု၊ ၂၀၁၆ ခုနှစ်တွင် ၄၆၄ မှု၊ ၂၀၁၇ ခုနှစ်တွင် ၅၃၃ မှု ဖမ်းဆီးအရေးယူခဲ့ပါကြောင်း၊ ၂၀၁၆ ခုနှစ်တွင် ရာဇသတ်ကြီး ဥပဒေပုဒ်မ ၃၇၅ ပါ ပြဋ္ဌာန်းချက်ကို ပြင်ဆင်ပြဋ္ဌာန်းခဲ့ပါကြောင်း၊ ပြင်ဆင်ပြဋ္ဌာန်းသည့် ဥပဒေအရ ပြုကျင့်ခံရသူ အမျိုးသမီးများ၏ အသက်အရွယ်ကို ၁၄ နှစ်အောက်မှ ၁၆ နှစ်အောက်သို့ ပြင်ဆင်ပြောင်းလဲ သတ်မှတ်ပေးခဲ့သဖြင့် အရွယ်မရောက်သေးသူ မိန်းကလေးများအား လိင်ပိုင်းဆိုင်ရာ စော်ကားမှု မရှိစေရေးအတွက် ဥပဒေအရ အကာအကွယ်ရရှိရန် ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၁၇ ခုနှစ်အတွင်း မုဒိမ်းမှုတိုင်တန်းမှု ၂၇၀ အနက် ရိုးရိုးမုဒိမ်းမှု ၇၈ မှုမှ ပြစ်မှုကျူးလွန်သူ ၇၈ ဦးအား လည်းကောင်း၊ သက်ငယ်မုဒိမ်းမှု ၁၉၂ မှုမှ ပြစ်မှုကျူးလွန်သူ ၁၉၄ ဦးအား ဖမ်းဆီးတရားစွဲဆိုတင်ပို့ခဲ့ပြီး ကျူးလွန်သူများအား အမြင့်ဆုံးပြစ်ဒဏ်အထိ ထိရောက်ပြစ်ဒဏ်ရရှိရေး ဆောင်ရွက်ခဲ့ပါကြောင်း။

အမျိုးသမီးများ အကြမ်းဖက်မှု ဖြစ်ပေါ်မှုမရှိစေရေး နှင့် ဘဝလုံခြုံမှုရှိစေရေးအတွက် သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များမှ ကြပ်မတ်ပြီး တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စုအသီးသီးတွင် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ပညာရေး၊ လူမှုဝန်ထမ်းနှင့် အလုပ်သမားဝန်ကြီးဌာနများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ ပူးပေါင်းကာ အသိပညာပေးဟောပြောပွဲများ၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုမရှိစေရေး အသိပညာပေးဆွေးနွေးခြင်းများ၊ သက်ငယ်မုဒိမ်းမှုပပျောက်ရေး အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း၊ တိုင်းဒေသကြီးရဲတပ်ဖွဲ့အနေဖြင့် အမျိုးသမီးများအား အကြမ်းဖက်ခြင်း၊ လိင်ပိုင်းဆိုင်ရာ စော်ကားခြင်းနှင့် နှောင့်ယှက်ခြင်းများ ကျူးလွန်သူများကို တည်ဆဲဥပဒေအရ ကျူးလွန်သည့်ပြစ်ဒဏ်အပေါ် ထိရောက်စွာ အရေးယူဆောင်ရွက်ရေးကို ပြည်သူ့လွှတ်တော်တွင် အဆိုတင်သွင်း၍ သက်ငယ်မုဒိမ်းမှုနှင့် ပတ်သက်ပြီး သေဒဏ်ရရှိရေးကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါပြစ်မှုများ ကျူးလွန်စော်ကားခြင်းမရှိစေရေးအတွက် ကြိုတင်ကာကွယ်မှုအနေဖြင့် အသိပညာပေးလုပ်ငန်းများကို မြို့ပေါ်နှင့် ကျေးရွာ ပါမကျန် ကျယ်ကျယ်ပြန့်ပြန့် ပညာပေးဆောင်ရွက်လျက်ရှိရာ သက်ငယ်မုဒိမ်းမှုကျဆင်းရေး ဟောပြောပွဲများကို စာသင်ကျောင်း၊ ရပ်ကွက်၊ ကျေးရွာ၊ စက်ရုံ၊ အလုပ်ရုံများ၌ အသိပညာပေးမှုများ ပြုလုပ်ရာ ၂၀၁၅ ခုနှစ်တွင် ၂၅၈၂ ကြိမ်၊ တက်ရောက်သူ ၄၄၁၆၄ ဦး၊ ၂၀၁၆ ခုနှစ်တွင် ၂၆၉၈ ကြိမ်၊ တက်ရောက်သူ ၆၂၀၁၅ ဦး၊ ၂၀၁၇ ခုနှစ်တွင် ၂၈၁၂ ကြိမ်၊ တက်ရောက်သူ ၆၇၇၁၅ ဦး ပြုလုပ်ခဲ့ပါကြောင်း၊ အသိပညာပေးဟောပြောမှုများ ထိရောက်အောင် ဝန်ကြီးဌာနများနှင့် ပူးပေါင်းပြီး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

### ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဖြင့် လုံခြုံစိတ်ချရသော မြို့ပြဖော်ဆောင်နိုင်မည်

အမျိုးသမီးငယ်များအား အကြမ်းဖက်မှု ပြဿနာနှင့် စပ်လျဉ်း၍ တရားဥပဒေစိုးမိုးရေးဆောင်ရွက်ရာတွင် နိုင်ငံသားတိုင်းတွင် တာဝန်ရှိကြောင်း၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၂၁(ဂ)တွင် ပြဋ္ဌာန်းထားသဖြင့် တရားဥပဒေစိုးမိုးရေးတာဝန်ဆောင်ရွက်နေသော ရဲတပ်ဖွဲ့နှင့်အတူ လွှတ်တော်ကိုယ်စားလှယ်များ၊ အုပ်ချုပ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ရွာနေပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဖြင့်သာ အမျိုးသမီးငယ်များအတွက် လုံခြုံစိတ်ချရသော မြို့ပြတစ်ခုအဖြစ် ဖော်ဆောင်နိုင်မည်ဖြစ်ပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့အနေဖြင့် အမျိုးသမီးများအပေါ် ကျူးလွန်သည့် ပြစ်မှုများကို ထိရောက်ပြစ်ဒဏ်ရရှိရေးအတွက် ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် အမျိုးသမီးငယ်များအပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုနှင့် စော်ကားနှောင့်ယှက်မှုများ မဖြစ်ပွားစေရေးအတွက် အသိပညာပေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ပေါင်းစပ်၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားခဲ့သည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)၊ တင်စိုး(မြန်မာ့အလင်း)**

# သီပေါမြို့၌ ပြည်သူ့စကားဝိုင်းကျင်းပ

**သီပေါ ဇွန် ၅**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ပူးပေါင်း၍ “တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူတို့၏ အခန်းကဏ္ဍ” ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း (Public Talk) ကို ဇွန် ၅ ရက် နံနက် ၉ နာရီခွဲက မြို့တော်ခန်းမ၌ ကျင်းပခဲ့သည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းသန့်စင်က အမှာစကားပြောကြားပြီး စကားဝိုင်းဆွေးနွေးပွဲတွင် မြို့နယ်တရားသူကြီး ဦးထွန်းမျိုးဌေးက တရားရုံးမှ ပြည်သူများကို ဆောင်ရွက်ပေးနေသည့် လုပ်ငန်းစဉ်များ၊ မြို့နယ်ဥပဒေအရာရှိ ဦးအောင်သင်းထွန်းက ပြည်သူများနှင့် အနီးစပ်ဆုံးဖြတ်သည့် ရာဇသတ်ကြီးပုဒ်မများနှင့် တရားစီရင်ရေးဆိုင်ရာများ၊ မြို့နယ်စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ ဦးစိုင်းခွန်ဇော်ဦးက စည်ပင်သာယာရေးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များ၊ ပြဋ္ဌာန်းထားသော စည်ပင်ဥပဒေအကြောင်းအရာများ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်ကြည်ထွန်းက မီးအသုံးပြုမှုနှင့် ပတ်သက်၍ အများပြည်သူသိသင့်သော ဆောင်ရန်ရှောင်ရန်များကို ရှင်းလင်းဆွေးနွေးကြသည်။

အခမ်းအနားသို့ ပြည်သူ ၃၀၀ ကျော် တက်ရောက်ကြပြီး အပြန်အလှန်ဆွေးနွေးခဲ့ကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**




ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့၏ စီစဉ်မှုဖြင့် ရဲတပ်ဖွဲ့ဝင်များအတွက် စိတ်ခံစားမှုသုံးသပ်လေ့လာခြင်း(ဆင့်ပွား)သင်တန်းအမှတ်စဉ်(၄/၂၀၁၈)ဖွင့်ပွဲအခမ်းအနားကို ဇွန် ၄ ရက်က သန်လျင်သင်တန်းကျောင်းတွင် ပြုလုပ်ရာ တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးက သင်တန်းဖွင့်အမှာစကားပြောကြားစဉ်။

ကိုကြီးတင်

✳ *ကျောဖုံးမှ*

ဆီမီးသို့ တက်လှမ်းခွင့်ရသွားပြီဖြစ်သည်။

(ဂ)အဆင့် ၄၈ ကီလိုတန်း သုံးချီပြိုင်ပွဲများတွင် ဇာနည်အောင်(ကရင်)က သက်ပိုင်ဖြိုးကိုဦး (တနင်္သာရီ)ကို ဒုတိယအချီ ၂ မိနစ် ၁၀ စက္ကန့်တွင် အလဲထိုးဖြင့် လည်းကောင်း၊ မျိုးမင်းသန့်(မန္တလေး)က ဇော်သူရထွန်း(ချင်း)ကို အမှတ်ဖြင့် လည်းကောင်း၊ သက်ပိုင်မှူး(စစ်ကိုင်း)က သက်ထူးအောင်(မွန်)ကို ပထမအချီ ၂ မိနစ် ၁၆ စက္ကန့်တွင် အလဲထိုးဖြင့် လည်းကောင်း အသီးသီး အနိုင်ရ ခဲ့သည်။

**အလဲထိုး**

၅၁ ကီလိုတန်း သုံးချီပြိုင်ပွဲများတွင် အောင်နိုင်ဦး(ကရင်)က စိုးလင်းအောင်(ရန်ကုန်)ကို ပထမအချီ ၂ မိနစ် ၀၃ စက္ကန့်တွင် အလဲထိုးဖြင့်လည်းကောင်း၊ သက်နိုင်ဦး(ပဲခူး)က ဆန်းထွန်းဦး(ကချင်)ကို အမှတ်ဖြင့် လည်းကောင်း၊ ဝဏ္ဏထွန်း(မွန်)က နေမျိုးအောင်(မန္တလေး)ကို အမှတ်ဖြင့်လည်းကောင်း၊ ထွန်းလင်းဦး(စစ်ကိုင်း)က ကျော်ကျော်ဇင်(မကွေး)ကို အမှတ်ဖြင့်လည်းကောင်း အသီးသီးအနိုင်ရခဲ့ကြသည်။

တစ်ဖန် (ဂ) အဆင့် ၅၄ ကီလိုတန်း သုံးချီပြိုင်ပွဲများတွင် တောက်ထွန်း(မွန်)က သိန်းဌေးအောင် (မန္တလေး)ကို တတိယအချီ ၁ မိနစ် ၄၄ စက္ကန့်တွင် အလဲထိုးဖြင့် လည်းကောင်း၊ သက်ဦးကျော်(ရောဝတီ)က ရာဇာခိုင်(စစ်ကိုင်း)ကို ပထမအချီ ၁ မိနစ် ၁၃ စက္ကန့်မှာပင် အလဲထိုးဖြင့် လည်းကောင်း၊ သန့်ဇင်စိုး(တနင်္သာရီ)က ဇွဲသီဟ(ရန်ကုန်)ကို ပထမအချီ ၁ မိနစ် ၄၂ စက္ကန့်တွင် အလဲထိုးဖြင့်လည်းကောင်း၊ စိုးမင်းထိုက်(ကရင်)က ဟန်မျိုးအောင် (မန္တလေး)ကို အမှတ်ဖြင့်လည်းကောင်း အသီးသီး အနိုင်ရခဲ့ပြီး ၅၇ ကီလို သုံးချီပြိုင်ပွဲများတွင် မင်းသီဟ(စစ်ကိုင်း)က မျိုးချစ်အောင်(မကွေး)ကို ပထမအချီ ၁ မိနစ် ၄၈ စက္ကန့်တွင် အလဲထိုးဖြင့်လည်းကောင်း၊ ဆလိုင်းဟိန်းထက်မြဝင်း (ပဲခူး)က သူထက်အောင်(ကရင်)ကို အမှတ်ဖြင့် လည်းကောင်း၊ ချစ်ဇော်အောင်(မန္တလေး)က ရှိုင်းထက်ပိုင်(မွန်)ကို ဒုတိယအချီ ၂၄ စက္ကန့်မှာပင် အလဲထိုးဖြင့်လည်းကောင်း အသီးသီးအနိုင်ရကာ နောက်တစ်ဆင့်သို့ တက်လှမ်းသွားကြပြီဖြစ်သည်။

**ကွာတားဖိုင်နယ်ပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်မည်**

အမျိုးသမီး ၄၈ ကီလိုတန်း သုံးချီပြိုင်ပွဲများမှာတော့ ရွှေကိုလေး(ပဲခူး)က နိုင်းအဲ့(ချင်း)ကို လက်ရည်မမျှ ဒိုင်ပွဲရပ်ဖြင့် ရွှေကိုလေးအား အနိုင်ပေးခဲ့ပြီး လင်းယုန်မေ(မန္တလေး)နှင့် နော်သော နေထူး(ကရင်)တို့ပွဲတွင် လင်းယုန်မေ(မန္တလေး)က အမှတ်ဖြင့်နိုင်ကာ ဆီမီးဖိုင်နယ်သို့ တက်လှမ်းသွားခဲ့သည်။ **(ယနေ့)** ဇွန် ၆ ရက် မွန်းလွဲ ၁ နာရီတွင် မြန်မာ့ရိုးရာလက်ဝှေ့ တိုင်းဒေသကြီးနှင့် ပြည်နယ် ကွာတားဖိုင်နယ်ပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင် ထိုးသတ်သွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်စိန်လွင်(မြန်မာ့အလင်း)**

# တပ်ကုန်းမြို့တွင် ရပ်ထားသောယာဉ်အား ဆိုင်ကယ်က ဝင်တိုက်မိရာ သုံးဦးသေဆုံး

**နေပြည်တော် ဇွန် ၅**

ဆီပြတ်၍ လမ်းပေါ်တွင် ရပ်ထားသော ၁၂ ဘီးယာဉ်အား နောက်မှဆိုင်ကယ်က ဝင်တိုက်မိရာ သုံးဦး သေဆုံးမှု တပ်ကုန်းမြို့တွင် ဖြစ်ပွားခဲ့သည်။

ယမန်နေ့ ည ၁၁ နာရီခွဲက တပ်ကုန်းမြို့ ရန်ကုန်-မန္တလေးကားလမ်း မိုင်တိုင် ၂၇၆/၀ နှင့် ၂၇၆/၁ ကြား မြို့နယ်အားကစားဘောလုံးကွင်းအနီးတွင် ပျဉ်းမနားမြို့မှ ရမည်းသင်းမြို့ဘက်သို့ မြတ်သူ(၃၆ နှစ်) မောင်းနှင်ပြီး လင်းလင်းနိုင်(၃၆ နှစ်)နှင့် သန်းထိုက်စိုးတို့ လိုက်ပါလာသည့် ၃၀ယ/------ ကင်ဘိုဆိုင်ကယ်သည် ရှေ့၌ ဆီပြတ်၍ လမ်းပေါ်တွင် စုံအချက်ပြမီးပြ၍ ရပ်တန့်ထားသည့် ယာဉ်မောင်း ဝင်းမိုးကျော်(၂၃ နှစ်) ပခုက္ကူမြို့နယ်နေသူ၏ 7B/----- နီဆန်း ၁၂ ဘီးယာဉ်၏ ဝဲဘက်နောက်ပိုင်းအား ဝင်ရောက်တိုက်မိခဲ့ရာ သန်းထိုက်စိုးနှင့် မြတ်သူတို့မှာ အခင်းဖြစ်နေရာတွင် သေဆုံးပြီး လင်းလင်းနိုင်အား ဆေးရုံသို့ပို့ဆောင်စဉ် သေဆုံးသွားခဲ့သည်။

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ တပ်ကုန်းမြို့မရဲစခန်းက အမှုဖွင့် ဆောင်ရွက်ထားကြောင်း သိရသည်။

**မင်းမင်းလတ် (မန်းတက္ကသိုလ်)**

ဥပဒေဘောင်အတွင်း

နေထိုင်ခြင်း

ဘေးကင်းရန်ကွ

စိတ်ချမ်းသာ

# ဘဝနတ်ထံ ပျံလွန်တော်မူ

**နေပြည်တော် ဇွန် ၅**

ရှမ်းပြည်နယ် တောင်ကြီးမြို့ ဘုရားကြီးမြောက်ကျောင်း ပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယက နိုင်ငံတော်ဩဝါဒါစရိယ ရွှေကျင်နိကာယ ရတ္တညူ မဟာနာယက(အဂ္ဂမဟာပဏ္ဍိတ)ဆရာတော် ဘဒ္ဒန္တနာဂိန္ဒာလင်္ကာရသည် သက်တော် ၈၅ နှစ်၊ သိက္ခာတော် ၆၅ ဝါအရ ၁၃၈၀ ပြည့်နှစ်၊ နယုန်လပြည့်ကျော် ၆ ရက်၊ ၄-၆-၂၀၁၈ တနင်္လာနေ့၊ နံနက် ၅ နာရီ ၄၅ မိနစ်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်းနှင့် ၆-၆-၂၀၁၈ ရက်နေ့တွင် အန္တိမအဂ္ဂိဈာပနအခမ်းအနား ကျင်းပမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **သတင်းစဉ်**

## နိုင်ငံတော်ဩဝါဒါစရိယ၊ ရွှေကျင်နိကာယ ရတ္တညူ မဟာနာယက ရှမ်းပြည်နယ် တောင်ကြီးမြို့ ဘုရားကြီးမြောက်ကျောင်း ပရိယတ္တိစာသင်တိုက်ဦးစီးပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနာဂိန္ဒာလင်္ကာရ၏ ထေရုပ္ပတ္တိအကျဉ်း



**ဖွားမြင်တော်မူခြင်း**

ဆရာတော် လောင်းလျာသည် ရောဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ကွမ်းသီးပင်ရွာသစ်ကျေးရွာ ခမည်းတော် ဦးထွန်းမောင်+ မယ်တော် ဒေါ်အေးခိုင်တို့မှ ၁၂၉၆ ခုနှစ် ကဆုန်လပြည့်ကျော် ၁၅ ရက် စနေနေ့တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်ပါသည်။

**ရှင်ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခြင်း**

ဆရာတော် လောင်းလျာသည် ၁၃၀၈ ခုနှစ်တွင် ညောင်တုန်းမြို့နယ် ကွမ်းသီးပင်ရွာသစ်ကျေးရွာ လယ်ပြင်ကျောင်း ဆရာတော် ဘဒ္ဒန္တဝိမလကို ဥပဇ္ဈာယ်ပြုလျက် မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပြီး ၁၃၁၆ ခုနှစ်တွင် ညောင်တုန်းမြို့ ရွှေဟင်္သာတောရကျောင်းတိုက် သီလဝိသောဓနီ ခဏ္ဍသိမ်၌ ဘဒ္ဒန္တဝိမလကို ဥပဇ္ဈာယ်ပြုလျက် ဦးသင်း+ဒေါ်ခင်ခင်ကြီးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

**ပရိယတ္တိစာပေ သင်ယူဆည်းပူးတော်မူခြင်း**

ဆရာတော်သည် ညောင်တုန်းမြို့နယ် ကွမ်းသီးပင်ရွာသစ်ကျေးရွာ လယ်ပြင်ကျောင်း ဆရာတော်၊ ညောင်တုန်းမြို့ ရွှေဟင်္သာတောရကျောင်းတိုက်ဆရာတော်၊ မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ် ဆီးပင်ကျောင်းဆရာတော်၊ နဝမရွှေကျင်သာသနာပိုင် စံကင်းဆရာတော်၊ တောင်ကြီးမြို့ အောင်မြေသာစည် ရွှေကျင်ကျောင်းတိုက် ဆရာတော်များထံတွင် ပါဠိ၊ အဋ္ဌကထာ၊ ဋီကာတို့ကို လေ့လာဆည်းပူးသင်ယူခဲ့ပါသည်။

**သာသနာရေးဆောင်ရွက်တော်မူခြင်း**

ဆရာတော်သည် ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီးတွင် သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ်၊ ရှမ်းပြည်နယ် သံဃနာယကအဖွဲ့(ရွှေကျင်) အကျိုးတော်ဆောင်၊ စတုတ္ထအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီးမှ စ၍ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်၊ နိုင်ငံတော်အစိုးရ ဓမ္မာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲများတွင် ဥက္ကဋ္ဌ၊ အဖွဲ့ဝင်၊ ဂိုဏ်းလုံးဝင်ဆောင်နာယက၊ ရွှေကျင်နိကာယ ရတ္တညူ မဟာနာယကနှင့် ယနေ့အချိန်ထိ နိုင်ငံတော် ဩဝါဒါစရိယအဖြစ် တာဝန်များကို ဆောင်ရွက်တော်မူခဲ့ပါသည်။

**ဘွဲ့တံဆိပ်အလှူခံရရှိတော်မူခြင်း**

ဤသို့လျှင် အများပြည်သူ၊ ရဟန်းရှင်၊ လူတို့၏ ကြည်ညိုလေးစားမှုကို ခံယူရရှိတော်မူခြင်း၊ လဇ္ဇီပေသလ၊ သိက္ခာကာမ၊ ပရိယတ္တိဝိသာရဒ၊ ပဋိပတ္တိမာမက ဂုဏ်တို့နှင့် ပြည့်စုံတော်မူခြင်း၊ သီလ၊ သမာဓိ၊ ပညာ၊ သိက္ခာ သုံးပါးနှင့် ပြည့်စုံခြင်း စသည့် ဂုဏ်အင်္ဂါတို့နှင့် ကုံလုံပြည့်ဝတော်မူသည့် ဆရာတော် ဘဒ္ဒန္တနာဂိန္ဒာ လင်္ကာရအား ၁၃၆၇ (၂၀၀၆) ခုနှစ်တွင် နိုင်ငံတော်အစိုးရက ဆက်ကပ်လှူဒါန်းအပ်သော **အဂ္ဂမဟာပဏ္ဍိတ** ဘွဲ့တံဆိပ်တော်မြတ်ကို အလှူခံရရှိတော်မူခဲ့ပါသည်။

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

ဆရာတော်ကြီးသည် သာသနာတော်အကျိုး သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် ၈၅ နှစ်၊ သိက္ခာတော် ၆၅ ဝါအရ ၁၃၈၀ ပြည့်နှစ်၊ နယုန်လပြည့်ကျော် ၆ ရက်၊ ၄-၆-၂၀၁၈ တနင်္လာနေ့၊ နံနက် ၅ နာရီ ၄၅ မိနစ် အချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်းနှင့် ၆-၆-၂၀၁၈ ရက်နေ့တွင် အန္တိမအဂ္ဂိဈာပနအခမ်းအနား ပြုလုပ်မည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **သတင်းစဉ်**




# မြန်မာအမျိုးသမီးအသင်း ထိုင်းခရီးစဉ်သို့ ကစားသမား ၂၄ ဦးစလုံး ခေါ်ဆောင်သွားမည်

**ရန်ကုန် ဇွန် ၅**

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ယခုလအတွင်း သွားရောက်မည့် ထိုင်းခြေစမ်းခရီးစဉ်သို့ ပဏာမကစားသမား ၂၄ ဦးစလုံး ခေါ်ဆောင်သွားမည်ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် ဇွန် ၁၁ ရက်မှ ၁၇ ရက်အထိ ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့ သွားရောက်မည်ဖြစ်ပြီး ခြေစမ်းပွဲ သုံးပွဲ ကစားမည်ဖြစ်သည်။

ထိုင်းခြေစမ်းခရီးစဉ်သွားရောက်မည့် မြန်မာအမျိုးသမီးအသင်းတွင် နည်းပြချုပ်အဖြစ် ဦးဝင်းသူမိုး၊ လက်ထောက်နည်းပြအဖြစ် ဦးခင်မောင်ထွေး၊ ဦးစထက်နိုင်ဝင်း၊ ဒေါ်ဇင်မာဝမ်း၊ ဂိုးနည်းပြအဖြစ် ဦးမြတ်ကိုမင်း၊ ကစားသမားများအဖြစ် **ဂိုး-** မေဇင်နွယ် (မြဝတီ)၊ ဇာဇာမြင့် (အားကစားနှင့် ကာယပညာဦးစီးဌာန)၊ သင်းသင်းစိုး(ဇွဲကပင်)၊ **နောက်တန်း-** ခင်သန်းဝေ၊ အေးအေးမိုး (မြဝတီ)၊ အိရတနာဖြိုး၊ ဝေဝေအောင်၊ ခင်မျိုးဝင်း (အားကစားနှင့် ကာယပညာဦးစီးဌာန)၊ ဇင်မာဝင်း၊ ငယ်ငယ်ထွေး၊ ယမင်းလွင်(သစ္စာအားမာန်)၊ **အလယ်တန်း-**ခင်မိုးဝေ၊ နော်အားလိုဝါးဖော၊ ခင်မိုမိုထွန်း၊ နီလာမြင့်၊ သန္တာမိုး(သစ္စာအားမာန်)၊ နုနု၊ ခင်မာလာထွန်း၊ သင်းသင်းယု (အားကစားနှင့် ကာယပညာဦးစီးဌာန)၊ သန်းသန်းထွေး (ဇွဲကပင်)၊ **ရှေ့တန်း-** နီလာဝင်း၊ ဂျူလိုင်ကျော်(သစ္စာအားမာန်)၊ ရီရီဦး (အားကစားနှင့် ကာယပညာဦးစီးဌာန)နှင့် ဝင်းသိင်္ဂီထွန်း (မြဝတီ)တို့ ပါဝင်ကြသည်။ မြန်မာအမျိုးသမီးအသင်းသည် ခြေစမ်းပွဲများအဖြစ် ဇွန် ၁၂ ရက်နှင့် ၁၆ ရက်တွင် ထိုင်းလက်ရွေးစင် အမျိုးသမီးအသင်းနှင့် နှစ်ပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး ဇွန် ၁၄ ရက်တွင် ထိုင်းကလပ် အသင်းတစ်သင်းနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် ထိုင်းခြေစမ်းခရီးစဉ်အပြီးတွင် ကစားသမားတစ်ဦး လျှော့ချမည်ဖြစ်ပြီး အပြီးသတ် ၂၃ ဦး ရွေးချယ်မည်ဖြစ်သည်။

မြန်မာအမျိုးသမီးအသင်းသည် မတ်လဆန်းတွင် စခန်းဝင်လေ့ကျင့်မှုစတင်ပြုလုပ်ခဲ့ပြီး ပြည်တွင်းခြေစမ်းပွဲ ၁၂ ပွဲ ယှဉ်ပြိုင်ကစားခဲ့ရာ ကိုးပွဲနိုင်၊ သုံးပွဲရှုံးထားသည်။

**သတင်း-ရဲရင့်ရှိုင်း၊ ဓာတ်ပုံ-စိုးညွန့်**



မြန်မာအမျိုးသမီးဘောလုံးအသင်းတွင် ရွေးချယ်ခံထားရသည့် လူငယ်ကစားသမား ယမင်းလွင်။

# မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ဗန်တိုတံခွန်စိုက်ပြိုင်ပွဲ ကျင်းပ



**ရန်ကုန် ဇွန် ၅**

စတုတ္ထအကြိမ် မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား ဗန်တိုတံခွန်စိုက်ပြိုင်ပွဲကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားရုံ၌ ကျင်းပသည်။

ပထမနေ့ပွဲစဉ်တွင် ကီလိုတန်းအလိုက် အမျိုးသား၊ အမျိုးသမီး ရှုံးထွက်ပြိုင်ပွဲများ ကျင်းပခဲ့သည်။ ပြိုင်ပွဲတွင် အမျိုးသား ခြောက်တန်း၊ အမျိုးသမီး သုံးတန်းနှင့် သက်ငယ် နှစ်တန်း ပါဝင်ယှဉ်ပြိုင်ကြသည်။ အဆိုပါပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရောဝတီတိုင်းဒေသကြီး၊ သိုင်းပင်မများ၊ ကာကွယ်ရေး၊ ပြည်ထဲရေး စုစုပေါင်း အသင်း ၁၅ သင်း၊ အားကစားသမား ၈၀ ခန့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ပြိုင်ပွဲကို ဇွန် ၉ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**တင်စိုး(မြန်မာ့အလင်း)**

◆ *ကျောဖုံးမှ*

အင်ဒိုနီးရှားနိုင်ငံ၌ပင် မြန်မာအမျိုးသမီးအသင်းနှင့်အတူ ယှဉ်ပြိုင်ရမည့်အသင်းမှာ မြန်မာယူ-၁၉ အသင်းဖြစ်ပြီး အာဆီယံ ယူ-၁၉ ပြိုင်ပွဲ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ၂၀၁၈ အာဆီယံ ယူ-၁၉ ပြိုင်ပွဲကို ဇူလိုင် ၁ ရက်မှ ၁၄ ရက်အထိ ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းများ အောင်မြင်မှုရနိုင်သည့် ပြိုင်ပွဲများဖြစ်သလို အနိမ့်ဆုံး ဆီမီးဖိုင်နယ် တက်ရောက်နိုင်မည့် အခွင့်အရေးရှိနေသည်။ မြန်မာအမျိုးသမီးအသင်းသည် အုပ်စု (ခ)တွင် ဗီယက်နမ်၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ စင်ကာပူအသင်းတို့နှင့် ကျရောက်နေသည်။ မြန်မာယူ-၁၉ အသင်းမှာမူ အုပ်စု (ခ) တွင် မလေးရှား၊ တီမော၊ ဘရူနိုင်း၊ ကမ္ဘောဒီးယားအသင်းတို့နှင့် ပါဝင်နေသည်။ ဩဂုတ်လတွင် အာရှအားကစားပြိုင်ပွဲကို တစ်ကျော့ပြန် ယှဉ်ပြိုင်မည့် မြန်မာ ယူ-၂၃ အသင်း၏ ယှဉ်ပြိုင်မှုများကို တွေ့မြင်ရမည်ဖြစ်ပြီး ပြိုင်ပွဲမတိုင်မီ လေးနိုင်ငံဖိတ်ခေါ်ပြိုင်ပွဲကို ဩဂုတ် ၁ ရက်မှ ၅ ရက်အထိ မန္တလေးမြို့ရှိ မန္တလာသီရိကွင်း၌ ကျင်းပမည်ဖြစ်သည်။

လေးနိုင်ငံ ဖိတ်ခေါ်ပြိုင်ပွဲတွင် မြန်မာအသင်းနှင့်အတူ၊ တောင်ကိုရီးယား ယူ-၁၉၊ ဘာရိန်း ယူ-၂၃ နှင့် ထိုင်း ယူ-၂၃ အသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းမှာမူ နိုဝင်ဘာ ၈ ရက်မှ ဒီဇင်ဘာ ၁၅ ရက်အထိ ကျင်းပမည့် အာဆီယံ ဆူဇူကီးဖလားပြိုင်ပွဲအတွက် ပြင်ဆင်ရမည်ဖြစ်ပြီး အောက်တိုဘာလတွင် စခန်းဝင်လေ့ကျင့်မှု စတင်ပြုလုပ်မည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ယင်းပြိုင်ပွဲအတွက် ပြင်ဆင်သည့်အနေဖြင့် စက်တင်ဘာနှင့် အောက်တိုဘာလတွင် နိုင်ငံတကာခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်နှင့် ယူ-၂၃ အသင်းနှစ်သင်းစလုံးကို နည်းပြချုပ်အဖြစ် ဂျာမန်လူမျိုး အန်တွမ်နီဟေးက ကိုင်တွယ်မည်ဖြစ်သည်။ မြန်မာယူ-၁၆ အမျိုးသမီးအသင်းသည် စက်တင်ဘာလတွင် အာရှ ယူ-၁၆ ခြေစစ်ပွဲ၊ မြန်မာယူ-၁၉ အမျိုးသမီးအသင်းသည် အောက်တိုဘာလတွင် အာရှယူ-၁၉ ခြေစစ်ပွဲတို့ ယှဉ်ပြိုင်ရမည်ဖြစ်ပြီး မြန်မာယူ-၂၁ အသင်းမှာမူ ဒီဇင်ဘာလတွင် ဗီယက်နမ် ယူ-၂၁ ဖိတ်ခေါ်ပြိုင်ပွဲ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ဖူဆယ်အသင်းများအနက် မြန်မာကလပ်အသင်းများဖြစ်သည့် MIC အသင်းမှာ အာဆီယံဖူဆယ်ကလပ်ပြိုင်ပွဲ၊ VUC အသင်းမှာ အာရှကလပ်ဖူဆယ်ပြိုင်ပွဲတို့ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ထို့ပြင် မြန်မာ့လက်ရွေးစင်ဖူဆယ်အသင်းသည် အောက်တိုဘာလတွင် အာဆီယံဖူဆယ်ပြိုင်ပွဲ၊ မြန်မာ ယူ-၂၀ ဖူဆယ်အသင်းမှာ ဒီဇင်ဘာလတွင် အာရှယူ-၂၀ ဖူဆယ်ခြေစစ်ပွဲတို့ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ နိုင်ငံတကာ ပြိုင်ပွဲများစွာ ယှဉ်ပြိုင်ရမည့် မြန်မာဘောလုံးနှင့် ဖူဆယ်အသင်းများ အနေဖြင့် အောင်မြင်မှုရယူနိုင်မလား ဆိုတာ စောင့်ကြည့်ရမည်ဖြစ်သည်။

**သတင်း- ညီမြတ်သော်တာ**
**ဓာတ်ပုံ- စိုးညွန့်**

# အချိန်ပိုင်းယာယီဓာတ်အားပြတ်တောက်မည်

**ရန်ကုန် ဇွန် ၅**

သာကေတသဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံ Switch Bay ရှိ 100 MVA Bank(2) Transformer ၏ Secondary Side Y-Phase တွင် Circuit Breaker နှင့် Underground Cable ကြား ဆက်သွယ်သော 1000 $mm^2$ AAC Conductor လွန်းဖွာ၍ အစားထိုးလဲလှယ်ခြင်း၊ 100 MVA Bank (2) Transformer ၏ Primary Side ၊ Secondary Side Switch Bay နှင့် Transformer Bushing များရှိ Terminal Clamp ၏ Bolt & NUT များအား Tightening ပြုလုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ဇွန် ၇ ရက် (ကြာသပတေးနေ့) နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ဓာတ်အားပိတ်၍ လုပ်ငန်းဆောင်ရွက်သွားမည်ဖြစ်သည်။ လုပ်ငန်းဆောင်ရွက်မည့်နေ့အချိန်အတွင်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ သာကေတ၊ ဒေါပုံ၊ သဃ်န်းကျွန်း၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်များ အချိန်ပိုင်းယာယီဓာတ်အားပြတ်တောက်မည်ဖြစ်သည်။

ထိုသို့လုပ်ငန်းဆောင်ရွက်ရခြင်းသည် ဓာတ်အားစနစ်တိုးတက်ကောင်းမွန်ရန်နှင့် ဓာတ်အားပြတ်တောက်မှုလျော့နည်းရေးအတွက် မဖြစ်မနေဆောင်ရွက်ရခြင်းဖြစ်ပါသဖြင့် ယာယီဓာတ်အားပြတ်တောက်ရခြင်းအတွက် လူမှုရေးအခက်အခဲများ ပေါ်ပေါက်လာနိုင်မှုများအပေါ် နားလည်ခွင့်လွှတ်ပေးပါရန် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ အများပြည်သူများထံသို့ လေးစားစွာ အသိပေးပန်ကြားထားကြောင်း သိရသည်။

**မြန်မာ့အလင်း**

## မြန်မာ့ရုပ်မြင်သံကြား

၆-၆-၂၀၁၈ (ဗုဒ္ဓဟူးနေ့)

**နံနက်ပိုင်း**

- ၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ - Breakfast News
- ၈း၃၅ - "ရင်ဆိုင်ကျော်လွှား အဖြူရောင်အန္တရာယ်များ"
- ၉း၄၀ - ကြယ်ပွင့်များရဲ့ရှင်ခုန်သံ (သရုပ်ဆောင်-ဖြိုးငွေစိုး၊ ဒါရိုက်တာ-ကြည်ဖြူသျှင်)
- ၁၀း၄၅ - သုံးသပ်ရှုမြင်မြန်မာ့ရုပ်ရှင် "လက်စားချေနတ်သမီး" ( ဖြိုးငွေစိုး၊ သြဘာ၊ သက်မွန်မြင့်၊ နန်းဆုဦး) (ဒါရိုက်တာ- ညိုမင်းလွင်)
- ၁၂း၃၀ - နိုင်ငံခြားဇာတ်လမ်းတွဲ "မဟာကာလီ"(အပိုင်း-၁၄)
- ၁၃း၁၀ - ငြိမ်းချမ်းရေးဂီတပွဲတော် ထုတ်လွှင့်မှုအစီအစဉ် (Level-II) (ပွဲစဉ်-၄) (နေပြည်တော်)(ပထမပိုင်း)

**ညပိုင်း**

- ၁၆း၃၅ - "မျှော်လင့်ခြင်း ရောင်ခြည်" (၁)
- ၁၇း၂၀ - သုံးသပ်ရှုမြင်မြန်မာ့ရုပ်ရှင် "သားပိုက်ကောင်" (ထွန်းထွန်း၊ စိုးမြတ်သူဇာ၊ ရွှေသမီး )[ဒါရိုက်တာ- စတီးလ် (ဒွေးမေတ္တာ)]
- ၁၇း၃၅ - MRTV Travelogue
- ၁၈း၃၅ - ဘ၀ထဲကဝတ္ထု၊ဝတ္ထုထဲကဘ၀ "အရိပ်မဲ့ပြဇာတ်၏ အနားသတ်"
- ၁၉း၁၅ - မြန်မာဇာတ်လမ်းတွဲ "ကြမ္မာနွံ" (အပိုင်း-၂၉)
- ၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေ၀သအခြေအနေ
- ၂၀း၃၅ - သူတို့ဒေသ သူတို့ဘ၀ "သာသနာ့ထွန်းပြောင် ပြက္ခဒိန်တောင်"
- \- သုခုမရင်ခွင်အငြိမ့်သဘင် "ဒွိမိတ်ဆွေအငြိမ့်" (မင်းသမီး-ရှင်ထိပ်ထား၊ လူရွှင်တော်-စူပါ၊ ပေါ်ဦး၊ စိန်ပန်းသီး) (ဒါရိုက်တာ- ဖုန်းမြင့်အောင်)
- \- နိုင်ငံခြားဇာတ်လမ်းတွဲ "မျဉ်းဖြောင့်တစ်ကြောင်းရဲ့ မှတ်တမ်း"(အပိုင်း-၂၀)

## အောင်မြေသာစံမြို့နယ် ကမ်းနားလမ်းဘေးနှင့် မြစ်ကမ်းဘေးရှိ မူးယစ်ဆေးရောင်းချသုံးစွဲ သတင်းရရှိထားသော ကျူးတဲများ ရှင်းလင်း

မန္တလေး ဇွန် ၅

**မန္တလေးမြို့ အောင်မြေသာစံမြို့နယ် မင်းတဲအီကင်းရပ်ကွက် ကမ်းနားလမ်းဘေး ဝဲယာနှင့် မြစ်ကမ်းနားဘေးရှိ မူးယစ်ဆေးဝါး ရောင်းချသုံးစွဲနေသည်ဟု သတင်းရရှိထားသော ကျူးတဲများ ရှင်းလင်းခြင်းကို ဇွန် ၅ ရက် နံနက် ၈ နာရီခွဲကစတင်၍ ဆောင်ရွက်ခဲ့သည်။**



ထိုသို့ ရှင်းလင်းဆောင်ရွက်ရာတွင် မန္တလေးခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး မျိုးအောင်၊ အမှတ်(၁) မူးယစ်ဆေးဝါးတားဆီး နှိမ်နင်းရေးတပ်ဖွဲ့ခွဲမှူး ဒုရဲမှူးကြီးကျော်ဆန်းနှင့်အဖွဲ့၊ အောင်မြေသာစံမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်နိုင်နှင့်အဖွဲ့၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုဦးစီးမှူး သက်ဖြိုးပိုင်နှင့်အဖွဲ့၊ အမှတ်(၅) မြို့မရဲတပ်ဖွဲ့စခန်းမှ စခန်းမှူး ဒုရဲမှူး မိုးသူနှင့်အဖွဲ့၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ အခွန် ဌာနမှူး ဒုညွှန်မှူး ဦးသက်နိုင် နှင့်အဖွဲ့၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးအောင်မင်းနှင့် ရာအိမ်မှူးများအဖွဲ့တို့ ပူးပေါင်း၍ မူးယစ်နှင့်သက်ဆိုင်သော ကျူးတဲ ရှစ်အိမ်နှင့် ပြည့်တန်ဆာတဲအိမ် တစ်အိမ်ကို ရှင်းလင်းခဲ့ကြောင်း သိရသည်။

**အောင်စံမောင်**

## မူးယစ်တပ်ဖွဲ့များ ရှာဖွေစစ်ဆေးရာ တမူးမြို့နယ်၌ ဘိန်းဖြူများ ဖမ်းမိ မင်္ဂလာဒုံ၌ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းမိ

နေပြည်တော် ဇွန် ၅

မူးယစ်တပ်ဖွဲ့စု(၇) တမူးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၄ ရက် ညနေ ၆ နာရီခန့်က တမူးမြို့နယ် ခမ်းပါတ်မြို့ ထင်းဇင်ကျေးရွာနှင့် ဘုက္ကန်ကျေးရွာအကြား နန်စပါတံတားအနီး တမူး-ကလေး ကားလမ်းတွင် ထောင်းထန်ဘက် (ခ) ဘက်သာ မောင်းနှင်ပြီး ဆန်းဟင်ထန် (ခ) ဆန်းသဲလ် လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်ရောက်ရှိလာ၍ ရှာဖွေရာ ဘိန်းဖြူ ဆပ်ပြာခွက် ၁၂ ခွက်(ဘိန်းဖြူအလေးချိန် ၁၂၆ ဂရမ်)၊ ကော်ဘူးအတွင်းမှ ဘိန်းဖြူ ၀ ဒသမ ၀၁ ဂရမ်နှင့် Buprenorphine အပြား ၇၀ တို့ကို လည်းကောင်း။

**မင်္ဂလာဒုံမြို့နယ်**

ဇွန် ၃ ရက် ညနေ ၅ နာရီက မင်္ဂလာဒုံမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မင်္ဂလာဒုံမြို့နယ် ပြန်လည်နေရာချထားရေးရပ်ကွက် အေးသာယာ ၁ လမ်း အမှတ် ၃၁ နေ ကျော်ထူးခန့်၏ နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၂၆ ပြား၊ ငွေကျပ် ၄၀၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း။

ကွင်းဆက်အရ ဇွန် ၄ ရက်က မင်္ဂလာဒုံမြို့နယ် သဃ်န်းကျွန်းကြီးကျေးရွာ အိုးအိမ်ခြောက်လမ်းသွားလမ်းမကြီးဘေး၌ တေဇအောင်နှင့် အောင်ဇော်ညွန့်တို့အား တိုယိုတာ မတ်တူး မော်တော်ယာဉ်နှင့်အတူ တွေ့ရှိရပြီး စိတ်ကြွရူးသွပ်ဆေးပြား ၁၈၀၀၊ တေဇအောင်ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၊ ငွေကျပ် ၂၀၀၀၀ နှင့် လက်ကိုင်ဖုန်း တစ်လုံးတို့ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သည်။

**ဥပဒေအရအရေးယူ**

ဆက်လက်၍ မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံ မြို့သစ် အင်းဝလမ်းမကြီး အမှတ် ၁၀၀၉ ရှိ တေဇအောင်၏နေအိမ်ကို ရှာဖွေရာ နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၂၂၈၀ နှင့် ဆေးခြောက် ၃၂ ဒသမ ၆၆ ဂရမ် ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

❐ ***ကျောဖုံးမှ***

အဓိကတရားခံ မောင်မောင် (ခ) Yassin ၏ နေအိမ်သို့ ဝင်ရောက်စစ်ဆေးရာ နေအိမ်ခန်း မီးခံသေတ္တာအတွင်းမှ ခန့်မှန်းတန်ဖိုး ငွေကျပ်သိန်း ၂၅၀ ခန့်ရှိ လက်ဝတ်ရတနာမျိုးစုံ ၁၉ မျိုး၊ YGN 5L-8088 TOYOTA LEXUS ယာဉ်အား ငွေကျပ်သိန်း ၁၀၉၀ ဖြင့် ဝယ်ယူထားသည့် စာချုပ်မူရင်း တစ်စောင်၊ ယာဉ်နှင့် ပတ်သက်သည့် မှတ်ပုံတင်စာအုပ်မူရင်း တစ်အုပ်၊ အာမခံပရီမီယမ် မှတ်တမ်းမူရင်း စာအုပ် တစ်အုပ်၊ ၂၀၁၆ ခုနှစ်မှ ၂၀၁၈ ခုနှစ်အတွင်း လက်ဝတ်ရတနာများ ဝယ်ယူခဲ့သည့် ပြေစာမူရင်း ရှစ်စောင်တို့ကို တွေ့ရှိ၍ သိမ်းဆည်းခဲ့သည်။

မောင်မောင် (ခ) Yassin ထွက်ပြေးတိမ်းရှောင်စဉ် မောင်းနှင်သွားသော YGN 5L-8088 TOYOTA LEXUS မော်တော်ယာဉ်အား ဇွန် ၃ ရက် ညသန်းခေါင်တွင် တာမွေခုံးကျော်တံတားအောက်၌ တွေ့ရှိသဖြင့် သိမ်းဆည်းနိုင်ခဲ့သည်။ ထို့အပြင် တရားခံ မောင်မောင် (ခ) Yassin နှင့် ပူးပေါင်းပါဝင်သူများက မြန်မာနိုင်ငံအတွင်းရှိ ဘဏ်အသီးသီးတွင် ငွေစာရင်းဖွင့်လှစ်ထားရှိမှုကို ဇွန် ၄ ရက်တွင် စုံစမ်းစစ်ဆေးခဲ့ရာ ပုဂ္ဂလိကဘဏ် နှစ်ခုတွင် မောင်မောင် (ခ) Yassin ငွေစာရင်းနှင့် ဆက်စပ်တရားခံ တစ်ဦးတို့ ငွေစာရင်း၌ ငွေကျပ်သိန်းပေါင်း ၂၈၀၀၀ ကျော်နှင့် ATM ကတ် နှစ်ခုတို့အား စစ်ဆေးတွေ့ရှိရသဖြင့် အဆိုပါငွေကြေးများကို ယာယီပိတ်သိမ်းထားရှိကြောင်း၊ ထွက်ပြေးတိမ်းရှောင်နေသည့် မောင်မောင် (ခ) Yassin **(အပေါ်ပုံ)** နှင့် ပူးပေါင်းပါဝင်သူ တရားခံများအား အမြန်ဆုံးဖမ်းဆီးရမိရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာနတို့ ပူးပေါင်း၍ အထူးအမှုစစ်အဖွဲ့ ဖွဲ့စည်းကာ ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။



**သတင်းစဉ်**

## နေအိမ်မီးရှို့ရန်အကြံဖြင့် ဓာတ်ဆီပုလင်းနှင့် ပစ်ပေါက်သူအား ဖမ်းဆီးအရေးယူ

မြဝတီ ဇွန် ၅

နေအိမ်မီးရှို့ရန်အကြံဖြင့် ဓာတ်ဆီပုလင်းဖြင့် ပစ်ပေါက်သူကို ဖမ်းဆီးအရေးယူခဲ့ကြောင်း မြဝတီမြို့မရဲစခန်းမှ သိရသည်။

မြဝတီမြို့ အမှတ် ၃ ရပ်ကွက် ဗညားဒလလမ်းနေ ကိုသိန်းဝင်းသည် ဇွန် ၄ ရက် ည ၁၀ နာရီခန့်က သားများနှင့်အတူ နေအိမ်ဧည့်ခန်းအတွင်း တီဗွီထိုင်ကြည့်နေစဉ် ထိုင်နေသည့်နေရာ ရှေ့သို့ ဓာတ်ဆီတစ်ဝက်ခန့် ထည့်ထားသော အဖုံးမပါသည့်ဘူး ရောက်ရှိလာသဖြင့် ကိုသန်းဝင်းက ထွက်ကြည့်ရာ ခြေရင်းအိမ်နေ ခိုင်စိုးမှာ နေအိမ်မှ ထွက်ပြေးသွားသည်ကို တွေ့ရှိရကြောင်း၊ ခိုင်စိုး ထွက်ပြေးသောနေရာအား သွားရောက်ကြည့်ရှုရာ ဓာတ်ဆီ တစ်ဝက်ခန့် ထည့်ထားသော ဘူး နှစ်ဘူးနှင့် ဂတ်စ်မီးခြစ် တစ်လုံးတို့ကို တွေ့ရှိရသဖြင့် သက်ဆိုင်ရာသို့ အကြောင်းကြားခဲ့ကြောင်း၊ ခိုင်စိုး၏ ဦးလေးဖြစ်သူ ဦးညွန့်ဆွေက ၎င်း၏တူ ခိုင်စိုးမှာ ရေသန့်ဘူးခွံ သုံးဘူးထဲသို့ ဓာတ်ဆီများ ထည့်၍ စွပ်ကျယ်စ ထည့်ကာ မီးရှို့ပြီး ဓာတ်ဆီဘူး တစ်ဘူးကို ကိုသန်းဝင်း၏ နေအိမ်အတွင်း ပစ်လိုက်သည်ကို တွေ့ရကြောင်း၊ နေအိမ်အား ဓာတ်ဆီဘူးဖြင့် ပစ်ပြီး မီးရှို့ရန်ကြံစည်သူ ခိုင်စိုးအား မြဝတီမြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**တင်ဝင်းလှိုင်(ကော့ကရိတ်)**

## သာစည်မြို့နယ် ဆင်ရွာကျေးရွာ၌ စစ်ကျန်ကျည်ဆန်ဟောင်းကို ထုခွဲရာမှ ပေါက်ကွဲခဲ့ပြီး တစ်ဦးသေဆုံးကာ တစ်ဦးဒဏ်ရာရ

မိတ္ထီလာ ဇွန် ၅

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ဆင်ရွာကျေးရွာ၌ အမျိုးသားတစ်ဦး ဇွန် ၄ ရက် ညနေ ၅ နာရီခွဲခန့်က စစ်ကျန်ကျည်ဆန်အဟောင်းကို ထုခွဲရာမှ ပေါက်ကွဲပြီး တစ်ဦးသေဆုံး၍ တစ်ဦးဒဏ်ရာရရှိခဲ့သည်။

သာစည်မြို့နယ် ဆင်ရွာကျေးရွာအရှေ့ဘက် နှစ်မိုင်ခန့်အကွာရှိ ဗြိဇဉ်အင်းကွင်း အမှတ် ၁၇၀၀ အတွင်း၌ တောင်သူလုပ်ငန်းဖြင့် တောထဲတွင် နေထိုင်သော သိန်းဇော် (၃၁ နှစ်)ဆင်ရွာကျေးရွာနေသူသည် အရှည် ၂ လက်မခွဲခန့်ရှိ ကျည်ဆန်ထိပ်ဖူး ၁ လက်မခန့်ရှိသော စစ်ကျန်ကျည်ဆန်အဟောင်း တစ်တောင့်ကို သစ်သားတုံးပေါ်တင်၍ မူလီသံချောင်းဖြင့် ထုရာမှ ပေါက်ကွဲမှုဖြစ်ပြီး သိန်းဇော်၏ လည်ပင်းအား ကျည်ဆန်ပေါက်ထွက်ဒဏ်ရာ တစ်ချက်နှင့် ပေါက်ပြဲဒဏ်ရာများရရှိ၍ အခင်းဖြစ်နေရာတွင် သေဆုံးသည့်အပြင် အနီးရှိ သိန်းဇော်၏ တူမဖြစ်သူ မအေးသန္တာလင်း (၄ နှစ်)၏ ယာဘက်ခြေသလုံးတွင်လည်း ဒဏ်ရာရရှိခဲ့သည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ဟံဇားနယ်မြေရဲစခန်းက သေမှုသေခင်းဖွင့် ဆောင်ရွက်ထားကြောင်းသိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

## မရမ်းချောင်စစ်ဆေးရေးအဖွဲ့ ယာဉ်စစ်ဆေးစဉ် သကြားအိတ်များတွေ့ရှိ ဖမ်းဆီး

နေပြည်တော် ဇွန် ၅

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဇွန် ၄ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၁၇၇ စီး ၊ သွင်းကုန် ၉၃၇ စီး ၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၇၅ စီး ၊ သွင်းကုန် ၂၂၆ စီး ကုန်စည်များသယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇွန် ၄ ရက်တွင် ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းမှ တားဆီးမှု လေးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂ ဒသမ ၉၅၉ သန်းခန့်၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု ငါးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃ ဒသမ ၀၈ သန်းခန့် စုစုပေါင်းတားဆီးမှု ကိုးမှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၆ ဒသမ ၀၃၉ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဇွန် ၄ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများဆောင်ရွက်စဉ် နစ်ဆန်းကွန်ဒေါ်မော်တော်ယာဉ်အား စစ်ဆေးခဲ့ရာယာဉ်ပေါ်တွင် ရော်ဘာသား ထင်းချောင်းများ၏ အောက်၌ တင်ဆောင်လာသော တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် Refined Sugar (1×50Kg)(150Bags) နှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ်တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇ ဒသမ ၈၀ သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ပခုက္ကူမြို့တွင် ဗုံးသီးဟောင်းတစ်လုံး တွေ့ရှိ

ပခုက္ကူ ဇွန် ၅

စစ်ကျန်ဗုံးသီးဟောင်းတစ်လုံးကို ဇွန် ၄ ရက် ည ၉ နာရီက ပခုက္ကူမြို့ အမှတ် ၆ ရပ်ကွက် ၅ လမ်း၌ တွေ့ရှိခဲ့ကြောင်း သိရသည်။

ဗုံးသီးမှာ အလျား ၃၀ လက်မ၊ လုံးပတ် ၈ လက်မခန့်ရှိပြီး အမှတ် ၆ ရပ်ကွက် စိတ္တသုခဘုန်းကြီးကျောင်းအနီးရှိ အမှိုက်ပုံတွင် ပီနံအိတ်ထုပ်ဖြင့် လာရောက်စွန့်ပစ်ထားရာမှ ကလေးငယ်များက သံထည်ပစ္စည်းအမှတ်ဖြင့် ၎င်းတို့နေအိမ်သို့ သယ်ဆောင်လာခြင်းဖြစ်သည်။ အဆိုပါဗုံးကို ပခုက္ကူမြို့ နယ်မြေခံတပ်မှ တာဝန်ရှိသူများက သိမ်းဆည်းခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## စစ်ကိုင်း၌ ယာဉ်တိုက်မှုဖြစ် ခုနစ်ဦးသေ ကိုးဦးဒဏ်ရာရ

စစ်ကိုင်း ဇွန် ၅

စစ်ကိုင်းမြို့နယ် ကုန်းရွာကျေးရွာအနီး မိုင်တိုင်အမှတ် ၂၃/၁ နှင့် ၂၃/၂ ကြားတွင် ဇွန် ၅ ရက်က ယာဉ်တိုက်မှုဖြစ်ပွားမှုကြောင့် ခုနစ်ဦးသေဆုံးပြီး ကိုးဦးဒဏ်ရာ ရရှိခဲ့သည်။

စစ်ကိုင်းမြို့နယ် ကုန်းရွာကျေးရွာအနီး မိုင်တိုင်အမှတ် ၂၃/၁ နှင့် ၂၃/၂ ကြားတွင် ဇွန် ၅ ရက် နံနက် ၁၁ နာရီခွဲက ယာဉ်မောင်း လေးမင်း မောင်းနှင်သည့် MDY 8H /---- လိုက်ထရပ်ယာဉ်သည် စစ်ကိုင်းဘက်မှ အုန်းတောဘက်သို့ မောင်းနှင်လာစဉ် ယာဉ်အမှတ် BGO 6P/---- ကင်တာယာဉ်မှာ တစ်ဖက်ယာဉ်ကြောသို့ ရောက်ရှိပြီး လိုက်ထရပ်ယာဉ်ကို ဝင်တိုက်မိရာ လိုက်ထရပ်ယာဉ်မောင်းနှင့် ယာဉ်ပေါ်ပါခရီးသည် ၁၆ ဦးအနက် ခုနစ်ဦးသေဆုံးပြီး ကိုးဦးဒဏ်ရာရရှိခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ထွက်ပြေးသွားသော ကင်တာယာဉ်မောင်းအား ဖမ်းဆီးရမိရေးအတွက် စစ်ကိုင်းမြို့နယ်ရဲစခန်းက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## ရန်ကုန် - မန္တလေး အမြန်လမ်းမကြီး၌ မေလအတွင်း ယာဉ်မတော်တဆမှု ၃၇ ကြိမ်ဖြစ် ရှစ်ဦးသေဆုံး ၇၇ ဦး ဒဏ်ရာရ

နေပြည်တော် ဇွန် ၅

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၌ မေလအတွင်း ယာဉ်မတော်တဆမှု ၃၇ ကြိမ် ဖြစ်ပွားခဲ့ရာ အမျိုးသား ခြောက်ဦးနှင့် အမျိုးသမီး နှစ်ဦး စုစုပေါင်း ရှစ်ဦး သေဆုံးခဲ့ပြီး အမျိုးသား ၄၄ ဦးနှင့် အမျိုးသမီး ၃၃ ဦး စုစုပေါင်း ၇၇ ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်များတွင် ယာဉ်မောင်းများ မဆင်မခြင်ပေါ့ဆစွာ မောင်းနှင်မှုကြောင့် ဖြစ်ပွားမှု အများဆုံးဖြစ်သည်။ အချို့သော ယာဉ်မတော်တဆမှုများတွင် လမ်းကြောင့် လည်းကောင်း၊ ရာသီဥတုကြောင့် လည်းကောင်း၊ အမြန်လမ်းပေါ်တွင် တက်ရောက်မောင်းနှင်ခွင့်မရှိသော စက်ဘီး၊ ဆိုင်ကယ်၊ သုံးဘီး၊ အနှေးယာဉ်များကြောင့် လည်းကောင်း၊ လူနှင့် ကျွဲနွားတိရစ္ဆာန်များ လမ်းဖြတ်ကူးမှုကြောင့် လည်းကောင်း ယာဉ်မတော်တဆမှုများ ဖြစ်ပွားရခြင်းဖြစ်ကြောင်းသိရသည်။

**သန်းဦး(လေးမျက်နှာ)**

# အမေရိကန်နှင့် မြောက်ကိုရီးယားတို့ တွေ့ဆုံမည့်ရက်အတိအကျကို အိမ်ဖြူတော်ကြေညာ

**ဝါရှင်တန် ဇွန် ၅**

အိမ်ဖြူတော်က အမေရိကန်နိုင်ငံနှင့် မြောက်ကိုရီးယားနိုင်ငံ ခေါင်းဆောင်တို့၏ တွေ့ဆုံမှုနှင့်ပတ်သက်သည့် အသေးစိတ် အချက်အလက်များကို ထုတ်ပြန်ကြေညာခဲ့ရာ နှစ်နိုင်ငံထိပ်သီး အစည်းအဝေးအား စင်ကာပူနိုင်ငံ ရှန်ဂရီလာဟိုတယ်တွင် ဇွန် ၁၂ ရက် ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်းတို့၏ တွေ့ဆုံဆွေးနွေးမှုကို ယင်းအချိန်တွင် ပြုလုပ်ရန်စီစဉ်ထားပြီး နောက်ထပ်ပြင်ဆင်မှုများလည်း ပြုလုပ်နိုင်သေးကြောင်း အိမ်ဖြူတော်ပြောရေးဆိုခွင့်ရှိသူ ဆာရာ ဟက်ခဘီးဆန်ဒါးက မကြာသေးမီကပြုလုပ်ခဲ့သော သတင်းစာရှင်းလင်းပွဲတွင် ပြောခဲ့သည်။

လက်ရှိအချိန်တွင် အမေရိကန်နိုင်ငံ ကိုယ်စားလှယ်အဖွဲ့က တောင်- မြောက်ကိုရီးယားစစ်မဲ့ဇုန်တွင် မြောက်ကိုရီးယားနိုင်ငံနှင့် နိုင်ငံခြားရေးဆိုင်ရာ ဆွေးနွေးညှိနှိုင်းမှုများ တက်ကြွစွာ ဆောင်ရွက်လျက်ရှိပြီး အရေးပါသည့် တိုးတက်မှုများရရှိခဲ့ကြောင်း ဆန်ဒါးကပြောသည်။

တခြားအမေရိကန်နိုင်ငံ ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့အနေဖြင့် စင်ကာပူနိုင်ငံတွင် ထိပ်သီးအစည်းအဝေးဆွေးနွေးပွဲအတွက် ပြင်ဆင်မှုလုပ်ငန်းများ ဆောင်ရွက်နေပြီး နောက်ဆုံးအဆင့်သို့ ရောက်ရှိနေပြီဖြစ်ကြောင်း ဆန်ဒါးကဆက်လက်ပြောကြားခဲ့သည်။

အမေရိကန် သမ္မတဒေါ်နယ်ထရမ့်က ဇွန် ၁ ရက်တွင် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းနှင့် စီစဉ်ထားသည့်အတိုင်းတွေ့ဆုံဆွေးနွေးမှုပြုလုပ်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့ပြီးနောက် အိမ်ဖြူတော်တွင် မြောက်ကိုရီးယားနိုင်ငံ အလုပ်သမားပါတီ ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ကင်ရောင်ချိုနှင့်လည်း တွေ့ဆုံဆွေးနွေးမှုပြုလုပ်ခဲ့သည်။

**အေအက်ဖ်ပီ**



# ဆော်ဒီမှအမျိုးသမီးများ ပထမဦးဆုံးအကြိမ်အဖြစ် ယာဉ်မောင်းလိုင်စင်ရရှိ

**ရီယာ့ဒ် ဇွန် ၅**

ဆော်ဒီအာရေဗျနိုင်ငံ၌ ပထမဦးဆုံးအကြိမ်အဖြစ် အမျိုးသမီးများအား ယာဉ်မောင်းလိုင်စင် ထုတ်ပေးခြင်းကို တနင်္လာနေ့က ပြုလုပ်ခဲ့ကြောင်းသိရသည်။

"အခု အမျိုးသမီးအုပ်စုဟာ ဆော်ဒီယာဉ်မောင်းလိုင်စင်ကို ပထမဦးဆုံးအကြိမ် လက်ခံရရှိတဲ့အုပ်စုပဲ ဖြစ်တယ်" ဟု ဆော်ဒီပရက်စ်အေဂျင်စီက ပြော သည်။

အပြည်ပြည်ဆိုင်ရာယာဉ်မောင်းလိုင်စင်များကိုလည်း ဆော်ဒီနိုင်ငံအတွင်း စတင်လက်ခံနေပြီဖြစ်ကြောင်း ယာဉ်လမ်းကြောင်းဆိုင်ရာ ညွှန်ကြားရေးမှူးရုံးကပြောသည်။

ဆော်ဒီအာရေဗျနိုင်ငံသည် ကမ္ဘာပေါ်တွင် အမျိုးသမီးတွေကို ကားမောင်းနှင်ခွင့်မပေးသည့် တစ်ခုတည်းသောနိုင်ငံဖြစ်ပြီး ပြီးခဲ့သည့်ဇွန် ၂၄ ရက်မှ စတင်၍ ယင်းကဲ့သို့ ပိတ်ဆို့မှုများကို ဖယ်ရှားပေးရန် ပြင်ဆင်ပေးခဲ့သည်။



အပြည်ပြည်ဆိုင်ရာ ယာဉ်မောင်းလိုင်စင်ဖြင့် ဆော်ဒီတစ်နိုင်ငံလုံး မောင်းနှင်ခွင့်ကိုလည်း စတင်လိုက်ပြီဖြစ်ကြောင်း ဆော်ဒီပရက်စ်အေဂျင်စီက ဖော်ပြထားသည်။

ယာဉ်မောင်းလိုင်စင် ဖြေဆိုရာတွင် အမျိုးသမီးများသည် လက်တွေ့မောင်းနှင်ပြသရမည်လည်း ဖြစ်သည်။ ထုတ်လုပ်ပေးမည့်လိုင်စင် အရေအတွက်ကိုမူ ဖော်ပြထားခြင်း မရှိပေ။

**အေအက်ဖ်ပီ**

# ဆန္ဒပြပွဲများမြင့်တက်နေချိန် ဂျော်ဒန်ဝန်ကြီးချုပ်နုတ်ထွက်

**အမ်မန် ဇွန် ၅**

ဂျော်ဒန်နိုင်ငံတွင်အခွန်ငွေ တိုးမြှင့်ကောက်ခံမှုကြောင့် ဆန္ဒပြပွဲများ ဖြစ်ပေါ်နေချိန် ဂျော်ဒန်ဝန်ကြီးချုပ် ဟာနီအယ်လ်မူလ်ကီသည် ရာထူးမှနုတ်ထွက်သွားခဲ့သည်။

ဂျော်ဒန်ဘုရင် အဗ္ဗဒယ်လာက ၎င်း၏နုတ်ထွက်မှုကို တနင်္လာနေ့တွင် လက်ခံခဲ့ကြောင်းသိရသည်။ ဂျော်ဒန်ဘုရင်က ပညာရေးဝန်ကြီး တစ်ဦးဖြစ်သူ အိုမာအယ်လ်ရက်ဇ်ဇက်ကို ဝန်ကြီးချုပ်အသစ်အဖြစ် ခန့်အပ်ရန်ကမ်းလှမ်းထားခဲ့ကြောင်း မီဒီယာများတွင် ဖော်ပြထားသည်။

ယခုနုတ်ထွက်သွားသည့် ဝန်ကြီးချုပ်ဟောင်းမူလ်ကီ၏ အစိုးရအဖွဲ့သည် ပြုပြင်ပြောင်းလဲရေး အစီအစဉ်တစ်ခုအဖြစ် အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ကို ကျောထောက်နောက်ခံပြုကာ အခွန်ငွေများတိုးမြှင့်ကောက်ခံခဲ့သည့်အတွက် ဆန္ဒပြမှုများနှင့် ရင်ဆိုင်နေရခြင်းဖြစ်သည်။

လွန်ခဲ့သည့် သီတင်းပတ်မှစ၍ ဂျော်ဒန်နိုင်ငံမြို့တော် အမ်မန်ရှိ လမ်းမထက်တွင် လူထောင်ပေါင်းများစွာတို့ ဆန္ဒပြခဲ့ကြ၍ လုံခြုံရေးတပ်ဖွဲ့ဝင်များဖြင့် ဖြေရှင်းခဲ့ရသည်။ မူလ်ကီ၏နုတ်ထွက်မှုသတင်းကြောင့် ဆန္ဒပြမှုများပြီးဆုံးသွား မသွားကိုမူ မသိရသေးပေ။ အခွန်ငွေများတိုးမြှင့်ကောက်ခံမှုကို အစိုးရဘက်မှ လက်မလျှော့သရွေ့ဆန္ဒပြပွဲများကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အလုပ်သမားသမဂ္ဂက ပြောသည်။ လွန်ခဲ့သောနှစ်များအတွင်း ဒေသတွင်းအခြေအနေ မတည်ငြိမ်မှုများကြောင့် ဂျော်ဒန်နိုင်ငံ၏စီးပွားရေးထိခိုက်ခဲ့ရသည်။ အထူးသဖြင့် ဆီးရီးယားနှင့်အီရတ်နိုင်ငံတို့တွင် ဖြစ်ပွားခဲ့သောစစ်ပွဲများကြောင့် ဂျော်ဒန်နိုင်ငံ၏စီးပွားရေးကို ရိုက်ခတ်ခဲ့သည်။ ဂျော်ဒန်နိုင်ငံသည် ဆီးရီးယားမှ ဒုက္ခသည်ပေါင်း ၇၀၀၀၀၀ ခန့်လက်ခံထားသည်။

**အင်န်အိတ်ချ်ကေ**



နုတ်ထွက်သွားသည့် ဂျော်ဒန်ဝန်ကြီးချုပ်ဟောင်း ဟာနီအယ်လ်မူလ်ကီ

# မန်ဘင့်ချ် ဒေသမှ ကာ့ဒ်စစ်သွေးကြွများအား အမေရိကန် ဖယ်ရှား

**အန်ကာရာ ဇွန် ၅**

တူရကီနှင့်အမေရိကန်ပြည်ထောင်စုတို့သည် ဆီးရီးယားနိုင်ငံမြောက်ပိုင်းမြို့တော် လုံခြုံရေးစိတ်ချသေချာရစေရေး သဘောတူထားကြကြောင်း သိရသည်။ ယင်းမြို့တော်မှာ နှစ်နိုင်ငံကြား တင်းမာမှုကိုဖြစ်ပေါ်စေသော မြို့တစ်မြို့လည်းဖြစ်သည်။ တူရကီ နိုင်ငံခြားရေးဝန်ကြီး မယ့်ဗလက်ကာဗက်ဆိုဂလူးနှင့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုတို့ တနင်္လာနေ့က ဝါရှင်တန်မြို့၌ တွေ့ဆုံမှုအပြီးသတင်းထောက်များကို ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

ဆီးရီးယားမြောက်ပိုင်းမြို့တော်ဖြစ်သည့် မန်ဘင့်ချ်မြို့မှ ကာ့ဒ်စစ်သွေးကြွများကို ဖယ်ရှားပစ်ရေးနှင့် ယင်းမြို့၏ လုံခြုံမှုစိတ်ချရစေရေးအတွက် အမေရိကန်နှင့် တူရကီတို့ သဘောတူခဲ့ကြကြောင်း သိရသည်။ အမေရိကန်သည် မန်ဘင့်ချ်မြို့အခြေစိုက် ကာ့ဒ်တိုက်ခိုက်ရေးသမားများအား အစ္စလာမ့်စစ်သွေးကြွများကို တိုက်ခိုက်ရန်ထောက်ပံ့မှုများ ပြုလုပ်ခဲ့သည်။ တူရကီတို့ကမူ ကာ့ဒ်တိုက်ခိုက်ရေးသမားများကို အကြမ်းဖက်အုပ်စုများအဖြစ် သတ်မှတ်ထားသည်။

အမေရိကန်ကမူ လက်ရှိအချိန်တွင် နေတိုးတပ်ဖွဲ့၏အဓိကမဟာမိတ်ဖြစ်သော တူရကီနိုင်ငံနှင့် ဆက်ဆံရေးဆိုးရွားစေမည့်ကိစ္စများကို ရှောင်ရှားလိုသည်။ ၂၀၁၆ခုနှစ် တူရကီနိုင်ငံ၌ဖြစ်ပေါ်ခဲ့သော အာဏာသိမ်းရန် ကြိုးပမ်းမှုအပြီး အမေရိကန်၏ တုံ့ပြန်မှုကြောင့် နှစ်နိုင်ငံဆက်ဆံရေးဆိုးရွားလာခဲ့သည်။ ထို့ပြင် တူရကီက ရုရှားတို့ထံမှ ဒုံးကျည်များဝယ်ယူရန် ဆုံးဖြတ်ခဲ့သည့်အတွက်လည်း အခြေအနေပို၍ ဆိုးရွားလာခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# နိုင်ဂျီးရီးယားမြောက်ပိုင်း အကျဉ်းထောင်တစ်ခုတွင် ထောင်ဖောက်မှုဖြစ်ပွား

**လာဂို့စ် ဇွန် ၅**

နိုင်ဂျီးရီးယားနိုင်ငံမြောက်ပိုင်း နိုင်ဂျာပြည်နယ် မင်နာမြို့ရှိ အကျဉ်းထောင်တစ်ခုတွင် မကြာသေးမီက အကျဉ်းသား ၂၀၀ကျော် ထောင်ဖောက်ထွက်ပြေးခဲ့ရာ ၁၈၂ဦး လွတ်မြောက်သွားခဲ့ပြီး ၂၈ ဦးကို ပြန်လည်ဖမ်းဆီးနိုင်ခဲ့ကြောင်း နိုင်ဂျီးရီးယားပြည်ထဲရေးဝန်ကြီး အဒူရာမန်ဒါဘာဇူက ဇွန် ၄ရက်က ပြောခဲ့သည်။



အကျဉ်းထောင်အား စစ်ဆေးလေ့လာမှုများပြုလုပ်ပြီးနောက် အကျဉ်းသား ၃၀ ကို ပြန်လည်ဖမ်းဆီးနိုင်ခဲ့ကြောင်း ဝန်ကြီးက ပြည်နယ်မြို့တော် မင်နာတွင် သတင်းထောက်များကို ပြောခဲ့သည်။

အကျဉ်းထောင်အတွင်း လူအင်အားနှင့် စည်းလုံးမှုကဲ့သို့သော လုံခြုံရေးဆိုင်ရာ လစ်ဟာမှုများလည်း ရှိနေကြောင်း ဝန်ကြီးက ဆက်လက်ပြောခဲ့သည်။

အကျဉ်းထောင် အုပ်ချုပ်ရေးမှူးချုပ် ဂျာဖာရူအာမက်က ထောင်ဖောက်မှုဖြစ်ပွားရခြင်းအကြောင်းရင်းကို သိရှိရန် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုကို ဖွဲ့စည်းခဲ့ကြောင်း ပြောခဲ့သည်။

အကျဉ်းထောင်ကို တိုက်ခိုက်ခဲ့သော လက်နက်ကိုင် ဒုစရိုက်သမားများက ထောင်ဖောက်မှုကို ပြုလုပ်ခဲ့ပြီး ထောင်အတွင်းသို့ ဝင်ရောက်ကာ အကျဉ်းထောင် လုံခြုံရေးအဖွဲ့များနှင့် အပြန်အလှန် ပစ်ခတ်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

# တူနီးရှားသင်္ဘောတိမ်းမှောက်မှု သေဆုံးသူ ၅၈ ဦးထိမြင့်တက်

**တူနီးရှား ဇွန် ၅**

ကာကန်နာ့ကျွန်းစုအနီးပင်လယ်ပြင်တွင် တရားမဝင်ရွှေ့ပြောင်းသူများ လိုက်ပါလာသော တူနီးရှား သင်္ဘောတစ်စင်းတိမ်းမှောက်မှုကြောင့် သေဆုံးသူ ၅၈ ဦးအထိ မြင့်တက်လာကြောင်း သိရသည်။ သေဆုံးသူများအနက် ၃၁ ဦးမှာ တူနီးရှားနိုင်ငံသားများဖြစ်ကြောင်း တူနီးရှားနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာန၏ ပြောရေးဆိုခွင့်ရှိသူက မကြာသေးမီက ပြောခဲ့သည်။

တူနီးရှားနိုင်ငံသား ၆၀ အပါအဝင် တရားမဝင်ရွှေ့ပြောင်းသူ ၆၈ ဦးအား ကယ်ဆယ်ခဲ့ပြီး ယခုတစ်ကြိမ် တရားမဝင်ရွှေ့ပြောင်းနေထိုင်ရန် စီစဉ်ပေးသူ ရှစ်ဦးအား ဖမ်းဆီးစစ်ဆေးနေဆဲဖြစ်ကြောင်း သိရသည်။

တူနီးရှားနိုင်ငံသည် အာဖရိကတိုက်မြောက်ဘက်စွန်းတွင်တည်ရှိပြီး ဥရောပနိုင်ငံများနှင့် ပင်လယ်ခြားပြီးတည်ရှိသည်။ ၂၀၁၈ခုနှစ် မေလလယ်မှစကာ ယနေ့အထိ တူနီးရှားလုံခြုံရေးဌာနက ပင်လယ်ကိုဖြတ်ပြီး တရားမဝင်ရွှေ့ပြောင်းနေထိုင်ရန်ကြိုးစားသူ အယောက် ၉၀၀ ကို တားဆီးပြီးဖြစ်ကြောင်း တူနီးရှားနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာန၏ ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။

**ဆင်ဟွာ**

## နိုင်ငံတကာ သတင်းတိုထွာ

### ဂွါတီမာလာမီးတောင်ပေါက်ကွဲမှု သေဆုံးသူ ၆၅ဦးအထိ မြင့်တက်လာ

**ဂွါတီမာလာ ဇွန် ၅**

ဂွါတီမာလာနိုင်ငံ မြို့တော်အနီး၌ဖြစ်ပွားခဲ့သော မီးတောင်ပေါက်ကွဲမှုတွင် သေဆုံးသူ ၆၅ ဦးအထိ မြင့်တက်သွားပြီဖြစ်ကြောင်း ဇွန် ၅ ရက်နောက်ဆုံးသတင်းဖော်ပြချက်များအရ သိရသည်။

အဆိုပါမီးတောင်သည် ယခုနှစ်အတွင်း စံချိန်တင်လှုပ်ရှားခဲ့ရာ မီးတောင်ပေါက်ကွဲမှုကြောင့် လူပေါင်း ၃၀၀၀ကျော်ဘေးလွတ်ရာသို့ ပြောင်းရွှေ့ခဲ့ရပြီး ဒေသခံ ၁ ဒသမ ၇ သန်းကျော်ကို ထိခိုက်ဆုံးရှုံးမှုများ ဖြစ်ပေါ်စေခဲ့ကြောင်း သိရသည်။

ဖူဂိုမီးတောင်မှ ထွက်သည့်ပြာများသည် ကားများ၊ လမ်းများစသည့်နေရာအနှံ့တွင် ဖုံးလွှမ်းသွားပြီးနောက် အစိုးရအာဏာပိုင်များက ပြည်သူများကို မျက်နှာဖုံး၊ နှာခေါင်းစည်းများ တပ်ဆင်သွားလာကြရန် ညွှန်ကြားခဲ့သည်။

မီးတောင်ပေါက်ကွဲမှုကြောင့် ဂွါတီမာလာရှိ အပြည်ပြည်ဆိုင်ရာလေဆိပ်ကိုလည်း ယာယီပိတ်ထားလိုက်ပြီဖြစ်ကြောင်း သိရသည်။

ဖူဂိုမီးတောင်မှာ မြို့တော်၏ အနောက်ဘက် ကီလိုမီတာ ၅၀ အကွာတွင် တည်ရှိကြောင်း သိရသည်။

**အေအက်ဖ်ပီ**

### အမေရိကန်နိုင်ငံ၌ ဖြိုချဆဲအဆောက်အအုံပြိုကျရာ တစ်ဦးသေဆုံး

**ဝါရှင်တန် ဇွန် ၅**

အမေရိကန်နိုင်ငံ ဖီလာဒဲလ်ဖီးယားမြို့ရှိ ဖြိုချနေဆဲအဆောက်အအုံတစ်လုံး ဇွန် ၄ ရက်က ပြိုကျခဲ့ရာ လူတစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။

ပြိုကျမှုဖြစ်ပွားခဲ့သည့် နှစ်ထပ်အဆောက်အအုံသည် ဖီလာဒဲလ်ဖီးယားမြို့ မြောက်ပိုင်းဒေသတွင် တည်ရှိပြီး အဆောက်အအုံလုပ်ငန်းရှင်က ဖြိုချရန်ဆောင်ရွက်နေစဉ်ပြိုကျမှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ ပြိုကျမှုဖြစ်စဉ်တွင် အလုပ်သမားတစ်ဦး သေဆုံးသွားကြောင်း ဒေသတွင်းမီဒီယာများတွင် ဖော်ပြခဲ့သည်။

အဆောက်အအုံ ပြိုကျရသည့်အကြောင်းရင်းအား စုံစမ်းစစ်ဆေးနေသော်လည်း အဆောက်အအုံလုပ်ငန်းရှင်က လုပ်ငန်းဆောင်ရွက်ချက်နှင့် ပတ်သက်ပြီးလိုအပ်သည့် အချက်အလက်များအားလုံးပြည့်စုံကြောင်း ပြောကြားခဲ့သည်။

ဖီလာဒဲလ်ဖီးယားဒေသတွင်ယခုရက်ပိုင်း မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ယခုကဲ့သို့ အဆောက်အအုံပြိုကျခြင်းဖြစ်နိုင်ကြောင်း လေ့လာသုံးသပ်ချက်များတွင် ဖော်ပြသည်။

**ဆင်ဟွာ**

# အရှေ့အလယ်ပိုင်းမှာ အီရန်ရဲ့တန်ခိုးထွားလာမှုကို အမေရိကန်ဘယ်လိုတားဆီးမလဲ

**တင်လင်းအောင်**



အီရန်ဟာ ဆီးရီးယားဘက်ကနေ အစ္စရေးလေပိုင်နက်ထဲကို ဒရုန်းတွေနဲ့ ပစ်ခတ်ခဲ့သလို အရှေ့အလယ်ပိုင်းဒေသကို ခြိမ်းခြောက်လာနိုင်တဲ့ အလားအလာ ရှိနေပါတယ်။ မီးဆိုတာ မလောင်ခင်က တားဆီးရတဲ့ အမျိုးပါ။ ပဋိပက္ခတွေ ဖြစ်မယ့်ဘေးက ရှောင်ရှားဖို့ အီရန်ရဲ့တန်ခိုးထွားလာမှုကို တားဆီးချင်တယ် ဆိုရင်တော့ မြောက်အမေရိကနဲ့ ဥရောပဟာ အစ္စရေးနဲ့ ပေါင်းစည်းရမှာဖြစ်ပါတယ်။

**အီရန်နိုင်ငံရဲ့တန်ခိုးထွားမှု အစ္စရေးနယ်စပ်အထိရောက်ရှိ**

အီရန်နိုင်ငံဟာ ဘုရားသခင်အုပ်ချုပ်တဲ့ နိုင်ငံအဖြစ်ခံယူထားပြီး တချို့အစွန်းရောက်တွေက ဘာသာရေးအစွန်းရောက်ဝါဒီတွေကို အစ္စလာမ့်စ်ကမ္ဘာကြီးအတွင်း ဝါဒဖြန့်မှုတွေ လုပ်ဆောင်လျက်ရှိတယ်လို့ ဆိုပါတယ်။ ပါရှန်ပင်လယ်ကွေ့မှ မြေထဲပင်လယ်နဲ့ ပင်လယ်နီတို့အထိ နိုင်ငံရေးနဲ့ စစ်ရေးအင်အားတွေမှာ အီရန်အနေနဲ့ သိသိသာသာ သာလွန်လျက်ရှိပါတယ်။

အီရန်ဟာ သူ့ရဲ့ရည်မှန်းချက်တွေအကောင်အထည်ဖော်ဖို့အတွက် အဏုမြူလက်နက်တွေကို တရားမဝင်ဆက်လက်အကောင်အထည်ဖော်လုပ်ဆောင်နေတယ်၊ အကြမ်းဖက်နည်းလမ်းတွေသုံးကာ တိုက်ပွဲတွေလည်း ဆင်နွှဲခဲ့ကြတယ်လို့ နိုင်ငံတကာသတင်းတွေမှာ ဖော်ပြခဲ့ပါတယ်။ အီရန်ခေါင်းဆောင်တွေဟာ ၁၉၇၉ အစ္စလာမ့်စ်တော်လှန်ရေးစပြီးနောက် ပထမဆုံးအကြိမ်ဖြစ် အစ္စရေးကို ခြိမ်းခြောက်လျက်ရှိပါတယ်။ ယခုအချိန်မှာ အီရန်နိုင်ငံရဲ့တန်ခိုးထွားမှုဟာ အစ္စရေးနယ်စပ်အထိတောင် ရောက်ရှိလို့ လာခဲ့ပါပြီ။

**ဒေသတွင်းလွှမ်းမိုးဖို့ကြိုးစားပေမယ့် ခံယူချက်တွေကွဲလွဲလျက်ရှိ**

အီရန်နိုင်ငံဟာ ဒေသတွင်းလွှမ်းမိုးမှုအပေါ် အာသီသပြင်းပြနေပေမယ့် ဒီဇင်ဘာလနဲ့ ဇန်နဝါရီလတွေမှာ ဖြစ်ပွားခဲ့တဲ့ လူသိများတဲ့ ဆန္ဒပြမှုတွေကို ပြန်ကြည့်မယ်ဆိုရင် အီရန်နိုင်ငံသားတွေဟာ သူတို့ခေါင်းဆောင်နဲ့ ရပ်တည်ချက်၊ ခံယူချက်တို့ ပုံစံချင်းမတူဘူးဆိုတာ ပြသနေတာပဲ ဖြစ်ပါတယ်။

အဲဒီကြီးကျယ်လှတဲ့ ပထမဆုံးဆန္ဒပြမှုကြီးဟာ ကွန်ဆာဗေးတစ်တွေကြီးစိုးတဲ့နယ်မြေဖြစ်တဲ့ အီရန်နိုင်ငံအရှေ့ပိုင်း မာ့ရှ်ဟတ်မှာ ဖြစ်ပွားခဲ့တာပါ။ ရူဟာနီရဲ့ စီးပွားရေး မူဝါဒတွေကို ဆန့်ကျင်ဖို့အတွက် ခါမေနီထောက်ခံသူတွေဟာ ပထမဆုံးစုစည်းဆန္ဒပြခဲ့ကြတာပဲ ဖြစ်ပါတယ်။

နောက်ထပ်ကြီးကျယ်တဲ့ ဆန္ဒပြမှုတွေဟာ အနောက်ဘက်နယ်စပ်တစ်လျှောက်ကာ့ဒ်လွှမ်းမိုးတဲ့ ဒေသဖြစ်တဲ့ ကာမန်ရှဟ်မှာဖြစ်ပွားခဲ့ပါတယ်။ ကာမန်ရှဟ်မှာ ဖြစ်ပွားခဲ့တဲ့ ဆန္ဒပြမှုတွေဟာ တောင်ပိုင်းအာရပ်တွေ လွှမ်းမိုးတဲ့ အာဗက်ဇ်မှသည် အလယ်ပိုင်းအစ်ဖာဟန်ထိုမှတစ်ဆင့် အခြားမြို့များသို့ ကူးစက်ပျံ့နှံ့လာခဲ့ပါတယ်။ လမ်းမပေါ်မှာရှိတဲ့ ဆန္ဒပြသူတွေဟာ အစိုးရရဲ့ခြိမ်းခြောက်မှုတွေကို ကြံ့ကြံ့ခံကာ ပြင်းပြင်းထန်ထန် ခုခံပါတယ်။ သူတို့ရဲ့ ဆန္ဒပြမှုတွေမှာ "အာဏာရှင်အစိုးရ ကျဆုံးပါစေ" ဆိုတဲ့ ကြွေးကြော်သံတွေကို ကြွေးကြော်ခဲ့ကြပါတယ်။

သဘောထားတင်းမာတဲ့ တော်လှန်ရေးအစောင့်တပ်တွေ လွှမ်းမိုးမှုကြောင့် အကျင့်ပျက်ခြစားမှုဖြစ်နေတဲ့ စီးပွားရေးစနစ်။ ဒါတွေဟာ မတည်ငြိမ်မှုတွေ ဂယက်ရိုက်မှုတွေဖြစ်စေသလို ဘာသာရေးအင်စတီကျူးရှင်းအတော်များများကလည်း အီရန်နိုင်ငံရဲ့ စီးပွားရေးကို လက်ဝါးကြီး အုပ်ထားပါတယ်။ အဲဒီအချက်ဟာ ပြုပြင်ပြောင်းလဲရေးလုပ်ဖို့ အဟန့်အတားတွေပဲ ဖြစ်ပါတယ်။ လတ်တလောအရှေ့အလယ်ပိုင်းမှာ ဖြစ်နေတဲ့ တော်လှန်ပြောင်းလဲရေး စွန့်စားမှုတွေကလည်း ပြည်တွင်းမှာ ဆုံးရှုံးနစ်နာမှုတွေ ဖြစ်ပေါ်ခဲ့တယ်ဆိုတာကို လှစ်ဟပြလိုက်သလိုပါပဲ။ အီရန်နိုင်ငံတစ်ဝန်းဖြစ်ပေါ်နေတဲ့ ဆူပူအုံကြွမှုတွေကြောင့် လူအတော်များများ သေဆုံးနေပြီး ဒဏ်ရာရရှိမှုကလည်း မနည်းမနောပါပဲ။

**အီရန်နိုင်ငံရဲ့နျူကလီးယား လက်နက်တွေကို ရပ်တန်းကရပ်သွားအောင် လုပ်ဆောင်ရမယ်**

အခုလိုမျိုး ဆူညံပွက်လောရိုက်မှုတွေဟာ ဘယ်သူတွေကမှ မျှော်လင့်နေကြတာမဟုတ်ပါဘူး။ ဒါတွေဟာ အီရန်အုပ်ချုပ်ရေး ယန္တရားစနစ်နဲ့ လူတွေစိတ်နှလုံး ကွဲပြားမှုတွေကြောင့် ဖြစ်ပေါ်လာတဲ့ ရလဒ်တွေကို ပြသတဲ့ သဘောပဲ ဖြစ်ပါတယ်။ အီရန်နိုင်ငံရဲ့ အာဏာရှင်ဆန်တဲ့ အုပ်ချုပ်ရေးအပေါ် ဆော်ဒီအာရေဗျကလည်း ခုခံမှုတွေ လုပ်လာသလို တခြားဒေသတွင်း အင်အားကြီးနိုင်ငံတွေကလည်း လက်မခံချင်ကြပါဘူး။

အီရန်နိုင်ငံဟာ ဘာသာရေးအစွန်းရောက်ဝါဒီတွေကို အစ္စလာမ့်စ်ကမ္ဘာကြီးအတွင်း ဝါဒဖြန့်မှုတွေ လုပ်ဆောင်နေသလို အစ္စရေးနယ်စပ်အထိတောင် တန်ခိုးထွားလာရုံသာမက ဒေသတွင်းနိုင်ငံတွေကိုပါ လွှမ်းမိုးဖို့ လုပ်လာခဲ့ပါတယ်။ အီရန်ကို ကာကွယ်ဖို့ဆိုရင်တော့ ပထမဆုံးအနေနဲ့ အီရန်နိုင်ငံရဲ့ နျူကလီးယားလက်နက်တွေကို ရပ်တန်းကရပ်သွားအောင် လုပ်ဆောင်ရမှာပဲ ဖြစ်ပါတယ်။

အီရန်ရဲ့ နျူကလီးယားရန်ကို ဆန့်ကျင်ကာကွယ်ဖို့ ဒေသတွင်းမဟာမိတ်တွေကို ဦးဆောင်နိုင်ဖို့ လိုအပ်ပါတယ်။ ဒါကြောင့် အမေရိကန် ပြည်ထောင်စုအပါအဝင် မြောက်အမေရိက၊ ဥရောပနဲ့ အစ္စရေးတို့အနေနဲ့ ဆော်ဒီအာရေဗျနဲ့ အာရပ်စော်ဘွားများပြည်ထောင်စုတို့နဲ့ ပိုမိုပူးပေါင်းဆောင်ရွက်မှုတွေလုပ်ဆောင်ဖို့လိုပါတယ်။

**"အီရန်ရဲ့ နျူကလီးယားရန်ကို ဆန့်ကျင်ကာကွယ်ဖို့ ဒေသတွင်းမဟာမိတ်တွေကို ဦးဆောင်နိုင်ဖို့ လိုအပ်ပါတယ်၊ ဒါကြောင့် အမေရိကန်ပြည်ထောင်စု အပါအဝင် မြောက်အမေရိက၊ ဥရောပနဲ့ အစ္စရေးတို့အနေနဲ့ ဆော်ဒီအာရေဗျနဲ့ အာရပ်စော်ဘွားများ ပြည်ထောင်စုတို့နဲ့ ပိုမိုပူးပေါင်းဆောင်ရွက်မှုတွေ လုပ်ဆောင်ဖို့လို"**

အိုဘားမားလက်ထက် ဒုံးခွင်းဒုံးအကူအညီဆိုင်ရာ ဆောင်ရွက်ချက်တွေကို ဖယ်ရှားပြီး အစ္စရေးကို ကာကွယ်ရေးဆိုင်ရာ အကူအညီပေးရေးနားလည်မှုစာချွန်လွှာနဲ့ ပတ်သက်ပြီး အမေရိကန်သမ္မတဒေါ်နယ်ထရန့်နဲ့ ကွန်ဂရက်တို့ဟာ တစ်နည်းနည်းနဲ့ ဆောင်ရွက်ရမှာဖြစ်ပါတယ်။ အဲဒီကာကွယ်ရေးဆိုင်ရာ အကူအညီပေးရေး နားလည်မှုစာချွန်လွှာဟာ အစ္စရေးမြောက်ပိုင်း နယ်စပ်တွေမှာ အီရန်နဲ့ ဟစ်ဇ်ဘိုလာတို့ရဲ့ တည်ရှိကြီးထွားလာမှုနဲ့ လုပ်ဆောင်နိုင်စွမ်းတွေအပေါ်ဆန့်ကျင်မှုတွေ ပြုလုပ်နိုင်မယ့် အခြေခံမူဝါဒပဲဖြစ်ပါတယ်။

**အီရန်ရဲ့စစ်ရေးဆိုင်ရာ စွမ်းဆောင်မှု ကျယ်ပြန့်လာ**

နျူကလီးယားသဘောတူ စာချုပ်အောက်မှာ အီရန်နိုင်ငံရဲ့စစ်ရေးဆိုင်ရာ စွမ်းဆောင်မှုတွေ ကျယ်ပြန့်လာတာနဲ့အညီ အမေရိကန်ဟာလည်း ပင်လယ်ကွေ့ဒေသနဲ့ လေကြောင်းနဲ့ ရေကြောင်း ကာကွယ်မှုတွေကို ပူးပေါင်းဆောင်ရွက်ရမှာပဲဖြစ်ပါတယ်။

၂၀၁၅ အီရန်နိုင်ငံရဲ့နျူကလီးယား သဘောတူညီချက်ဟာ အီရန်နိုင်ငံရဲ့ နျူကလီးယားဆိုင်ရာ ရည်မှန်းချက်အောင်မြင်ဖို့ တွန်းအားပေးသလို ဖြစ်နေတာကတစ်ကြောင်း၊ အီရန် ဟာ ၂၀၁၅ နျူကလီးယားသဘောတူညီချက်ကို လက်မှတ်ရေးထိုးပြီးကတည်းက သူ့ရဲ့ရန်လိုမှုနဲ့ ကြမ်းတမ်းမှုတွေ ပိုမိုအကောင်အထည်ပေါ်လာသလိုပါပဲ။

ပြည့်စုံကျယ်ပြန့်တဲ့ ပူးတွဲလုပ်ဆောင်ချက် အစီအစဉ်တစ်နည်း နျူကလီးယား သဘောတူညီချက်ကို လက်ရှိပုံစံအတိုင်း လက်ခံဖို့မဖြစ်နိုင်ဘဲ ပြုပြင်မှုတွေ လုပ်ဆောင်ဖို့ အမေရိကန်သမ္မတဒေါ်နယ်ထရန့်က ကြိုးစားခဲ့ပါတယ်။ အခုတော့ အမေရိကန်ဟာ နျူကလီးယား သဘောတူညီချက်က ထွက်ခွာသွားပြီး အီရန်ကိုအရေးယူပိတ်ဆို့မှုတွေ ပိုမိုလုပ်ဆောင်ခဲ့ပါတယ်။

သို့သော်လည်း အီရန်ဘက်က နျူကလီးယားလက်နက်အကောင်အထည်ဖော်ခြင်းဟာ နိုင်ငံတော်ကာကွယ်ရေးအတွက် ဖြစ်ကြောင်း မကြာသေးမီက ပြောကြားခဲ့ပါတယ်။ အီရန်နိုင်ငံရဲ့ နျူကလီးယား အစီအစဉ်ကို အီရန်ဒုသမ္မတက ကြီးကြပ်လျက်ရှိကြောင်း သိရပါတယ်။

အကယ်၍သာ အီရန်နျူကလီးယား အစီအစဉ်ပေါ် ကန့်သတ်ချက်တွေကို ခွင့်ပြုလိုက်ခြင်းအားဖြင့် အီရန်နိုင်ငံဟာ နျူကလီးယားလက်နက်နိုင်ငံ တစ်နိုင်ငံအဖြစ် ပေါ်ပေါက်လာမှာ ဖြစ်ပါတယ်။

ဒါကြောင့် အီရန်ကို တားဆီးပိတ်ဆို့မှုတွေ တိုးမြှင့်ပြုလုပ်ဖို့အရေး အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်နဲ့ ကွန်ဂရက်တို့ရဲ့ပူးပေါင်းဆောင်ရွက်မှုအပေါ် ထောက်ခံရမှာ ဖြစ်ပါတယ်။ သို့သော်လည်း ဒါတင်ပဲလားဆိုရင်တော့ ဒါထက်တောင်ပိုလုပ်ရဦးမှာလို့ ပြောရမှာပဲဖြစ်ပါတယ်။

အီရန် နျူကလီးယားအစီအစဉ်နှင့် ပတ်သက်ပြီး အမေရိကန်နိုင်ငံရဲ့ ချဉ်းကပ်မှုဟာ အီရန်နိုင်ငံရဲ့ နျူကလီးယား လှုပ်ရှားမှုတွေကို ထိန်းချုပ်ဖို့ပဲဖြစ်ပြီး အဲ့ဒီလိုလုပ်ဆောင်ဖို့အတွက် အမေရိကန်နိုင်ငံအပါအဝင် မြောက်အမေရိကနဲ့ ဥရောပတို့ဟာ အရှေ့အလယ်ပိုင်းမှာရှိတဲ့ မဟာမိတ်နိုင်ငံတွေနဲ့အတူ ပူးပေါင်းဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

ဒါမှသာ အီရန်နိုင်ငံကို စစ်ဘက်ဆိုင်ရာ ခေတ်မီနျူကလီးယားနိုင်ငံတစ်နိုင်ငံဖြစ်လာမယ့် အရေးမှ ကာကွယ်နိုင်မှာ ဖြစ်ပါတယ်။ ။

**ကိုးကား- သည်ဝေါ်စထရီဂျာနယ်**



# နေရှင်နယ်လိဂ်ပွဲစဉ်များကို မိုဘိုင်းဖုန်းဖြင့် တိုက်ရိုက်ကြည့်ရှုနိုင်ပြီဖြစ်

**ရန်ကုန် ဇွန် ၅**

မြန်မာနိုင်ငံအတွင်းဘောလုံးချစ်သောပရိသတ်များအထူးစိတ်ဝင်စားသည့် နေရှင်နယ်လိဂ်ပွဲစဉ်များနှင့် ဘောလုံးအားကစားသမားများကို အစဉ်နှစ်သက်အားပေးနေကြသော မြန်မာပရိသတ်များအား ပေါင်းကူးသဖွယ်အစီအစဉ်တစ်ရပ်ဖြစ်သည့် MPTနှင့် MNL တို့ ပူးပေါင်းကျင်းပသော MPT MNL Football အက်ပလီကေးရှင်း မိတ်ဆက်ပွဲအခမ်းအနားကို ဇွန် ၅ ရက် မွန်းလွဲ နှစ်နာရီက ရန်ကုန်မြို့ နိုဗိုတယ်ဟိုတယ်တွင် ကျင်းပသည်။ **(အပေါ်ပုံ)**

မိုဘိုင်းဖုန်းမှတစ်ဆင့်မိမိကြိုက်နှစ်သက်သော နေရှင်နယ်လိဂ်ပွဲစဉ်များနှင့် မိမိကြိုက်နှစ်သက်သော အားကစားသမားများအကြောင်းကို MPT အက်ပလီကေးရှင်းကိုအသုံးပြု၍ လေ့လာဖတ်ရှုကြည့်ရှုနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

"မိမိကြိုက်နှစ်သက်တဲ့ ဘောလုံးကလပ်အသင်းတွေက အားကစားသမားတွေကို လေ့လာဖတ်ရှုလို့ရတဲ့အပြင် ဂိုးရလဒ်နဲ့သုံးသပ်ချက်တွေကို ကြည့်ရှုနိုင်ရန် MPT MNL Football အက်ပလီကေးရှင်းတစ်ခု ဆောင်ရွက်ပေးတာပါ။ မြန်မာနေရှင်နယ်လိဂ်နဲ့ ကလပ်အသင်းတွေကို အမာခံစွဲစွဲလမ်းလမ်းအားပေးနေကြတဲ့ ပရိသတ်တွေအတွက် ဘယ်အသင်းချန်ပီယံဖြစ်မလဲဆိုတာ အက်ပလီကေးရှင်းကို ရယူပြီးတော့ မိုဘိုင်းဖုန်းကနေ တိုက်ရိုက်ကြည့်ရှုလို့ရပါပြီ"ဟု MPT-KSGM Joint Operations မှ စီးပွားရေးဌာနကြီး၏ ဒုတိယအရာရှိချုပ် ဦးသိန်းဟုတ်က ပြောကြားသည်။

အက်ပလီကေးရှင်းဖန်ရှင်တွင် ဘောလုံးပွဲသတင်းများ၊ ပွဲစဉ်များ၊ ပြန်လည်သုံးသပ်ချက်များ၊ ဗီဒီယိုများ၊ တိုက်ရိုက်ပြသနေသော ပွဲစဉ်များ၊ အသင်းလိုက်အမှတ်ပေးဇယားများ၊ နာမည်ကျော်အားကစားသမားများ၏ လှုပ်ရှားမှုပုံရိပ်များနှင့် ပွဲကြိုခန့်မှန်းချက်၊ ဆုပေးသော အစီအစဉ်များနှင့် အခြားအစီအစဉ်များလည်း ထည့်သွင်းထားကြောင်း သိရသည်။

"မြန်မာနေရှင်နယ်လိဂ်ပွဲစဉ်တွေကို ဘောလုံးချစ်ပရိသတ်များအချိန်နဲ့ တစ်ပြေးညီ မိုဘိုင်းဖုန်းကနေကြည့်လို့ရအောင် စီစဉ်ထားတာပါ။ မြန်မာ့ဘောလုံးလောက ပိုမိုတိုးတက်အောင်၊ ဘောလုံးချစ်တဲ့ပြည်သူတွေ အချိန်မရွေးကြည့်ရှုလို့ရအောင် ပံ့ပိုးကူညီပေးတဲ့ MPT ကိုလည်း ကျေးဇူးတင်ပါတယ်၊ တစ်ဦးချင်းစီကောင်းမှ အသင်းလိုက်ကောင်းမှာဖြစ်တဲ့အတွက် ကြိုးစားပေးကြပါလို့လည်း တိုက်တွန်းလိုပါတယ်၊ ဘောလုံးပွဲစဉ်တွေကိုပြည်သူတွေ မိုဘိုင်းဖုန်းကနေ တိုက်ရိုက်ကြည့်ရှုခွင့်ရတာဟာ မြန်မာ့အားကစားပိုပြီး ကျစ်လျစ်ခိုင်မာပြီး ဝေဖန်ထောက်ပြနိုင်ဖို့ အခွင့်အရေးတစ်ရပ်ပါပဲ"ဟု Myanmar National League မှ CEO ဖြစ်သော ဦးစိုးမိုးကျော်က ပြောသည်။

ဘောလုံးပွဲစဉ်များကို အက်ပလီကေးရှင်းရယူအသုံးပြုနိုင်ပြီး MPT ဆင်းကတ်အသုံးပြုသူများအနေဖြင့် လိုတရပေ့ချ်မှ ဒေါင်းလုတ်ဆွဲယူ၍ အခမဲ့ကြည့်ရှုနိုင်ခြင်း၊ ဂိမ်းများကစားနိုင်ခြင်းနှင့် ဂူဂဲလ်နှင့်ဖေ့စ်ဘွတ်ခ်တွင် ဝန်ဆောင်မှုကိုကျခံ၍ ကြည့်ရှုနိုင်ကာ မိုဘိုင်းဖုန်းများမှတစ်ဆင့် နေရှင်နယ်လိဂ်ပွဲစဉ်များကို တိုက်ရိုက်ကြည့်ရှုနိုင်ပြီဖြစ် ပြီဖြစ်သည်။ မိတ်ဆက်ပွဲအခမ်းအနားတွင် MNL ဘောလုံးကစားသမား ၁၂ ဦးက တီရှပ်ပေါ်တွင် လက်မှတ်များအမှတ်တရ ရေးထိုးခဲ့ကြောင်း သိရသည်။

**သတင်း - သန်းထိုက်**
**ဓာတ်ပုံ -သန်းစိုး**




# နိုင်ငံတကာအဆင့်မီစက်မှုဇုန်များ အကောင်အထည်ဖော်ဆောင်ရွက်မည့်စီမံကိန်း ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်သို့ တင်သွင်း

ရန်ကုန် ဇွန် ၅

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပေးပို့သော ရန်ကုန်တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ ကွပ်ကဲမှုအောက်ရှိ မြို့နယ် ၁၁ မြို့နယ်တွင် နိုင်ငံတကာအဆင့်မီ စက်မှုဇုန်များ အကောင်အထည်ဖော်ဆောင်ရွက်မည့် အစီရင်ခံစာနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးမောင်မောင်စိုးက ဇွန်လ ၅ ရက်က ကျင်းပသော တိုင်းဒေသကြီး လွှတ်တော်အစည်းအဝေး၌ ရှင်းလင်းတင်ပြခဲ့သည်။**

ထိုသို့ရှင်းလင်းတင်ပြရာတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ် ၄၅ မြို့နယ်၌ ပါဝင်ဖွဲ့စည်းထားသော်လည်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီကွပ်ကဲမှု အောက်ရှိ မြို့နယ် ၃၃ မြို့နယ်နှင့် ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ အောက်ရှိ မြို့နယ် ၁၂ မြို့နယ်တို့၏ ဖွံ့ဖြိုးတိုးတက်မှုများမှာ ကွာဟလျက်ရှိကြောင်း၊ အဆိုပါကွာဟချက်ကြောင့် ကိုကိုးကျွန်းမြို့နယ်မှအပ ကျန်မြို့နယ် ၁၁ မြို့နယ်၌ နိုင်ငံတကာအဆင့်မီ စက်မှုဇုန်များ ထူထောင်ခြင်းဖြင့် ဖွံ့ဖြိုးတိုးတက်မှု ဟန်ချက်ညီညီ ဆောင်ရွက်နိုင်ရန်အတွက် တင်ပြခြင်းဖြစ်ကြောင်း၊ စက်မှုဇုန်ထူထောင်ရန်အတွက် မြေနေရာရွေးချယ်မှုနှင့် ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာကွပ်ကဲမှုအောက်ရှိ မြို့နယ်များတွင် နိုင်ငံတကာအဆင့်မီ စက်မှုဇုန်များ ထူထောင်နိုင်ရန်အတွက် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့များမှ ညှိနှိုင်းပေါင်းစပ်ပြီး ဧက ၁၀၀၀ ဝန်းကျင်ခန့်ရှိ ကျယ်ဝန်း သော စက်မှုဇုန်မြေနေရာများကို ရွေးချယ်လျာထားခဲ့ကြောင်း သိရသည်။

အဆိုပါစက်မှုဇုန်နေရာများမှာ ကွမ်းခြံကုန်းမြို့နယ်ရှိ ဧရိယာ ၁၀၉၁ ဒသမ ၉၆ ဧက၊ ကော့မှူးမြို့နယ်၌ ဧရိယာ ၁၀၀၀ ဧက၊ တွံတေးမြို့နယ်တွင် ဧရိယာ ၈၅၀ ဧက၊ သန်လျင်မြို့နယ်တွင် ဧရိယာ ၁၀၈၈ ဧက၊ ကျောက်တန်းမြို့နယ်တွင် ဧရိယာ ၁၀၅၁ ဒသမ ၃၆ ဧက၊ ခရမ်းမြို့နယ်တွင် ဧရိယာ ၁၀၀၀ ဧက၊ သုံးခွမြို့နယ်တွင် ဧရိယာ ၁၈၇၁ ဧကနှင့် တိုက်ကြီးမြို့နယ်တွင် ဧရိယာ ၁၀၀၀ ဧက၊ မှော်ဘီမြို့နယ်တွင် ဧက ၇၅၀၊ လှည်းကူးမြို့နယ်တွင် ဧရိယာ ၁၀၀၀ ဧကနှင့် ထန်းတပင်မြို့နယ်တွင် ဧရိယာ ၁၆၀၀ ဧကတို့ဖြစ်ကြောင်း သိရသည်။

> **"စည်ပင်သာယာရေးကွပ်ကဲမှုအောက်ရှိ မြို့နယ် ၁၁ မြို့နယ်တွင် နိုင်ငံတကာအဆင့်မီ စက်မှုဇုန်များ ထူထောင်ခြင်းဖြင့် ရန်ကုန် မြို့တော်စည်ပင်သာယာရေးကော်မတီကွပ်ကဲမှု အောက်ရှိ မြို့နယ် ၃၃ မြို့နယ်နှင့် ဖွံ့ဖြိုးတိုးတက်မှုကွာဟမှုလျော့နည်းသွားပြီး ဒေသဖွံ့ဖြိုးရေးနှင့် ဒေသခံများ၏ အလုပ်အကိုင် အခွင့်အလမ်းများရရှိရေးကို အထောက်အကူပြုနိုင်"**

နိုင်ငံတကာအဆင့်မီ စက်မှုဇုန်များ အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်မှာ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးကွပ်ကဲမှုအောက်ရှိ မြို့နယ် ၁၁ မြို့နယ်တွင် နိုင်ငံတကာအဆင့်မီ စက်မှုဇုန်များထူထောင်ခြင်းဖြင့် ဒေသဖွံ့ဖြိုးရေးနှင့် ပြည်သူများအလုပ်အကိုင်ရရှိရေးကို ဖော်ဆောင်ပေးနိုင်မည်ဖြစ်ပြီး ရန်ကုန်မြို့တော်၏ လူဦးရေသိပ်သည်းကျပ်တည်းမှု၊ ယာဉ်ကြောပိတ်ဆို့မှုများလည်း အထိုက်အလျောက်လျော့နည်းသွားစေမည်ဖြစ်ကြောင်း သိရသည်။ မြို့နယ်တစ်ခုချင်းစီတွင် စက်မှုဇုန်များ တည်ထောင်ခြင်းဖြင့် ရရှိလာမည့်ဝင်ငွေကို အဆိုပါမြို့နယ်၏ မြို့ပြနှင့်ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ပြန်လည်သုံးစွဲရန်အတွက်ဖြစ်ကြောင်း သိရသည်။

မြို့နယ် ၁၁ မြို့နယ်၏ စက်မှုဇုန်မြေနေရာများကို လျာထားရွေးချယ်ထားမှုအပေါ် တိုင်းဒေသကြီး၏ လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှု ပြန်လည်စိစစ်ရေးကော်မတီ၏ ထပ်မံစိစစ်ထောက်ခံချက်ဖြင့် တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တင်ပြခဲ့ရာ ၁-၂-၂၀၁၈ ရက်နေ့တွင် ကျင်းပခဲ့သော ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ အစည်းအဝေး အမှတ်စဉ် ၅/၂၀၁၈ ဆုံးဖြတ်ချက်အပိုဒ် ၂၀၀၈ အရ အတည်ပြုချက်လည်း ရရှိခဲ့ပြီးဖြစ်သည်။ စက်မှုဇုန်များ ဆောင်ရွက်မည့်နည်းလမ်းများမှာ ရွေးချယ်ထားသော စက်မှုဇုန်မြေနေရာများကို ပထမအဆင့် မြို့ပြစီမံကိန်းအဖြစ်သတ်မှတ်၍ မြေပိုင်ရှင်တောင်သူများအား ၂၀ ရာခိုင်နှုန်း၊ နိုင်ငံတော်မှ ၈၀ ရာခိုင်နှုန်းအချိုးဖြင့် ခွဲဝေပြီး နိုင်ငံတကာအဆင့်မီ စက်မှုဇုန်ထူထောင်ရန်ဖြစ်ကြောင်း သိရသည်။ စီမံကိန်းလျာထား ဧရိယာများကိုလည်း လုပ်ငန်းဆောင်ရွက်သည့်အခါ ရနိုင်ဖွယ် ရှိ/မရှိကို စစ်ဆေး၍ တိုင်းဒေသကြီးလွှတ်တော်၏ အတည်ပြုချက် ရယူဆောင်ရွက်မည်ဖြစ်ပြီး လွှတ်တော်၏ အတည်ပြုချက်ရရှိပြီးပါကလည်း ပြည်ထောင်စုအစိုးရအဖွဲ့သို့ ဆက်လက်တင်ပြကာ အတည်ပြုချက်ရယူမည်ဖြစ်ကြောင်း သိရသည်။



**လှိုင်သာယာစက်မှုဇုန်ရှိ အဆောက်အအုံများကို တွေ့ရစဉ်။** ဓာတ်ပုံ - သစ္စာ

ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက် ရရှိပြီးသည့်နောက်တွင် စက်မှုဇုန်ထူထောင်ခြင်းလုပ်ငန်းများ ပွင့်လင်းမြင်သာမှုရှိစေရန် အိတ်ဖွင့်တင်ဒါများ ခေါ်ယူသွားမည်ဖြစ်ကြောင်း သိရသည်။ တင်ဒါစိစစ်ရွေးချယ်ရာတွင် ပွင့်လင်းမြင်သာစွာ ပြည်သူလူထုအကျိုးပြုမှုကို ပိုမိုဖော်ဆောင်နိုင်မည့် ကုမ္ပဏီများကို တိုင်းဒေသကြီး အစိုးရအဖွဲ့မှ ဖွဲ့စည်းပေးသော တင်ဒါစိစစ်ရေးအဖွဲ့များမှ တင်ဒါကော်မတီများကို ရွေးချယ်သွားမည်ဖြစ်ကြောင်း သိရသည်။ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေး ကွပ်ကဲမှုအောက်ရှိ မြို့နယ် ၁၁ မြို့နယ်တွင် နိုင်ငံတကာအဆင့်မီ စက်မှုဇုန်များ ထူထောင်ခြင်းဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ကွပ်ကဲမှုအောက်ရှိ မြို့နယ် ၃၃ မြို့နယ်နှင့် ဖွံ့ဖြိုးတိုးတက်ကွာဟမှုလျော့နည်းသွားပြီး ဒေသဖွံ့ဖြိုးရေးနှင့်ဒေသခံများ၏ အလုပ်အကိုင်အခွင့်အလမ်းများရရှိရေးကို အထောက်အကူပြုနိုင်သည့်အတွက် စီမံကိန်းကို အတည်ပြုပေးနိုင်ပါရန် တင်ပြခဲ့ခြင်းဖြစ်သည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**

# ပြန်သုံးလို့ရသေးတဲ့ ကြွပ်ကြွပ်အိတ်တွေကို ပြန်သုံးပေးခြင်းဖြင့် ပတ်ဝန်းကျင်ပျက်စီးယိုယွင်းလာခြင်းကို ကာကွယ်ပေးကြပါ

**မော်လမြိုင်မြို့၏ မနက်ခင်း နေခြည်နုနုအောက်တွင် ရခိုင်ကုန်းရပ်ကွက်ရှိ ဈေးလေးမှာ ပလတ်စတစ်ဆွဲခြင်း ဆွဲထားသော၊ ကြွပ်ကြွပ်အိတ်ခပ်ကြီးကြီးကို ဆွဲခြင်းအစားထိုးအသုံးပြု ဆွဲထားသော ဈေးဝယ်သူများ၊ ဈေးရောင်းသူများဖြင့် စည်ကားလျက်ရှိသည်။**

"ပေါင်းထည့်ပေးရင် တချို့ဝယ်သူတွေက သိပ်မကြိုက်ချင်ဘူး၊ သပ်သပ်စီထုပ်ပြီး သေချာထည့်ပေးမှ ကျေနပ်သွားတတ်ကြတယ်"ဟု မော်လမြိုင် ရခိုင်ကုန်းဈေးမှ ကုန်စိမ်းရောင်းသူ မကြည်ကြည်အေးက သခွားသီးနှစ်လုံးကို ကြွပ်ကြွပ်အိတ် တစ်အိတ်၊ ငရုတ်သီးစိမ်း ငွေကျပ် ၁၀၀ ဖိုးကို ကြွပ်ကြွပ်အိတ်တစ်အိတ်ဖြင့် သီးခြားစီထည့်ပေးရင်း ပြောသည်။

မော်လမြိုင်မြို့၌ ရပ်ကွက် ၂၉ ရပ်ကွက်၊ ဈေး ၁၀ ဈေးရှိကာ လူဦးရေ နှစ်သိန်းကျော် နေထိုင်ကြသည်။

အဆိုပါ လူဦးရေ နှစ်သိန်းကျော်မှ စွန့်ပစ်လာသော နေ့စဉ်အမှိုက်တန်ချိန် ၁၂၀ ကျော်အထိရှိပြီး ပြည်နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ယူကာ နေ့စဉ်အမှိုက်ကား ၃၀ မှ ၃၅ စီးခန့်ဖြင့် သိမ်းဆည်းပေးပြီး မော်လမြိုင်မြို့မှ ၆ မိုင်အကွာ ၄၆ ဧကကျယ်ဝန်းသည့် အမှိုက်ကျင်းသို့ စွန့်ပစ်ပေးနေသည်ဟု ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမြင့်အောင်က ပြောသည်။

"စွန့်ပစ်အမှိုက်တွေမှာ အများဆုံးကတော့ ပလတ်စတစ်တွေ၊ ကြွပ်ကြွပ်အိတ်တွေ၊ ပလတ်စတစ်နဲ့ လုပ်ထားတဲ့ အိမ်သုံးပစ္စည်းဟောင်းတွေ၊ တစ်ခါသုံးကော်ဘူးခွံတွေ၊ မီးဖိုချောင်ကထွက်လာတဲ့ ဟင်းသီးဟင်းရွက်သားငါးပုပ်တွေနဲ့ မျိုးစုံပါပဲ၊ လက်ရှိအမှိုက်ကျင်းကတော့ ၁၀ နှစ်ထိသွားပစ်လို့ ရနိုင်ဦးမယ်၊ ၁၀ နှစ်ကျော်ရင်တော့ အမှိုက်ပစ်ဖို့ ခက်ခဲလာတော့မယ်"ဟု ဦးမြင့်အောင်က ဆက်လက်ပြောကြားသည်။

အမှိုက်စုနှင့် အမှိုက်ခြောက်ခွဲခြားစွန့်ပစ်တတ်စေရန် စီမံကိန်းချထားသော်လည်း ထိထိရောက်ရောက် ပညာပေးမှုလိုအပ်ခြင်း၊ ပြည်သူအများ ပူးပေါင်းပါဝင်မှု အားနည်းခြင်းနှင့် အကြောင်းအမျိုးမျိုးကြောင့် အဆိုပါစနစ်က အကောင်အထည်ပေါ်မလာသေးဟု သိရသည်။

အဓိကပြဿနာမှာ အမှိုက်ကျင်းရောက်သွားပြီး အမှိုက်များကို စုပုံမလာအောင်၊ လျော့ကျအောင် ဖြေရှင်းမပေးနိုင်ခြင်းဖြစ်ပြီး အလားတူ ပြည်သူအများကလည်း ဆွေးမြည့်ရန်ခက်ခဲသော ပလတ်စတစ်ပစ္စည်းများ၊ ကြွပ်ကြွပ်အိတ်များကို အသုံးပြုမှုလျော့ချခြင်း၊ နောက်တစ်ခေါက်ပြန်လည်အသုံးပြုခြင်း၊ နောက်တစ်နည်းအားဖြင့် ပုံစံတစ်မျိုးပြောင်းဖန်တီးအသုံးပြုခြင်းဖြင့် ပတ်ဝန်းကျင်ကို အတူ ပူးပေါင်းထိန်းသိမ်းကြရေးပင်ဖြစ်သည်။

"အမှိုက်တွေထဲမှာ ပလတ်စတစ်အမှိုက်၊ ကြွပ်ကြွပ်အိတ်အမှိုက်တွေဟာ အလိုအလျောက်ဆွေးမြည့်ဖို့ အလွန်ခက်ပါတယ်။ တချို့ပလတ်စတစ်အမှိုက်တွေဟာ နှစ်ရာချီအထိ ကြာနိုင်ပါတယ်။ ဒီတိုင်းအိမ်မှာ များနေတော့လည်း အမှိုက်ရှုပ်တယ်၊ ပစ်လိုက်တော့လည်း စည်ပင်အတွက် အလုပ်ပိုတယ်၊ အမှိုက်ကျင်းရောက်သွားပြီပဲဖြစ်ဖြစ်၊ မီးရှို့လိုက်ရင်ပဲဖြစ်ဖြစ် ထွက်လာတာက အဆိပ်ငွေ့တွေဖြစ်လို့ လူသားအားလုံး၊ သက်ရှိအားလုံးကို အန္တရာယ်ဖြစ်စေပါတယ်၊ ဒါကြောင့် ပလတ်စတစ်အန္တရာယ်ကို လူသားအားလုံးသတိပြုမိဖို့ကောင်းလာပြီ" ဟု မွန်ပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစိုးနိုင်က ပြောသည်။

စွန့်ပစ်ပစ္စည်းများဖြစ်သည့် ပလတ်စတစ်အိတ်များ၊ ပလတ်စတစ်ဘူးများသည် ပင်လယ်သမုဒ္ဒရာအတွင်းသို့ နှစ်စဉ်တန်ချိန်များစွာ မျောဝင်စီးဆင်းနေလျက်ရှိပြီး ရေနေသတ္တဝါများ၊ ပင်လယ်ကူးသင်္ဘောများအတွက်လည်း ဘေးအန္တရာယ်ဖြစ်စေသည်။ မြေဆီလွှာအတွင်း ရောက်သွားသော်လည်း နှစ်များစွာ မဆွေးမမြည့်နိုင်ခြင်းကြောင့် အပင်များကြီးထွားရှင်သန်ရေးအတွက်လည်း အနှောင့်အယှက်ဖြစ်စေသည်ဟု သိရသည်။

ပြီးခဲ့သည့် ဇွန် ၁ ရက်က ထိုင်းနိုင်ငံတောင်ပိုင်း၊ မလေးရှားနှင့် နယ်စပ်အနီးတူးမြောင်းတစ်ခုအတွင်း သေလုမျောပါး ဝေလငါးတစ်ကောင်ကို တွေ့ရှိခဲ့ရပြီး အဆိုပါ ဝေလငါးမှာ အလေးချိန် ၁၇ ပေါင်ခွဲကျော်ရှိ ပလတ်စတစ်အိတ် ၈၀ ကျော်ကို စားမိထားရာ တိရစ္ဆာန်ဆေးကုအဖွဲ့မှ ကြိုးစားကယ်တင်ခဲ့သော်လည်း မအောင်မြင်ဘဲ သေဆုံးသွားခဲ့ကြောင်း နိုင်ငံတကာသတင်းတစ်ပုဒ်တွင် ဖော်ပြထားသည်။

"အလိုအလျောက် ဆွေးမြည့်နိုင်တဲ့ ထုပ်ပိုးမှုပစ္စည်းတွေနဲ့ အစားထိုးသုံးဖို့ အားပေးကြရပါမယ်၊ ပလတ်စတစ်ပစ္စည်းတွေကို အလွန်အကျွံမသုံးဘဲနဲ့ ပြန်သုံးလို့ရတဲ့ ကြွပ်ကြွပ်အိတ်တွေဆိုရင်လည်း ပြန်အသုံးပြုခြင်းအားဖြင့် ပတ်ဝန်းကျင်ယိုယွင်းပျက်စီးခြင်းကနေ ကာကွယ်ကြဖို့ အချိန်ရောက်နေပါပြီ" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

၁၉၅၀ ပြည့်နှစ်လောက်က စတင်ခဲ့သော ပလတ်စတစ်အသုံးပြုမှုသည် လက်ရှိအချိန်တွင် အရှိန်ကောင်းကောင်းဖြင့် တွင်ကျယ်လာနေပြီး ပလတ်စတစ်အမှိုက်ညစ်ညမ်းမှုသည် ကမ္ဘာ့ပတ်ဝန်းကျင်ပြဿနာတစ်ခုအဖြစ် စိုးရိမ်ဖွယ်အနေအထားသို့ ရောက်ရှိနေပြီ ဖြစ်သည်။ အစားအစာများ ထုပ်ပိုးရာတွင် အသုံးပြုကြသည့် ပလတ်စတစ်အိတ်၊ ပလတ်စတစ်ဘူးများတွင် ပါဝင်သည့် ခဲဓာတ်ကြောင့် ကင်ဆာရောဂါ ဖြစ်ပွားစေနိုင်ကြောင်းလည်း သိရသည်။




**ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်လိုဂို**

"လျှော့သုံးလာတာ တစ်နှစ်ကျော်လေးပဲရှိသေးတယ်၊ အဓိကက ကြွပ်ကြွပ်အိတ်တွေ၊ အထူးသဖြင့် လွယ်လွယ်မပျက်စီးနိုင်တဲ့ ပစ္စည်းတွေကြောင့် ကမ္ဘာကြီးဒုက္ခပိုဖြစ်နေတာကို သနားလို့၊ ကြွပ်ကြွပ်အိတ်ကြောင့် ငါးတွေ၊ လိပ်တွေဒုက္ခရောက်နေတာကိုလည်း သနားလို့ တတ်နိုင်သမျှတော့ ပေးရင်ငြင်းတယ်၊ ကိုယ့်မှာ ကျောပိုးအိတ်ပါတယ်၊ မပေတဲ့ ပစ္စည်းတွေဆိုရင် ကျောပိုးအိတ်ထဲထည့်တယ်၊ ပစ္စည်းလေးငါးခြောက်မျိုးလောက် ဆိုရင်လည်း အိတ်လေးငါးလုံးမယူဘဲ တစ်လုံးတည်း စုထည့်တယ်၊ အိမ်ကနေ တစ်ခါတလေ လိုလိုမယ်မယ် တစ်လုံးလောက်ဆောင်သွားတယ်၊ အဲ့ဒါဆို အပြင်ကပေးတဲ့ အိတ်တွေ ထပ်မယူဖြစ်တော့ဘူး၊ တချို့က ပေးရင်ငြင်းတာ မကြိုက်ကြဘူး၊ တော်တော်ပြောယူရတယ်၊ စပြီးအကျင့်လုပ်တုန်းက နည်းနည်းတော့ အခက်တွေ့တယ်၊ ခုတော့ ငြင်းတတ်သွားပြီ၊ တစ်ခါတလေ လက်နဲ့ကိုင်လို့ အဆင်ပြေရင် လက်နဲ့ သယ်လာလိုက်တယ်"ဟု ကြွပ်ကြွပ်အိတ်လျှော့သုံးနေသူ တစ်ဦးဖြစ်သူ ရန်ကုန်မြို့နေ မအေးအေးဇင်က ပြောသည်။

**"ပလတ်စတစ်အမှိုက်ညစ်ညမ်းမှုကို တိုက်ဖျက်ကြပါစို့"** ဆောင်ပုဒ်နှင့်အညီ ၂၀၁၈ ခုနှစ် ဇွန် ၅ ရက်တွင် ကျရောက်ခဲ့သော ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ကို အိန္ဒိယနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံ ကျင်းပကာ မြန်မာနိုင်ငံတစ်ဝန်းတွင်လည်း မြို့အလိုက်၊ နယ်အလိုက် အစိုးရအဖွဲ့အစည်းများက ဦးဆောင်ကာ ကျင်းပကြတော့မည် ဖြစ်သည်။

"တစ်ဦးချင်းကစလို့ လျှော့ချဖို့ ကြိုးစားကြရပါမယ်၊ ကိုယ်ပစ်လိုက်တော့မယ့် အမှိုက်တစ်ခု၊ ပလတ်စတစ်အမှိုက်တစ်ခုဟာ ဘယ်နေရာထိရောက်မှာလဲဆိုတဲ့ ကွင်းဆက်ကိုကြည့်တဲ့ အလေ့အကျင့်ရှိကြဖို့ လိုပါတယ်၊ စည်ပင်အမှိုက်ကားလာချိန်မှာ အမှိုက်ပစ်လိုက်နိုင်တာဟာ နိုင်ငံသားတစ်ယောက် တာဝန်ကျေတယ်မခေါ်ပါဘူး၊ ကျရောက်လာမယ့်အန္တရာယ်ကို ကာကွယ်ဖို့ သဘာဝပတ်ဝန်းကျင်ကို မှီခိုပြီး နေထိုင်လုပ်ကိုင်စားသောက်နေသူအားလုံးမှာ တာဝန်ရှိပါတယ်"ဟု ဦးစိုးနိုင်က ပြောသည်။

**မြတ်မွန်ထွေး**

# မြဝတီမြို့ ကုန်သွယ်ရေးဇုန်တွင် အလိုအလျောက် ကုန်ပစ္စည်းရှင်းလင်းရေးနှင့် ထုတ်ယူရေးနည်းစနစ် စတင်အသုံးပြုဆောင်ရွက်ပြီ

**မြဝတီ ဇွန် ၅**

မြန်မာ-ထိုင်းနယ်စပ် မြဝတီမြို့ရှိ မြဝတီကုန်သွယ်ရေးဇုန်တွင် မြန်မာ့ကုန်ပစ္စည်း အလိုအလျောက် ရှင်းလင်းရေးနှင့်ထုတ်ယူရေးနည်းစနစ် MACCS(Myanmar Automated Cargo Clearance System) ကို ဇွန် ၅ ရက်မှ စတင်ကာ အသုံးပြုပြီဖြစ်ပြီး အဆိုပါ MACCS စနစ်ဖွင့်ပွဲအခမ်းအနားကို ဇွန် ၅ ရက် နံနက် ၉ နာရီက မြဝတီမြို့ကုန်သွယ်ရေးဇုန် (ပို့ကုန်ဌာန)၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ MACCS စနစ်ကို ကရင်ပြည်နယ် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးသန်းနိုင်၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး Mr. Ichiro MARUYAMA၊ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ထင်၊ ဂျပန်နိုင်ငံ အကောက်ခွန်ဌာန Customs and Tariff Bureau မှ ဒုတိယညွှန်ကြားရေးမှူးချုပ် Mr.Sumiya SHIBASAKI တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

အခမ်းအနားတွင် ပြည်နယ် စီမံကိန်းဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးသန်းနိုင်က အမှာစကားပြောကြားရာ "ဒီကနေ့ဟာ အကောက်ခွန်ဦးစီးဌာန(ရုံးချုပ်) ရန်ကုန်ဧရိယာအတွင်းမှာ အသုံးပြုအောင်မြင်နေလျက်ရှိတဲ့ MACCS စနစ်ကို နယ်စပ်ဒေသများသို့ တိုးချဲ့ရာမှာ ကရင်ပြည်နယ် မြဝတီနယ်စပ်ဒေသ၌ ပထမဦးဆုံး စတင်ဆောင်ရွက်နိုင်သည့်နေ့ဖြစ်ကြောင်း၊ MACCS စနစ်သည် သွင်းကုန်ထုတ်ကုန်ရှင်းလင်းရေးဆိုင်ရာ ကိစ္စရပ်များကို နိုင်ငံတကာ အဆင့်မီ အလိုအလျောက်စနစ်အဖြစ် အသုံးပြုဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ စနစ်ကြီးပေါ်ပေါက်လာစေရေးသုံးစွဲခဲ့ရသည့် အချိန်၊ ငွေ၊ လူ့စွမ်းအားများကို လေလွင့်ဆုံးရှုံးမှုမရှိစေရေးနှင့် မြန်မာနိုင်ငံ၏အနာဂတ် နိုင်ငံတကာကုန်သွယ်မှု လုပ်ငန်းစဉ်များကို အဓိကအထောက်အပံ့ကောင်းများပေးနိုင်သည့် စနစ်ဖြစ်သည့်အတွက် ဌာနဆိုင်ရာများ၊ လုပ်ငန်းရှင်များ အားလုံးဝိုင်းဝန်းပံ့ပိုးဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး Mr. Ichiro MARUYAMA က နှုတ်ခွန်းဆက် အမှာစကားပြောကြားပြီး အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ထင်က မြဝတီနယ်စပ်ဒေသ၌ MACCS စနစ် အကောင်အထည်ဖော်ခြင်းနှင့် စပ်လျဉ်းသည့် အကြောင်းအရာများ ရှင်းလင်းတင်ပြသည်။

အဆိုပါအလိုအလျောက်ကုန်ပစ္စည်းရှင်းလင်းရေးနှင့် ထုတ်ယူရေးနည်းစနစ်သည် နယ်စပ်ဒေသများတွင် မြဝတီမြို့၌ စတင်အကောင်အထည်ဖော်ခြင်းဖြစ်ကာ အဆိုပါစနစ် ကျင့်သုံးခြင်းဖြင့် ကုန်သွယ်မှုလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေမည်ဖြစ်ကြောင်း သိရသည်။

**ထိန်လင်းအောင်(မြန်/ဆက်)**

## ယနေ့ ဈေးကွက်ပေါက်ဈေးများ

၅-၆-၂၀၁၈

| ရွှေ | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၁၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၇၆၇၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၂၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၇၆၅၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး |
|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၀၀/၉၁၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၁၅/၉၃၀ ကျပ် |
| အောက်တိန်း ၉၂ | ၈၆၅/၈၈၀ ကျပ် |
| အောက်တိန်း ၉၅ | ၉၁၅/၉၃၀ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

| နိုင်ငံတကာ ငွေကြေးများ | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၃၅၅ ·၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၅၈၅ ·၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၀၁၃ ·၇ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၈၀၄ ·၄ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၂၃၂ ·၂ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၃၆ ·၈ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၁၁ ·၃၉ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၀ ·၂၀ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၂၆ ·၄၄ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၄၁ ·၁၄ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၂ ·၃၄ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

**နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀၆၇-၄၀၄၂၂၂၊ ၀၆၇-၄၀၄၉၉၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

**မြန်မာ့အလင်း**

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **စာတည်းမှူး** | - | ဝင်းရွှေ |
| **စာတည်းမှူး** | - | မြင့်ဆွေ (သတင်းထောက်ချုပ်) |
| **စာတည်းများ** | - | မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီရွှေ၊ ကလျာမိုးမြင့် |
| **အကြီးတန်းသတင်းထောက်များ** | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ) |
| **အငယ်တန်းသတင်းထောက်များ** | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

**Gmail** mmalin.npt @ gmail.com,
**Facebook** www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၀၄၊ **စီမံ** ၀၁-၅၄၄၃၀၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၀၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၁၂၊ ၀၆၇-၃၆၁၀၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR DigitalNews Presented by NPE www.mdn.gov.mm

# ရွှေထူး၏ဘဝကို အခြေခံထားသည့် နှလုံးသားတံခါးကို ဝင်ချည်ထွက်ချည်လုပ်တဲ့ ညှော်သည်ဇာတ်ကား



7SENSE Film Production မှစီစဉ်ထုတ်လုပ်ရိုက်ကူးမည့် “နှလုံးသားတံခါးကို ဝင်ချည်ထွက်ချည်လုပ်တဲ့ ညှော်သည်” ရုပ်ရှင်ဇာတ်ကားကို ဇွန် ၃ ရက်မှာ စတင်ရိုက်ကူးနေကြောင်း သိရသည်။ အဆိုပါဇာတ်ကားတွင် ရွှေထူး၊ ဖြိုးငွေစိုး၊ ရွှေမှုံရတီ၊ နေခြည်ဦးတို့ ပါဝင်ထားကြောင်း သိရသည်။

ဒါရိုက်တာ ညွှန့်မြန်မာညီညီအောင်က “ကျွန်တော်တို့ရဲ့ ဒီဇာတ်ကားကတော့ ဇာတ်လမ်း၊ ဇာတ်ညွှန်း မိုးနီလွင်ရဲ့ဝတ္ထု ကို ပုံဖော်ရိုက်ကူးမှာ ဖြစ်ပါတယ်၊ ရွှေထူးကလည်း လက်ရှိ အဆိုတော်လောကမှာ အောင်မြင်ပြီးသားဖြစ်တယ်၊ သူ မအောင်မြင်ခင် ဖြတ်သန်းခဲ့တဲ့နေရာ၊ အောင်မြင်ပြီး နောက်ပိုင်း အရာလေးတွေပါမယ်၊ အချစ်ဒရာမာဇာတ်လေး ဖြစ်ပါတယ်၊ ရန်ကုန်မှာ ဇွန် ၃ ရက် စတင်ရိုက်ကူးမှာပါ၊ ရွှေထူးရဲ့ ဘဝအကြောင်းကို အခြေခံထားတာပါ၊ သူအဆိုတော် စဖြစ်တဲ့အခါ ဘယ်လိုဖြစ်တယ်၊ အောင်မြင်တဲ့အခါ ဘယ်လိုဖြတ်သန်းနေရတယ်၊ အရှေ့ပိုင်းပုံစံလေးကတော့ သူ့ဘဝအကြောင်းပေါ့၊ နောက်ပိုင်းကတော့ ဇာတ်ညွှန်းရေး ဆရာရဲ့ စိတ်ကူးလေးတွေပေါ့၊ ကျွန်တော်တို့က ဂီတနဲ့ အလှမ်းဝေးတယ်လေ၊ အဲဒီတော့ သူတို့ဘဝကို သိပ်ပြီး နားမလည်ဘူးဆိုတော့ သူ့ကိုမေးပြီး သေသေချာချာ ဇာတ်လမ်းကို ဆွဲရပါတယ်”ဟု ပြောသည်။

ရွှေထူးက “ဇာတ်ကားရိုက်ကူးမှုနဲ့ ပတ်သက်ရင် နည်းနည်းတော့ စိတ်ဖိစီးမှုရှိတယ်ဗျာ၊ ဘာဖြစ်လို့လဲဆိုရင် ကိုယ်မပိုင်တဲ့အရာကို အရဲစွန့်ပြီး လုပ်ရတာကြောင့်ပါ၊ ဇာတ်ကောင်စရိုက်ကတော့ အပြင်ကအတိုင်းပါပဲ၊ သီချင်း ဆိုတဲ့ လူငယ်တစ်ယောက်ပုံစံပေါ့၊ ရိုက်ကူးတဲ့အခါမှာ အကုန်လုံးက လူငယ်တွေပဲ သရုပ်ဆောင်ကြတာဆိုတော့ တစ်ယောက်ကို တစ်ယောက် သေသေချာချာတိုင်ပင်ပြီး အပေးအယူမျှအောင် လုပ်ကြမှာပါ၊ ဒီကားက ကျွန်တော်ရဲ့ ဒုတိယမြောက်ကား ဖြစ်တာမို့ ပိုပြီးအားပေးစေချင်ပါတယ်၊ ပထမကားထက် ဇာတ်ကောင် စရိုက်က ပိုခက်တယ်၊ အချိုးမပြေတဲ့ လူငယ် တစ်ယောက် ပုံစံမျိုးဆိုတော့ တော်တော်ကို အချိုးမပြေတဲ့ ပုံနေရမယ်ဗျာ၊ ကျွန်တော်က ရုပ်ရှင်ကား တွေရိုက်ရင် ဇာတ် ကောင်မျိုးစုံလုပ်ဖူးချင်တယ်၊ ဒါကြောင့်လည်း ဒီကားကိုလက်ခံ ဖြစ်တာပါ” ဟုပြောသည်။

**ကိုလင်း**

# မြန်မာအလှမယ် ခခစံ Miss Eco Teen ဆုဆွတ်ခူး

အီဂျစ်နိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သည့် Miss Eco International 2018 တွင် မြန်မာနိုင်ငံ ကိုယ်စားပြုအဖြစ် အလှမယ် ခခစံ သွားရောက်ယှဉ်ပြိုင်ခဲ့ရာ နိုင်ငံ့ဂုဏ်ဆောင်အဖြစ် Eco Dress Top 6 နှင့် Miss Eco Teen International Award 2018 ဆုတို့ကို ဆွတ်ခူးခဲ့ကြောင်း သိရသည်။

“ကျွန်မ ဆုရလိမ့်မယ်လို့ မထင်ထားဘူး၊ ပြိုင်ပွဲဝင် နိုင်ငံပေါင်းက ၆၀ ကျော် တောင်လေ၊ ပြီးတော့ အများစုကလည်း လှကြတယ်၊ အရည်အချင်းတွေလည်း အပြည့် ရှိကြတယ်၊ ဒါပေမယ့် ဘာသာစကား အခက်အခဲကတော့ နိုင်ငံအတော် များများက အလှမယ်တွေ ကြုံတွေ့ကြတယ်၊ ကျွန်မကတော့ ပြိုင်ပွဲတစ်လျှောက်မှာ အကောင်းဆုံးနေထိုင်ခဲ့ပါတယ်၊ ဒီပြိုင်ပွဲကြီးက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အဓိက ထားတဲ့ ပွဲဖြစ်တာဆိုတော့ ကိုယ့်အတွက်ကလည်း ပထမဆုံးအကြိမ် သွားရောက်ယှဉ်ပြိုင်တဲ့ပွဲမို့၊ ထမင်းစားတာတောင် မနက်စာနဲ့ ညနေစာ ပေါင်းစားခဲ့ရတာတွေ ဖြစ်ခဲ့ဖူးတယ်၊ အဓိကကတော့ ကိုယ့်အတွက် လိုအပ်တာတွေကို အချိန်ပြည့် ဖြည့်ဆည်းနေခဲ့တယ်၊ ကိုယ် ဝါသနာပါတဲ့ အလုပ်ကို လုပ်နေရရင် ထမင်းမေ့ ဟင်းမေ့ ကို ဖြစ်ခဲ့တာ၊ ကျွန်မအီဂျစ်ကို ရောက်တဲ့အခါ ခခစံ မဟုတ်တော့ဘူး၊ နိုင်ငံကိုယ်စားပြု တစ်ယောက်ဖြစ်သွားပြီလို့ တွေးလိုက်တယ်၊ ဒါကြောင့် ဆုရတာ မရတာထက် ကိုယ့်တိုင်းပြည်သိက္ခာ ကျမယ့်အရာ ဘာတစ်ခုမှ ငါမလုပ်ဘူး ဆိုတဲ့စိတ်နဲ့ ကိုယ့်ကိုယ်ကိုယ် သတိပေးပြီး နေထိုင်ခဲ့တယ်၊ ပွဲစဉ်တစ်လျှောက်မှာ ပရိသတ်တွေက ညီမကို ခခစံ ဆိုတဲ့ နာမည်ထက် မြန်မာ၊ မြန်မာဆိုတဲ့ အားပေးသံတွေကြားခဲ့ရလို့ ဂုဏ်ယူရပါတယ်၊ ဆုကြေညာတော့ ထင်လည်းမထင်ထားတဲ့အတွက် အံ့အားသင့်နေခဲ့တယ်၊ အခမ်းအနားမှူးက မြန်မာလို့ကြေညာလိုက်မှ ငါ့နိုင်ငံအတွက် ငါအကောင်းဆုံး လုပ်နိုင်ပြီဆိုပြီး ပျော်ခဲ့တာတော့ အမှန်ပဲ” ဟု အလှမယ် ခခစံ က ပြောကြားသည်။



အဆိုပါ ပြိုင်ပွဲကြီးသို့ သွားရောက် ယှဉ်ပြိုင်နိုင်ရန်အတွက် ချန်းလုံက အဓိက ကူညီပံ့ပိုးပေးခဲ့ပြီး ပြိုင်ပွဲကာလ တောက်လျှောက် အပြင်အဆင်အလှအပရေးရာများ ကိုလည်း ပြုလုပ်ပေးခဲ့ကြောင်း၊ ချန်းလုံသည် အလှမယ်များကို နှစ်စဉ် မွေးထုတ် သွားမည်ဖြစ်ပြီး နိုင်ငံ့ဂုဏ်ဆောင်အဖြစ် ရွေးချယ်စေလွှတ်မည်ဖြစ်ပြီး ၂၀၁၉ ခုနှစ်တွင်လည်း Mister Eco International ပွဲ တစ်ခုလုပ်ဖို့ ယင်းနိုင်ငံဘက်မှ ကမ်းလှမ်း ထားကြောင်း၊ နိုင်ငံပေါင်း ၅၀ ကျော်မှ မောင်များ လာရောက်ယှဉ်ပြိုင်မည့်ပွဲမို့ မြန်မာနိုင်ငံအနေဖြင့်အိမ်ရှင်အဖြစ် ကျင်းပရမည်ဖြစ်သောကြောင့် အကောင်းဆုံး ပြင်ဆင်မည်ဖြစ်ကြောင်း သိရသည်။

**ကိုလင်း**

**ဆုရတာ မရတာထက် ကိုယ့်တိုင်းပြည်သိက္ခာ ကျမယ့်အရာ ဘာတစ်ခုမှ ငါမလုပ်ဘူး ဆိုတဲ့စိတ်နဲ့ ကိုယ့်ကိုယ်ကိုယ် သတိပေးပြီး နေထိုင်ခဲ့တယ်၊ ပွဲစဉ်တစ်လျှောက်မှာ ပရိသတ်တွေက ညီမကို ခခစံ ဆိုတဲ့ နာမည်ထက် မြန်မာ၊ မြန်မာဆိုတဲ့ အားပေးသံတွေကြားခဲ့ရလို့ ဂုဏ်ယူရပါတယ်၊**

# ရော့ခ်ဂီတပညာရှင်များ ပါဝင်မည့် ရှိုးပွဲ

နာမည်ကျော် ရော့ခ်အဆိုတော်များ ပါဝင်ကြမည့် Galaxy J Music Festival ကို ဇွန် ၉ ရက်တွင် ရန်ကုန်မြို့ရှိ The One Entertainment Park တွင် ပြုလုပ်သွားမည် ဟု သိရသည်။

“Music Festival က Galaxy စမတ်ဖုန်းသစ်တွေကို ကြိုတင်မှာယူတဲ့ Samsung ချစ် ပရိသတ်ကြီးနဲ့ ဂီတချစ်မြတ်နိုးသူတွေအတွက် အထူးရည်ရွယ်ပြီး ကျင်းပတာ ဖြစ်ပါတယ်၊ အဲ့ဒါကြောင့်လည်း ကျွန်တော်တို့ရဲ့ အဖိုးတန် ပရိသတ် အနေနဲ့လည်း Galaxy J4 နဲ့ J6 ကို ကြိုတင်မှာ ယူ ပြီး Music Festival မှာ ပျော်ပျော်ပါးပါး အတူဆင် နွှဲ ကြ ရအောင်လို့ ဖိတ်ခေါ်ချင်ပါတယ်” ဟု Samsung မှ Head of IT and Mobile ကိုဇာနည်ဝင်းထက်က ပြောသည်။




အဆိုပါပွဲတွင် နိုင်ငံကျော် အဆိုတော်များဖြစ်ကြသည့် ကျားပေါက်၊ လင်းလင်း၊ ဝေလ၊ အောင်ထက်၊ နေမင်းအိမ် (Galaxy Star)၊ Key (Galaxy Star)၊ တင်ဇာမော်၊ ဖြူဖြူကျော်သိန်း၊ အိမ့်ချစ်နှင့် မီးနို (Galaxy Star) တို့က ပါဝင်ဖျော်ဖြေသွားမည်ဖြစ်သည်။ ပွဲမကျင်းပမီနှင့် ကျင်းပနေချိန်အတွင်း Samsung မှ စမတ်ဖုန်း လက်တွေ့စမ်းသပ် အသုံးပြုနိုင်ရန် ကောင်တာများ စီစဉ်ပေးထားပေးသည့်အပြင် အခြားသော အရောင်အသွေးစုံလင်၍ ပျော်စရာကောင်းသည့် အစီအစဉ်များ စီစဉ်ပေးထားမည် ဖြစ်ကြောင်း သိရသည်။

“အခုလို Galaxy J Music Festival မှာ ပါဝင်ရတဲ့အတွက် အလွန်ဝမ်းသာပါတယ်၊ အခုရှိုးပွဲရဲ့ အဓိက message ဖြစ်တဲ့ ကမ္ဘာကြီးကို အရောင်အသွေးစုံစုံနဲ့ မြင်ကြည့်မယ်ဆိုတဲ့ အချက်ကိုလည်း အလွန်သဘောကျပါတယ်၊ ဒီ J series စမတ်ဖုန်းအသစ် မိတ်ဆက်ပွဲဖြစ်တဲ့ J Music Festival မှာ Samsung က နယ်ပယ်အသီးသီးမှာ ကိုယ်စီအောင်မြင်နေကြတဲ့ အဆိုတော်တွေကို စုစည်းပေးထားတဲ့အတွက်လည်း ဖြူဖြူအနေနဲ့ပါဝင်ရတာ အရမ်းစိတ်လှုပ်ရှားဖို့ ကောင်းပါတယ်” ဟု နိုင်ငံကျော်အဆိုတော် ဖြူဖြူကျော်သိန်းက ပြောသည်။

**ကိုလင်း**

**“အခုရှိုးပွဲရဲ့ အဓိက message ဖြစ်တဲ့ ကမ္ဘာကြီးကို အရောင် အသွေးစုံစုံနဲ့ မြင်ကြည့်မယ်ဆိုတဲ့ အချက်ကိုလည်း အလွန်သဘောကျပါတယ်၊ ဒီ J series စမတ်ဖုန်းအသစ် မိတ်ဆက်ပွဲဖြစ်တဲ့ J Music Festival မှာ Samsung က နယ်ပယ်အသီးသီးမှာ ကိုယ်စီအောင်မြင်နေကြတဲ့ အဆိုတော်တွေကို စုစည်းပေးထားတဲ့အတွက်လည်း ဖြူဖြူအနေနဲ့ ပါဝင်ရတာ အလွန်စိတ်လှုပ်ရှားဖို့ ကောင်းပါတယ်**

**ဖြူဖြူကျော်သိန်း**

# Manhunt International Myanmar 2018

## ပြိုင်ပွဲလျှောက်လွှာများ ခေါ်ယူ

ဂျွန်လွင် ဦးစီးသော Myanmar Stars Pageants Organization က ကြီးမှူးပြီး MANHUNT INTERNATIONAL MYANMAR 2018 ပြိုင်ပွဲကြီးကို စက်တင်ဘာလ နောက်ဆုံးပတ်နှင့် အောက်တိုဘာလဆန်းတွင် ရန်ကုန်မြို့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

“MANHUNT INTERNATIONAL MYANMAR 2018 ပြိုင်ပွဲမှာ ဆုရရှိတဲ့သူကို ကျွန်တော်တို့ Stars & Models Int'l သင်တန်းမှာ ခြောက်လ တိတိအနီးကပ် သင်တန်းပေးသွားမယ်၊ ပြီးတာနဲ့ လာမယ့် ၂၀၁၉ မတ်လမှာ ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမှာ ကျင်းပမယ့် Manhunt International ပြိုင်ပွဲကြီးကို မြန်မာနိုင်ငံကိုယ်စားပြုအနေနဲ့ သွားရောက်ယှဉ်ပြိုင်ရမှာ ဖြစ်ပါတယ်၊ ပါဝင်ယှဉ်ပြိုင်လိုတဲ့ Mister များ၊ မြို့ကိုယ်စားပြု Regional Director များ၊ ပါဝင်လိုသော စီးပွားရေးလုပ်ငန်းရှင်များကိုလည်း ဖိတ်ခေါ်ပါတယ်”ဟု Stars & Models CEO ကိုဂျွန်လွင်က ပြောသည်။

ဝင်ရောက်ယှဉ်ပြိုင်လိုသူများသည် ပြိုင်ပွဲဝင်ပုံစံများကို Stars & Models Int'l (ရန်ကုန်၊ မန္တလေးနှင့် တောင်ကြီး) ရုံးခွဲများတွင် ဖုန်းဆက်စုံစမ်းပြီး သွားရောက် ထုတ်ယူရရှိနိုင်ကြောင်း၊ ပြိုင်ပွဲဝင်လျှောက်လွှာများကို Stars & Models Int'l ရုံးများနှင့် City Director များထံ ဩဂုတ် ၃၀ ရက် နောက်ဆုံးထားပြီး လျှောက်ထားနိုင်ကြောင်း၊ MANHUNT INTERNATIONAL MYANMAR 2018 ပြိုင်ပွဲဝင်များကို စက်တင်ဘာ ၁ ရက်တွင် လူတွေ့စစ်ဆေးရွေးချယ်သွားမည်ဟုသိရပြီး Manhunt International Facebook Page တွင် ကြည့်ရှုနိုင်ကြောင်း သိရသည်။

**ကိုလင်း**


## နိုင်ငံတကာ အနုပညာသတင်း

### ရှိုးပွဲလက်မှတ်တွေကို လျှာဒါန်းသွားမယ့် ဘီယွန်းစေးလ်နဲ့ဂျေးဇီး

ဘီယွန်စေးလ်နဲ့ဂျေးဇီးတို့ ဇနီးမောင်နှံဟာ OTR 2 လို့အမည်ပေးထားတဲ့ သူတို့ရဲ့ နယ်လှည့်ဖျော်ဖြေပွဲ လက်မှတ်တွေကို ပရိသတ်တွေထံအခမဲ့ဖြန့်ဝေသွားမှာဖြစ်တယ်လို့ ကြေညာခဲ့ပါတယ်။ လူမှုရေးလုပ်ငန်းတွေ ဆောင်ရွက်နေတဲ့ ပရိသတ်တွေထံ အခမဲ့ဖြန့်ဝေသွားမှာလည်းဖြစ်တယ်။ သူတို့ဇနီးမောင်နှံဟာ လူငယ်တွေကိုအဓိက ကူညီပေးနေတဲ့ပရဟိတအဖွဲ့ဖြစ်တဲ့ Prince’s Trust အဖွဲ့နဲ့ချိတ်ဆက်ထားပြီး လူမှုရေးလုပ်ငန်းတွေမှာ ပါဝင်ဆောင်ရွက်နေတဲ့ စေတနာ့ဝန်ထမ်း ပရိသတ်တွေဟာ ဘီယွန်းစေးလ်တို့ဂီတပွဲစဉ်တစ်လျှောက် လက်မှတ်တစ်စုံစီရရှိမယ့်အခွင့်အရေးရမှာပဲဖြစ်တယ်။ ဘီယွန်းစေးလ်ဟာ ၂၀၁၄ ခုနှစ်က ပြုလုပ်ခဲ့တဲ့ သူ့ရဲ့ရှိုးပွဲမှာလည်း Prince’s Trust အဖွဲ့အတွက် အလုပ်လုပ်ပေးဖူးပါတယ်။ Prince’s Trust အဖွဲ့ဟာ လူငယ်တွေ အလုပ်အကိုင်အခွင့်အလမ်းရရှိအောင်ပညာရေးနဲ့ လေ့ကျင့်သင်ကြားပေးမှုတို့မှာ ကူညီဆောင်ရွက်ပေးနေတဲ့ အဖွဲ့လည်းဖြစ်တယ်။

ဘဝမှာအခက်အခဲတွေနဲ့ ကြုံတွေ့နေရတဲ့လူငယ်တွေအတွက် ကောင်းမွန်တဲ့ အနာဂတ်တစ်ခုဖန်တီးပေးဖို့ရာ အရေးကြီးတယ်ဆိုတာကို ဘီယွန်းစေးလ်က နားလည်သဘောပေါက်တယ်လို့လည်း ၎င်းလူမှုရေးအဖွဲ့ရဲ့ အမှုဆောင်အရာရှိ နစ်ခ်စတန့်က ပြောပါတယ်။ ဘီယွန်းစေးလ်တို့ရဲ့ဖျော်ဖြေပွဲကို ဇွန်လ ၆ ရက်နေ့ ကာဒစ်မှာစတင်မှာဖြစ်ပြီး အဲဒီနောက်မှာတော့ ယူကေ၊ အိုင်ယာလန်နဲ့ ဥရောပတို့မှာ ပြုလုပ်သွားမှာပဲဖြစ်တယ်။ အခုတစ်ကြိမ် နယ်လှည့်ဖျော်ဖြေပွဲဟာ သူတို့ဇနီးမောင်နှံနှစ်ယောက်စလုံး အတွက် ဒုတိယပွဲဖြစ်ပြီး ပထမအကြိမ်ကတော့ ၂၀၁၄ ခုနှစ်မှာ ပြုလုပ်ခဲ့တာပဲဖြစ်တယ်။

**ဘီဘီစီ**



### ပါတီပွဲမှာ မထင်မှတ်ဘဲ ဆုံခဲ့ကြတဲ့ ခရစ်စတင်းနဲ့ ရောဘတ်ပတ်တင်ဆန်

Twilight ဇာတ်ကားက အစပြုလို့ နာမည်ကျော်ကြားလာပြီးချစ်သူတွေဖြစ်ခဲ့ကြတဲ့ ခရစ်စတင်း စတီးဝတ်နဲ့ ရောဘတ်ပတ်တင်ဆန်တို့ဟာ တစ်ချိန်တုန်းကတော့ လိုက်ဖက်တဲ့စုံတွဲတွေဖြစ်ခဲ့ကြပေမယ့် သူတို့နှစ်ဦးလမ်းခွဲပြီးချိန်မှာတော့ တစ်ဦးနဲ့တစ်ဦး မတွေ့ဖြစ်အောင် ရှောင်နေခဲ့ကြပါတယ်။ ဒါပေမယ့်တိုက်တိုက်ဆိုင်ဆိုင် လော့စ်အိန်ဂျလိစ်မြို့မှာပြုလုပ်ခဲ့တဲ့ လီလီရိုစ်ဒပ်ရဲ့မွေးနေ့ပွဲမှာတော့ သူတို့နှစ်ဦးသားဆုံဖြစ်ခဲ့ကြပါတယ်။ မွေးနေ့ပါတီမှာ ဆုံတွေ့ခဲ့ကြတဲ့အခါ သူတို့နှစ်ဦးဟာ အချင်းချင်း ပြုံးရယ်ပြခဲ့ကြပြီး ဖော်ဖော်ရွေရွေပဲ စကားပြောခဲ့ကြတာကိုတွေ့ရပါတယ်။ သူတို့နှစ်ဦးပြန်များတွဲကြလေမလားလို့ Twilight ပရိသတ်တွေကမျှော်လင့်ခဲ့ကြပေမယ့် ဒါဟာ တကယ်တော့မဖြစ်နိုင်ပါဘူး။ သူငယ်ချင်းတွေအဖြစ်သာ ဆက်လက်တည်ရှိနေတာကိုပဲ Twilight ပရိသတ်တွေကျေနပ်ရမှာပါ။

လက်ရှိမှာတော့ခရစ်စတင်းဟာ မော်ဒယ်တစ်ဦးဖြစ်တဲ့ စတယ်လာ မက်စ်ဝယ်လ်နဲ့ တွဲနေပြီး ရောဘတ်ပတ်တင်ဆန်ကတော့ တစ်ကိုယ်တည်းဘဝမှာ ပျော်နေတဲ့ပုံပါပဲ။ ရောဘတ်ပတ်တင်ဆန်ဟာ မကြာသေးခင်ကမှ အဆိုတော် FKA Twigs နဲ့ လမ်းခွဲထားတာဖြစ်ပြီး ကေတီပယ်ရီနဲ့တွဲသွားတွဲလာရှိဖူးတယ်ဆိုတဲ့ သတင်းတွေလည်း ထွက်ခဲ့ဖူးပါတယ်။ ဘာပဲပြောပြော Twilight ဇာတ်ကားတွေမှာအတွဲညီခဲ့တဲ့ သူတို့နှစ်ယောက်ဟာ ပြန်လည်ချစ်ကြဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ **ဟောလိဝုဒ်လိုက်ဖ်**



---

### ဥပဒေအတွေး ရေးပါရစေ၊ အပိုင်း (၁၂၄)

# အလုပ်သင် ရှေ့နေတစ်ဦးသို့



**ဦးဟန်ညွန့် (ဥပဒေ)**

**အလုပ်သင်**


အလုပ်သင်ရှေ့နေတစ်ဦးက မေးသည်-

“ကျွန်တော်ရှေ့နေတစ်ဦးဖြစ်ချင်တယ်၊ ဘာတွေလုပ်ရမလဲ” ဟု ကျွန်တော့်အား မေးသည်။ သြော်… ဖြေရမှာ မလွယ်။ အကျယ်ကြီးပဲ။ သို့သော်…“စာဖတ်ပေါ့ကွာ” ဟုတော့ ကျွန်တော်ပြောလိုက်သည်။

“ဘာစာတွေ ဖတ်ရမလဲ” ဟု ထပ်မေးပြန်သည်။ နှစ်ပေါင်းလေးဆယ်ကျော် ဥပဒေပင်လယ်ပြင်မှာ ကူးခတ်ခဲ့ရသော ကျွန်တော် ဘာပြန်ဖြေရမှန်းမသိ။

အလုပ်သင်ရှေ့နေ တစ်ဦးအဖြစ် ဆရာကြီး ရှေ့နေကြီးများထံတွင် အလုပ်သင် ဆင်းခွင့်ရခဲ့သော ကာလများ၊ ဆရာကြီးပေးဖတ်သော စာအုပ်များ၊ ဆရာကြီး ပြောပြသော တရားခွင် အတွေ့အကြုံများ၊ တရားရုံးလက်တွေ့ဘဝများကို တစ်ထိုင်တည်း လက်ငင်းချက်ချင်း ရှင်းမပြတတ်ပါ။ သို့သော်ငြား ရှေ့နေတစ်ဦးဖြစ်ဖို့ အခြေခံအချက် (အချို့)ကိုတော့ တင်ပြပါရစေ။

အနည်းဆုံး ဖြေစရာတစ်ချက်ကတော့ **“ဘာစာတွေ ဖတ်ရမလဲ”** က စတင်ချင်ပါသည်။ ဖတ်စရာစာအုပ်တွေ၊ ဥပဒေစာအုပ်တွေ၊ ကျမ်းတွေ၊ စီရင်ထုံးတွေ စသည်ဖြင့် ကျွန်တော့်စာအုပ်စင်မှာ စုံလင်ပါသည်။ စာအုပ်စင်မှာရှိသည့် စာအုပ်များစွာထဲက ပေါ့ပေါ့ပါးပါး ဖတ်သင့်၊ လေ့လာသင့်သော စာအုပ်တစ်အုပ်ကို ကနဦးညွှန်းလိုပါသည်။ ပေါ့ပေါ့ပါးပါးဆို၍ လျှော့ပေါ့ မစဉ်းစားပါနှင့်။ အများနားလည်လွယ်အောင်၊ တရားခွင်ပညာကို လေ့လာမိတ်ဆက်ပေးထားသော စာတစ်အုပ်ပါ။




ရှုပါ။

**ဦးကျော်ဇေယျ**

မိတ်ဆွေကြီး တရားလွှတ်တော်ရှေ့နေကြီး ဦးကျော်ဇေယျဖြစ်ပါသည်။ ဥပဒေစာအုပ်ပေါင်း ၁၀၀ ကျော်ရေးပြီးပါပြီ။ ရှေ့နေလောက၊ ဥပဒေစာပေလောကမှာ ဥပဒေစာအုပ်များစွာ ရေးနိုင်သော တရားလွှတ်တော်ရှေ့နေကြီး တစ်ဦးဖြစ်ပါသည်။ ၎င်းရေးသောစာအုပ်များစွာထဲက **“ရှေ့နေ ရှေ့ရပ်အလုပ်သင်နှင့် အသက်မွေးမှုတရားခွင်ပညာ (ပြစ်မှု+တရားမ)”** ဟူသည့် စာအုပ်ဖြစ်ပါသည်။ ထင်ရှားသော စာအုပ်ပါ။

**ပုံနှိပ်မှတ်တမ်း**

ကျွန်တော့်စာအုပ်စင်ရှိ အထက်ပါ စာအုပ်မှာ ပုံနှိပ်မှတ်တမ်းအရ ၂၀၀၅ ခုနှစ် အောက်တိုဘာလ ပထမအကြိမ် ပုံနှိပ်ပါသည်။ စစ်သည်တော်စာပေမှ ထုတ်ဝေပါသည်။ ဖြန့်ချိရေးမှာ မယ်နှင့်မောင် စာပေတိုက်ဖြစ်ပါသည်။

**ရှေ့နေလုပ်ငန်း**

“ရှေ့နေလုပ်ငန်းဆိုတာ အသက်မွေးမှုလုပ်ငန်းတစ်ခုပဲ။ ဥပဒေပညာနဲ့ အသက်မွေးရတဲ့ လုပ်ငန်းပါပဲ။ အမှုတဘောင်ဖြစ်ရင် ပြဋ္ဌာန်းဥပဒေ၊ လုပ်ထုံးလုပ်နည်းဥပဒေတွေနဲ့ ဘယ်လိုဘယ်ပုံ အမှုတိုင်ရမယ်၊ စုံစမ်းရမယ်၊ စစ်ဆေးမေးမြန်းရမယ်ဆိုတာတွေကို ဥပဒေနဲ့ ပြဋ္ဌာန်းထားတာရှိတယ်။

ဒါပေမယ့် ဥပဒေပြဋ္ဌာန်းချက်တိုင်းကို လူတိုင်းမသိအားကြဘူး။ မိမိကိုယ်ပိုင် လုပ်ငန်းတွေမှာပဲ အလုပ်များနေကြတယ်။ အခါမလပ် နိုင်ငံတော်ရဲ့ဥပဒေဟူသမျှကို မလေ့လာအားကြဘူး။ အထူးသဖြင့် မြန်မာလူမျိုးတွေဟာ ရုံးပြင်ကနားသွားရမှာကို ကြောက်ခဲ့ကြတယ်။

မမာမကျန်းဖြစ်တဲ့အခါ ဆရာဝန်ထံ ချဉ်းကပ်ကြပြီး ရောဂါမှ သက်သာအောင်၊ ပျောက်ကင်းအောင် အကူအပံ့ ရှာတတ်ကြတယ်။ အမှုတဘောင်ဖြစ်လာတဲ့ အခါမှာလည်း ဒီလိုပဲ။ မိမိအမှုကို ကိုင်တွယ်ဖြေရှင်းပေးနိုင်မယ့် အကျိုးဆောင်ရှေ့နေကို အားကိုးကြတာ ဓမ္မတာပါပဲ။

ရှေ့နေက မိမိတတ်ကျွမ်းနားလည်တဲ့ ဥပဒေလုပ်ထုံးလုပ်နည်းတွေ၊ အတတ်ပညာပိုင်းဆိုင်ရာတွေနဲ့ မိမိအမှုသည် အကျိုးငှာ အခွင့်အရေးတွေ၊ ရပိုင်ခွင့်တွေ၊ နစ်နာချက်တွေ၊ ခံစားခွင့်တွေ၊ တာဝန်တွေ စသည်တို့အတွက် လုပ်ဆောင်ပေးတယ်” ဟု ဆရာဦးကျော်ဇေယျက ရေးသားတင်ပြခဲ့သည်။

**ရှေ့နေပညာ**

ဥပဒေပညာအပြင် ရှေ့နေပညာကိုလည်း သိထားဖို့လိုတယ်။ ရှေ့နေပညာဟာ ကျယ်ဝန်းနက်နဲတယ်။ လူ့သဘာဝကို နားလည်ရမယ်။ ပရိယာယ်ကြွယ်ရမယ်။ လုပ်ထုံးလုပ်နည်းအတတ်ပညာပိုင်းဆိုင်ရာတွေ ထက်မြက်မှု ရှိရမယ်။

ပရိယာယ်ကြွယ်တာနဲ့ လိမ်တာ၊ ညာတာ မတူဘူးဆိုတာကိုလည်း ခွဲခြားနားလည်ရမယ်။ အထူးသဖြင့် စကားပရိယာယ်ကြွယ်ဖို့ လိုအပ်တယ်။

ဇွဲကောင်းခြင်း၊ စိတ်ရှည်ခြင်း၊ တည်ကြည်ခြင်း၊ ရဲရင့်ခြင်း၊ ဦးဆောင်မှုပေးနိုင်ခြင်း၊ လမ်းညွှန်မှုပေးတတ်ခြင်း၊ ဆက်ဆံမှု ပြေပြစ်ဝင်ဆံ့ခြင်း၊ ဉာဏ်ကောင်းခြင်း၊ ပြဿနာကိုဖြေရှင်းကိုင်တွယ်တတ်ခြင်း၊ မိမိကိုယ်မိမိ ယုံကြည်ခြင်းစတဲ့ အရည်အချင်းတွေလည်း လိုအပ်တယ်။

ရှေ့နေပညာဆိုတာ အမှုတဘောင်တစ်ရပ်ကို ဥပဒေနဲ့အညီ အံဝင်ခွင်ကျ ဖြေရှင်းပေးနိုင်စွမ်းတဲ့ ပညာရပ်တစ်ရပ်ဖြစ်တယ်။ ဥပဒေနဲ့အညီ ဖြေရှင်းပေးနိုင်စွမ်းတဲ့သတ္တိ၊ ဗျတ္တိရှိရမယ့် ပညာလည်းဖြစ်တယ်။

ရှေ့နေအသီးသီးဟာ တစ်မျိုးစီ၊ တစ်ဘာသာစီ စွမ်းကြတာကို တွေ့ရပါတယ်။ တချို့ကျတော့ မေးခွန်းထုတ်ရာမှာ ကျွမ်းကျင်တယ်။ တချို့ကျတော့ စကားအပြောအဆို တတ်လွန်းပါတယ်။

တချို့စကားပြောကောင်းပေမယ့် ဥပဒေကို မနှံ့စပ်ကြဘူး။ တချို့ ဥပဒေမှာ နှံ့စပ်ကြပေမယ့် အမှုစစ်ပုံ ဆေးပုံ အားမရလှဘူး။

တချို့ကျတော့ တရားမမှုမှာသာ ကျွမ်းကျွမ်းကျင်ကျင်ရှိပြီး ပြစ်မှုမှာ ကျွမ်းကျွမ်းကျင်ကျင် မရှိဘူး။

တချို့ကျတော့ တရားခွင်စစ်ဆေးမှုတွေကို နိုင်နင်းမှုရှိပြီး စာချုပ်စာတမ်းချုပ်ဆိုပေးခြင်း၊ ပဋိညာဉ်ပြုလုပ်ပေးခြင်းတွေမှာ မနိုင်နင်းဘူး။

မိမိစကားပြောမကောင်းရုံနဲ့ စိတ်ဓာတ်ကျစရာမလိုပါ။ ရှေ့နေမဖြစ်တော့ပါဘူးလို့ စိတ်ပျက်စရာမလိုပါ။ တစ်ခုကောင်း အရည်အချင်းနဲ့လည်း ရှေ့နေတစ်ယောက်ဖြစ်လာနိုင်တယ်ဆိုတာ သတိပြုပါ။

ဘက်စုံပြည့်စုံအောင်လည်း ဆက်လက်ကြိုးစားရမယ်။ ရှေ့နေပညာမှာ လေ့လာမှုကုန်ဆုံးရပ်တန့်သွားတယ်လို့ ရှိမှမရှိဘဲ။ ဘက်စုံပြည့်စုံမှလည်း ရှေ့နေအကျော်အမော်တစ်ဦး ဖြစ်လာနိုင်တယ်ဟု ဆရာဦးကျော်ဇေယျက ဆက်လက်ရေးသားထားပါသည်။

(စာ-၃)

**အကြံပြုချက်**

အကျော်အမော် ရှေ့နေတစ်ယောက်ဖြစ်လာဖို့ စိတ်ထက်ထက်သန်သန်ရှိပါသလား။ အောက်ဖော်ပြပါအချက်တွေကို မဆုတ်မနစ် ကျင့်ကြံအားထုတ်ကြည့်စေလိုပါတယ်။ မလွဲမသွေ အကျော်အမော် ရှေ့နေ ရှေ့ရပ် တစ်ဦးဖြစ်လာမှာအမှန်ပါပဲ။

(၁) မိမိလုပ်ငန်းနဲ့ မသက်ဆိုင်တဲ့ အရာတွေမှာ အချိန်ကုန်၊ လူပန်းမပြုဘဲ နေထိုင်ရပါမယ်။
(၂) နေရာဒေသရဲ့ အခြေအနေကို သိရမယ်။
(၃) အချိန်ကာလကို အကဲခတ်တတ်လာအောင် ကြိုးစားရမယ်။
(၄) လုပ်ငန်းနဲ့ စပ်ဆိုင်တဲ့အရာတွေ ပြည့်စုံအောင် စုစည်းဖြည့်ဆည်းရမယ်။
(၅) အလုပ်နဲ့ စပ်လျဉ်းတဲ့ သိအပ်၊ တတ်အပ်၊ နားလည်အပ်တဲ့ အရာဟူသမျှကို သိရှိနားလည်ဖို့ ကြိုးစားရမယ်။

**စာဖတ်ဖို့**

ရှေ့နေလုပ်မယ့်သူဟာ စာဖတ်ဖို့တော့ လိုတယ်။ ဥပဒေတွေအားလုံး ဖတ်ထားရမယ်။ စီရင်ထုံးတွေလည်း လေ့လာထားရမယ်။ ဒါမှ ဘယ်အမှုတုန်းက ဘယ်လိုဆုံးဖြတ်ခဲ့တယ်။ ဘယ်အမှုမှာတော့ ဘယ်လိုသုံးသပ်တယ်ဆိုတာ ချိန်ဆနိုင်မှာဖြစ်တယ်။ စာဖတ်နာထားတဲ့ ရှေ့နေဟာ အခြားရှေ့နေတွေထက် အမြဲတမ်းနှာတစ်ဖျားသာတယ်။ --- စသည်ဖြင့် ဆရာဦးကျော်ဇေယျက ရေးသားထားသည်။ ဖတ်ရှုပါ လူငယ်ရှေ့နေ။

**ဆက်လက်လေ့လာစရာများ**

ရှေ့နေကိုယ်စားလှယ် လွှဲစာ၊ တရားလိုဘက်မှ အမှုစတင်လိုက်ပါဆောင်ရွက်ပုံ၊ တရားခံဘက်မှ အမှုစတင်လိုက်ပါဆောင်ရွက်ပုံ၊ ဦးတိုက်လျှောက်ထား တရားစွဲဆိုပုံ၊ မူလတရားရုံး၌ အာမခံလျှောက်ထားပုံ၊ အထက်ရုံးတက်ရောက်၍ အာမခံလျှောက်ထားပုံ၊ တရားစွဲဆိုရမယ့် တရားရုံး၊ အမှုမစစ်မီ ကြိုတင်သိထားရမယ့် လုပ်ထုံးလုပ်နည်းများ၊ အမှုတွဲလေ့လာပုံ၊ သက်သေခံပစ္စည်းပြည့်စုံအောင် လုပ်ပုံ၊ အမှုစတင်စစ်ဆေးပုံ၊ နှစ်ဖက်တင်သွင်းသော စာရွက်စာတမ်း၊ သက်သေခံ အထောက်အထား၊ အခင်းဖြစ်နေရာသို့ စစ်ဆေးကြည့်ရှုရန် တင်ပြပုံ၊ အကျိုးဆောင်အတတ်ပညာ(တရားလို+တရားခံ)၊ လျှောက်လဲချက်အတတ်ပညာ၊ သက်သေခံပစ္စည်း ပြန်လည်လျှောက်ထားပုံ၊ ရုံးပြောင်းလျှောက်ထားပုံ၊ အယူခံမှု၊ ပြင်ဆင်မှု၊ ကျင့်ဝတ်သိက္ခာ၊ နမူနာပုံစံများ စသည်တို့ ပါဝင်ပါသည်။ လူငယ်ရှေ့နေလေ့လာစေလိုပါသည်။

**တရားမမှု**

တရားမစွဲမီ သိထားရမည့်ကိစ္စ၊ အမှုအတွက် ပန္နက်ရိုက်ပုံ၊ တရားစွဲဆိုရမည့်နေရာနှင့် စီရင်ပိုင်ခွင့်အမှုတန်ဖိုး၊ ရုံးခွန်တော်၊ လိုအပ်ချက်များ၊ အဆိုလွှာ၊ ကိုယ်စားလှယ် လွှဲစာ၊ အခွင့်ရ ကိုယ်စားလှယ်၊ သမ္မန်စာ၊ ချေလွှာ၊ တရားမမှု စစ်ဆေးပုံ၊ အမှုရုပ်သိမ်းခြင်း၊ အယူခံ၊ ပြင်ဆင်မှု၊ ဇာရီလုပ်ခြင်းနှင့် နမူနာပုံစံများ ဖော်ပြထားပါသည်။

အလုပ်သင်ရှေ့နေတစ်ဦးဖတ်ရမည့် စာအုပ်များအနက် ဤစာအုပ်သည် ရှေ့တန်းက ပါဝင်သော လမ်းညွှန်စာအုပ်တစ်အုပ် ဖြစ်ပါသည်။

**စေတနာ**

မိတ်ဆွေကြီး တရားလွှတ်တော်ရှေ့နေကြီး ဦးကျော်ဇေယျ၏ အလုပ်သင်ရှေ့နေများအပေါ် ထားရှိသော စေတနာအကြောင်း တွေးမိသော ကျွန်တော်၏ စေတနာ ဥပဒေအတွေးမျှသာပါ … ။ ။

# ဘောလခဲခရိုင် မိုးနှမ်း GAP နည်းစနစ်ဖြင့် စိုက်ပျိုးဆောင်ရွက်နေ

**ဘောလခဲ ဇွန် ၅**

ကယားပြည်နယ် ဘောလခဲခရိုင် ဘောလခဲမြို့ ဘက်စုံအဆင့်မြင့်နည်းပညာသုံးစံပြကျေးရွာ (ရေနီပေါက်ကျေးရွာ) တောင်သူဦးမီရယ်၏ မိုးနှမ်းစံပြစိုက်ခင်း လေးဧကတွင် နှမ်းမျိုးစေ့ချကိရိယာစက်ဖြင့် စိုက်ပျိုးနေမှုကို ဒု-ပြည်နယ်ဦးစီးမှူး ဦးစိုင်းသန်းအောင် ပြည်နယ်မြေ၊ မျိုး၊ ပိုးတာဝန်ခံများခရိုင်၊ မြို့နယ်ဦးစီးမှူးဝန်ထမ်းများနှင့်အတူ ဇွန် ၂ ရက်နံနက်က ကွင်းဆင်းကြည့်ရှုအားပေးခဲ့ကြသည်။

ဘောလခဲခရိုင်အတွင်း နှမ်းသီးနှံကို GAP စနစ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး စိုက်ပျိုးရေးသုတေသနဦးစီးဌာနနှင့်ပူးပေါင်း၍ နှမ်း GAP စမ်းသပ်ကွက်များဆောင်ရွက်ခြင်း၊ ပြည်ပပို့ကုန်အရည်အသွေးမီနှမ်းများ စိုက်ပျိုးထုတ်လုပ်နိုင်ရေး နှမ်းမျိုးကောင်းမျိုးသန့်များဖြန့်ဖြူးပေးခြင်း၊ တောင်သူများအား GAP နည်းပညာရပ်များဆွေးနွေးပေးခြင်း၊ GAP စိုက်နည်းစနစ် လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **မောင်ကျော်ကြီး**



# ပုပ္ပားတောင်ကလပ်ရှိဘုရားများကို ဒေသခံပြည်သူများသာ ထိန်းသိမ်းခွင့်ရရှိရေး ဆန္ဒထုတ်ဖော်

**ကျောက်ပန်းတောင်း ဇွန် ၅**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားတောင်ကလပ်ရှိ ဘုရားစေတီများနှင့် နတ်နန်းများကို ဒေသခံပြည်သူများသာ ထိန်းသိမ်းခွင့်ရရှိရေးအတွက် ငြိမ်းချမ်းစွာ လမ်းလျှောက်ဆန္ဒဖော်ထုတ်ပွဲကို ဇွန် ၄ ရက်က ပြုလုပ်ခဲ့ပြီး အောင်သိဒ္ဓိကုန်းပေါ်မှ တောင်ကလပ်ခြေရှိ ပတ္တမြားစောင်းတန်းအထိ လမ်းလျှောက်ခဲ့ကြကြောင်းသိရသည်။

အဆိုပါ လမ်းလျှောက်ဆန္ဒထုတ်ဖော်သည့်အဖွဲ့ကို ပုပ္ပားတောင်ကလပ်ကျေးရွာမှ ဦးဇော်ဝင်းသိန်းဦးဆောင်၍ ပြုလုပ်ခြင်းဖြစ်ပြီး တောင်ကလပ်ရှိ ဘုရားစေတီများ၊ နတ်နန်းများကို ပုပ္ပားဒေသခံပြည်သူများသာ အုပ်ချုပ်စီမံခွင့်ရရှိရေးနှင့် ဒေသခံမဟုတ်သော ယာယီဂေါပကအဖွဲ့များ နုတ်ထွက်ပေးရေးတို့အတွက် ဆန္ဒထုတ်ဖော်ခြင်းဖြစ်ကြောင်း သိရသည်။

ဆန္ဒဖော်ထုတ်မှုနှင့် ပတ်သက်၍ တောင်ကလပ်ယာယီဂေါပကအဖွဲ့မှ ဒုတိယဥက္ကဋ္ဌဖြစ်သူ ဦးကျားမောင်က "ကျွန်တော်တို့အနေနဲ့ ဘာမှတ်ချက်မှပေးဖို့မရှိပါဘူး၊ ဒေသခံတွေအနေနဲ့ သူတို့ဆန္ဒသဘောထားကို လွတ်လွတ်လပ်လပ် ထုတ်ဖော်ခွင့်ရှိတဲ့အတွက် ကျွန်တော်တို့က တားဆီးလို့လည်းမရပါဘူး၊ ဘာမှလည်း ပြောစရာမရှိပါဘူးဗျာ"ဟု ပြောသည်။

လမ်းလျှောက်ဆန္ဒထုတ်ဖော်ပွဲတွင် ပုပ္ပားဒေသခံပြည်သူ အင်အား ၅၀ ခန့် ပါဝင်ခဲ့ကြပြီး ကျောက်ပန်းတောင်းမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်ဝင်းနိုင်၊ ပုပ္ပားနယ်မြေရဲစခန်းမှူးစခန်းမှူးနှင့် တပ်ဖွဲ့ဝင်များက လုံခြုံရေးလိုက်ပါဆောင်ရွက်ပေးခဲ့ကာ ဆန္ဒဖော်ထုတ်ပြီးနောက် ပတ္တမြားစောင်းတန်း၌ အေးချမ်းစွာ လူစုခွဲခဲ့ကြောင်း သိရသည်။

**နေအောင် (မြန်/ဆက်)**

# သာပေါင်း၌ ရေဘေးအန္တရာယ်ကာကွယ်ရေး ဒေသခံပြည်သူများအား ရှင်းလင်းသရုပ်ပြသ

**သာပေါင်း ဇွန် ၅**

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ်အတွင်း ဝဲဝန်မြစ်ရေကြောင့် မိုးရာသီကာလရောက်တိုင်း ရေကြီးမှုဒဏ်ခံရလေ့ရှိသော မြစ်ကြောင်းတစ်လျှောက်ရှိ ကျေးရွာများမှ ဒေသခံပြည်သူများအား ဝဲဝန်မြစ်တာတမံ ကြိုတင်ကာကွယ်ခြင်းနှင့် ရေဘေးအန္တရာယ်ကျရောက်မှုမရှိစေရေးအတွက် သရုပ်ပြပွဲကို ဇွန် ၃ ရက်က ကမ္ဘာ့ညောင်ကုန်းကျေးရွာအုပ်စု ဝဲဝန်တာ မိုင်တိုင် ၆၇/၀ အနီး ရေကင်းစခန်းအမှတ်(၂)၌ ပြုလုပ်ခဲ့သည်။



ပုသိမ်ခရိုင် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမျိုးမြင့်အောင်က တာတမံကို ထိခိုက်ပျက်စီးစေတတ်သော တာထိပ်ရေကျော်ခြင်း၊ ရေပေါက် ထူးပေါက်များ ပေါက်ခြင်း၊ တာအိတာလျှောခြင်း၊ သဲဗွက်ထခြင်းများဖြစ်ပေါ်နိုင်သည့် အခြေအနေနှင့် လက်တွေ့ကာကွယ်ပုံအဆင့်ဆင့်တို့ ကို တက်ရောက်လာသော ဒေသခံပြည်သူများအား နမူနာပုံစံများဖြင့် ရှင်းလင်းပြသခဲ့သည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြို့နိုင်က ရေဘေးအန္တရာယ်ဖြစ်ပေါ်လာပါက သက်ဆိုင်ရာဌာနများသို့ ထူးခြားမှုအခြေအနေများကို ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များမှတစ်ဆင့် အမြန်ဆုံးသတင်းပို့ရန်နှင့် သို့မှသာ အခက်အခဲကြုံတွေ့ကြရသော ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်နိုင်မည်ဖြစ်ကြောင်းနှင့် မြစ်ကြောင်းတစ်လျှောက် ရေထိန်းတာများ ရေရှည်ခိုင်ခံ့မှုရှိစေရန်နှင့် ထိခိုက် ပျက်စီးမှုများဖြစ်ပေါ်စေနိုင်မည့် မည်သည့်ကိစ္စရပ်များကိုမဆို ဝိုင်းဝန်း ထိန်းသိမ်းကြရန်လိုအပ်ကြောင်း ဆွေးနွေးပြောကြားခဲ့သည်။ အဆိုပါ ရေဘေးအန္တရာယ်ကာကွယ်ရေး သရုပ်ပြပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အဆင့် သဘာဝဘေးစီမံခန့်ခွဲမှုကော်မတီဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူ ၉၀ ကျော် တက်ရောက်ခဲ့သည်။ **ကိုလွင်(ဆွာ)**

# ရန်ကုန်တိုင်း ရေကူးဆပ်ကော်မတီ ဥက္ကဋ္ဌဖလား ရေကူးလူရွေးပွဲကျင်းပ

**ရန်ကုန် ဇွန် ၅**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာန၏ လမ်းညွှန်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် ရန်ကုန်တိုင်း ရေကူးဆပ်ကော်မတီတို့ ပူးပေါင်းကျင်းပသော ရန်ကုန်တိုင်း ရေကူးဆပ်ကော်မတီဥက္ကဋ္ဌဖလား ရေကူးလူရွေးပြိုင်ပွဲကြီးကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ အမျိုးသားရေကူးကန်၌ ဇွန် ၂ ရက်နှင့် ၃ ရက်က ကျင်းပခဲ့သည်။

အဆိုပါ ရန်ကုန်တိုင်းရေကူးဆပ်ကော်မတီဥက္ကဋ္ဌဖလား ရေကူးလူရွေးပြိုင်ပွဲကြီးကို နိုင်ငံတစ်ဝန်းမှ မျိုးဆက်သစ် ရေကူးအားကစားသမားများ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ ကျင်းပခဲ့ရာ အမျိုးသား၊ အမျိုးသမီး မီတာ ၂၀၀ အလွတ်ကူးပြိုင်ပွဲ၊ အမျိုးသား၊ အမျိုးသမီး မီတာ ၅၀ အလွတ်ကူး(လူသစ်တန်း)ပြိုင်ပွဲ၊ အမျိုးသား၊ အမျိုးသမီး မီတာ ၁၀၀ လိပ်ပြာကူးပြိုင်ပွဲ၊ အမျိုးသား၊ အမျိုးသမီး မီတာ ၁၀၀ အလွတ်ကူးပြိုင်ပွဲ၊ အမျိုးသား၊ အမျိုးသား မီတာ ၁၀၀ ပက်လက်ကူးပြိုင်ပွဲ၊ အမျိုးသား၊ အမျိုးသမီး မီတာ ၁၀၀ ရင်ပေါင်တန်းကူးပြိုင်ပွဲ၊ အမျိုးသား၊ အမျိုးသမီး မီတာ ၅၀ လိပ်ပြာကူးပြိုင်ပွဲ၊ အမျိုးသား၊ အမျိုးသမီး မီတာ ၅၀ ပြိုင်ပွဲတို့ကို ထည့်သွင်းကျင်းပခဲ့သည်။

ထို့နောက် ပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများအား တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်မိုး၊ တိုင်းရေကူးဆပ်ကော်မတီ ဒုတိယ ဥက္ကဋ္ဌ ဦးမိုးကျော်နှင့်တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။

ပြိုင်ပွဲအပြီးတွင် တိုင်းဒေသကြီးမှ အမျိုးသား ၁၁ ဦး၊ အမျိုးသမီး ၁၁ ဦးတို့အား နောက်ဆုံး ဆန်ခါတင်ရွေးချယ်ခဲ့ပြီး ၎င်းတို့သည် နေပြည်တော်တွင် လာမည့် ဇွန် ၂၁ ရက်မှ ၂၂ ရက်အထိ ကျင်းပမည့် တိုင်းဒေသကြီးနှင့် ပြည်နယ် ရေကူးပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ရန်ကုန်တိုင်းဒေသကြီး ရေကူးဆပ်ကော်မတီအနေဖြင့် ယင်းပြိုင်ပွဲတွင် ပြိုင်ပွဲ အမျိုးအစား ၁၈ မျိုး၌ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။ **မောင်စိန်လွင်(မြန်မာ့အလင်း)**



ရန်ကုန်တိုင်းရေကူးဆပ်ကော်မတီဥက္ကဋ္ဌဖလား ရေကူးလူရွေးပြိုင်ပွဲ ကျင်းပစဉ်။ ဓာတ်ပုံ- မင်းထက်

# အမျိုးသမီးအိမ်တွင်းမှုသင်တန်းသို့ အခြေခံစားသောက်ကုန်များ ကရင်ပြည်နယ်ဝန်ကြီးချုပ် ထောက်ပံ့ပေးအပ်

**ဘားအံ ဇွန် ၅**

နယ်စပ်ဒေသအသီးသီးတွင် နေထိုင်ကြသည့် တိုင်းရင်းသူများ၏ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းများ၌ ပညာရပ်သင်တန်းများ သင်ကြားပို့ချပေးလျက်ရှိရာ ဇွန် ၄ ရက်က ဘားအံမြို့အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၌ အခြေခံအိမ်တွင်းမှုသင်တန်း အမှတ်စဉ်(၄၇)၊ အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ်(၄၄)နှင့် ရိုးရာဂျပ်ခုတ်သင်တန်း အမှတ်စဉ်(၁၄) သင်တန်းများကို ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲများတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်က အမှာစကားပြောကြားပြီး သင်တန်းသူများအတွက် ကြက်သွန်၊ ကုလားပဲ၊ အာလူး၊ စားသုံးဆီ စသည့် အခြေခံစားသောက်ကုန်များကို သင်တန်းကျောင်း ကျောင်းအုပ် ဒေါ်သန်းသန်းထံ ထောက်ပံ့ပေးအပ်ခဲ့သည်။

အဆိုပါသင်တန်းများကို ဇွန် ၄ ရက်မှ စက်တင်ဘာ ၇ ရက်ထိ ရက်သတ္တပတ် ၁၄ ပတ်ကြာ ဖွင့်လှစ်သွားမည်ဖြစ်ပြီး အခြေခံအိမ်တွင်းမှုသင်တန်းတွင် သင်တန်းသူ ၇၅ ဦး၊ အဆင့်မြင့်စက်ချုပ်သင်တန်းတွင် ၁၄ ဦး၊ ရိုးရာဂျပ်ခုတ်သင်တန်းတွင် ၁၀ ဦး၊ စုစုပေါင်းသင်တန်းသူ ၉၉ ဦး တက်ရောက်ကြမည်ဖြစ်ကြောင်း သိရသည်။

အလားတူ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း မြိုင်ကြီးငူနှင့် မြဝတီတို့တွင်လည်း သင်တန်းများကို တစ်ပြိုင်တည်းဖွင့်လှစ်ရာ မြိုင်ကြီးငူသင်တန်းကျောင်း၌ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်က သင်တန်းများကို ဖွင့်လှစ်ပေးခဲ့ပြီး သင်တန်းသူ စုစုပေါင်း ၇၃ ဦး တက်ရောက်သင်ကြားလျက်ရှိသည်။ မြဝတီသင်တန်းကျောင်းမှ သင်တန်းဖွင့်ပွဲတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးထူးလွင်က ဖွင့်လှစ်ပေးပြီး သင်တန်းသူ ၉၇ ဦး တက်ရောက်သင်ကြားလျက်ရှိရာ ပြည်နယ်အတွင်းရှိ အဆိုပါ သင်တန်းကျောင်း သုံးကျောင်း၌ နယ်စပ်ဒေသမှ တိုင်းရင်းသူ စုစုပေါင်း ၂၆၅ ဦး တက်ရောက်၍ ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

**စောမျိုးမင်းသိန်း (မြန်/ဆက်)**



# ဒလမြို့နယ်မှ ကျောင်း ကိုးကျောင်း အဆင့်တိုးမြှင့်ဖွင့်လှစ်ခွင့်ရ

**ဒလ ဇွန် ၅**

ယခု ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် ဒလမြို့နယ်ရှိ အခြေခံပညာကျောင်း ကိုးကျောင်းကို ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနက အဆင့်တိုးမြှင့်ဖွင့်လှစ်ရန် ခွင့်ပြုပေးခဲ့ကြောင်းသိရသည်။

ဒလမြို့နယ်တွင် အခြေခံပညာကျောင်းပေါင်း ၇၆ ကျောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း သုံးကျောင်းနှင့် ကိုယ်ပိုင်အထက်တန်းကျောင်း နှစ်ကျောင်းရှိပြီး အထက(ခွဲ)ကျောင်းတစ်ကျောင်းကို အထက်တန်းကျောင်းအဖြစ်လည်းကောင်း၊ အလက(ခွဲ)ကျောင်း လေးကျောင်းကို အလယ်တန်းကျောင်းအဖြစ်လည်းကောင်း၊ မူလတန်းကျောင်း လေးကျောင်းကို မူလတန်းလွန်ကျောင်းအဖြစ်လည်းကောင်း အဆင့် တိုးမြှင့်ပေးခဲ့ခြင်းဖြစ်သည်။

ယခုကဲ့သို့ ကျောင်းများ အဆင့်တိုးမြှင့်ပေးခဲ့သည့်အတွက် ကျေးရွာများမှ ကျောင်းသား ကျောင်းသူများအနေဖြင့် မိမိကျေးရွာမှာပင် ဆက်လက် ပညာသင်ကြားခွင့်ရသောကြောင့် အချိန်ကုန် လူပင်ပန်းမှုများ မရှိတော့သလို မိဘများအဖို့လည်း သားသမီးများ၏ပညာရေးအတွက် စိုးရိမ်ပူပန်ရမှုများလည်း လျော့ပါးစေ၍ ပညာရေးဝန်ကြီးဌာနအား ကျေးဇူးတင်ကြောင်း ထူးကြီးကျေးရွာမှ ကျောင်းသားမိဘတစ်ဦးက ပြောသည်။ **မောင်ယဉ်ဦး (ဒလ)**

# ရေးမြို့နယ်တွင် ဒူးရင်းသီး စိုက်ပျိုးသူများလာ

**ရေး ဇွန် ၅**

မွန်ပြည်နယ် ရေးမြို့နယ်တွင် စိုက်ပျိုးသော ဒူးရင်းခြံများ၌ ဒူးရင်းသီးအထွက်နှုန်းကျဆင်းလာနေသော်လည်း ဈေးကောင်းရရှိနေခြင်းကြောင့် တောင်သူများအနေဖြင့် ဒူးရင်းသီးကို ပိုမိုစိုက်ပျိုးလာနေကြကြောင်း သိရသည်။

"ရာသီဥတုဖောက်ပြန်လို့ ဒူးရင်းသီးအထွက်နှုန်းကျဆင်းတယ်၊ ဒါပေမယ့် ဈေးကောင်းရပြီး ဒူးရင်းသီးကြောင့် ဝင်ငွေလည်းကောင်းတဲ့အခါ တောင်သူတွေက ယခင်ကထက် ဒေသဒူးရင်းသီးနဲ့ ထိုင်းမျိုးစပ်ဒူးရင်းသီးကိုပါ ပိုမိုစိုက်ပျိုးလာတာကို တွေ့ရတယ်"ဟု ဒေသခံတောင်သူ ဦးတင်ဝင်းက ပြောသည်။

ဒူးရင်းစိုက်ပျိုးသူများအနေဖြင့် ဒေသဒူးရင်းမျိုးထက် ထိုင်းမျိုးစပ် အကိုင်းဆက်ဒူးရင်းမျိုးကို ပိုမိုဝယ်ယူစိုက်ပျိုးလာကြသည်ကို တွေ့ရပြီး ထိုင်းမျိုးစပ်ပျိုးပင်စိုက်ရာတွင် နည်းပညာများကိုပါရမှ ရာနှုန်းပြည့် အောင်မြင်နိုင်မည်ဖြစ်ကြောင်း စိုက်ပျိုးရေး ပစ္စည်းရောင်းချသည့် ကိုအောင်သူက ပြောသည်။

လက်ရှိအချိန်တွင် ရေးဒေသထွက် ဒူးရင်းသီးပေါက်ဈေးများမှာ အနိမ့်ဆုံးတစ်လုံးလျှင် ကျပ် ၂၀၀၀ မှစ၍ အရည်အသွေးအပေါ်မူတည်ပြီး ကျပ် ၃၀၀၀ ကျော်အထိ ရရှိကာ ဒေသမျိုးဒူးရင်းသီးများက ဈေးကွက်သို့ ပို၍အဝင်များကြောင်း၊ ရေးဒေသထွက် ဒူးရင်းသီးများကို မော်လမြိုင်မှတစ်ဆင့် ရန်ကုန်ဈေးကွက်အထိ တင်ပို့ရောင်းချနေရကြောင်း သိရသည်။ **နေမျိုးထွဋ်(ရေး)**



## ရန်ကုန်တိုင်းဒေသကြီး ဩဝါဒါစရိယ ဆရာတော်ကြီး၏ အန္တိမအဂ္ဂိ ဈာပနသန်လျင်၌ကျင်းပ

**ရန်ကုန် ဇွန် ၅**

သန်လျင်မြို့ ကြပ်တွင်းအရှေ့ကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက၊ ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့၏ ဩဝါဒါစရိယ၊ ဝိနည်းမိုရ် ပဝိရဏာဂိုဏ်း၏ ဥက္ကဋ္ဌဖြစ်တော်မူသော သက်တော်ရှည် ဆရာတော်ကြီး ဘဒ္ဒန္တစန္ဒောဘာသ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)၏ အန္တိမအဂ္ဂိဈာပနအခမ်းအနားကို ဇွန် ၃ ရက်က အဆိုပါကျောင်းတိုက်၌ကျင်းပသည်။

အခမ်းအနားတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် ဘဒ္ဒန္တစန္ဒိမာဘိဝံသ(အဂ္ဂမဟာပဏ္ဍိတ)သန်လျင်မင်းကျောင်းဆရာတော်ထံမှ ဒါယကာ ပရိသတ်များက သီလခံယူဆောက်တည်ကြပြီး အလှူရှင်များက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်အား ဘာသာရေးထုံးတမ်းအစဉ်အလာများနှင့်အညီ ပူဇော်ကြပြီးနောက် အခမ်းအနားဖြင့်ပင့်ဆောင်၍ ကျိုက်ခေါက်စေတီ ဝတ္တုကံမြေအနောက်ကွင်း၌ အန္တိမအဂ္ဂိဈာပနသဘင်ကို ကျင်းပခဲ့ကြောင်း သိရသည်။

**သန်းဝင်း(သန်လျင်)**

## လားဟူတိုင်းရင်းသားတောင်သူများ၏ တောင်းဆိုချက်အရ စိုက်ပျိုးရေးဆိုင်ရာများ ပညာပေးဟောပြော

**တာလေ ဇွန် ၅**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်ခရိုင် တာလေမြို့နယ် နားယောင်းကျေးရွာအုပ်စု ဝမ်ကောင်းကျေးရွာနေ ဒေသခံ လားဟူတိုင်းရင်းသားတောင်သူများ၏ တောင်းဆိုချက်အရ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဒေးဗစ်၏ စီမံဆောင်ရွက်မှုဖြင့် စိုက်ပျိုးရေးဆိုင်ရာ ပညာပေးဟောပြောပွဲကို မေလနောက်ဆုံးပတ်အတွင်းက ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် တာချီလိတ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးလှဝင်းက စပါးအထွက်နှုန်းတိုးစေမည့် နည်းလမ်းများကို လည်းကောင်း၊ ဆန်စပါးအခြေပြု တန်ဖိုးမြှင့်ထုတ်ကုန်ထုတ်လုပ်ရာတွင် ဆန်စပါးစိုက်ပျိုးသူ တောင်သူလယ်သမားများအတွက် သိသာသောအကျိုးအမြတ်ရရှိစေရေး၊ တစ်ဧကအထွက်နှုန်းမြှင့်တင်ခြင်းနှင့် ကုန်ကျစရိတ် လျော့နည်းသက်သာရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကိုလည်းကောင်း၊ သဘာဝပတ်ဝန်းကျင်၊ ရာသီဥတုနှင့် လိုက်လျောညီထွေမှုရှိသည့် ဒေသနှင့်ကိုက်ညီသော စိုက်ပျိုးနည်းစနစ်များ ကျင့်သုံးတတ်လာစေရေးနှင့် ဈေးကွက်ဝင်သီးနှံများ ရွေးချယ်စိုက်ပျိုးတတ်စေရေးကိုလည်းကောင်း ရှင်းလင်းပြောကြားပြီးနောက် ဒေသခံတောင်သူများ သိရှိလိုသည်များကို ပြန်လည် ဖြေကြားဆွေးနွေးခဲ့သည်။

လားဟူတိုင်းရင်းသား တောင်သူများအနေဖြင့် ဝင်ငွေရ ဈေးကွက်ဝင်သီးနှံများကို ရွေးချယ်စိုက်ပျိုးလာစေနိုင်ရေး၊ ဆန်စပါးအခြေပြု တန်ဖိုးမြှင့်ထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်၍ ပြည်တွင်း ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချပြီးရရှိလာသည့် အကျိုးအမြတ်များဖြင့် ဒေသခံတောင်သူလယ်သမားများ၏ လူနေမှုဘဝ တိုးတက်မြင့်မားလာရေးတို့အတွက် ရည်ရွယ်လျက် ဟောပြောပွဲကို ပြုလုပ်ခြင်းဖြစ်ကြောင်းသိရသည်။

**သိမ့်သိမ့်မိုး**

## မိုင်းဖြတ်မြို့နယ်တွင် မူလတန်းကျောင်း(ခွဲ) အဆင့်တိုးမြှင့်ဖွင့်လှစ်

**မိုင်းဖြတ် ဇွန် ၅**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ် ဟကြားမုဒိကျေးရွာရှိ ကိုယ့်အားကိုယ်ကိုးကျောင်းကို ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနက အခြေခံပညာမူလတန်းကျောင်း(ခွဲ)အဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ခွင့်ပြုခဲ့ရာ ကျောင်းအဆင့်တိုးမြှင့်ဖွင့်ပွဲကို ဇွန် ၄ ရက်က အဆိုပါစာသင်ကျောင်း၌ ကျင်းပခဲ့သည်။

ကျောင်းအဆင့်တိုးမြှင့်ဖွင့်ပွဲတွင် မိုင်းဖြတ်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်က အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးစိုင်းသန်းလူက ကျောင်းအဆင့်တိုးမြှင့်ရေး လုပ်ငန်းစဉ်ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် နိုင်ငံတော်မှ အခမဲ့ဖြန့်ဝေပေးသည့် ကျောင်းသုံး ဗလာစာအုပ်၊ ပုံနှိပ်စာအုပ်နှင့် နိုင်ငံတော်မှ ထောက်ပံ့ပေးအပ်သည့် ကျောင်းဝတ်စုံ ၄၄ စုံတို့ကို မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ပညာရေးမှူးနှင့် မြို့မိမြို့ဖ ဦးစိုင်းရီတစ်တို့က ကျောင်းတာဝန်ရှိသူများထံ ပေးအပ်ပြီး ကျောင်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

ဟကြားမုဒိကျေးရွာရှိ ကိုယ့်အားကိုယ်ကိုးစာသင်ကျောင်းကို ၂၀၁၆ ခုနှစ်ကစတင်ဖွင့်လှစ်ခဲ့ပြီး ယခုနှစ် ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် အခြေခံပညာမူလတန်းကျောင်း(ခွဲ)အဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်ကာ တိုးမြှင့်ဖွင့်လှစ်သည့် စာသင်ကျောင်း၌ KG တန်းမှ တတိယတန်းအထိ ကျောင်းသား ကျောင်းသူ ၃၉ ဦးရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## အခြေခံအိမ်တွင်းမှုသင်တန်းကို ချင်းပြည်နယ်ဝန်ကြီးချုပ် တက်ရောက်ဖွင့်လှစ်ပေး

**ဟားခါး ဇွန် ၅**

ဟားခါးမြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၌ အခြေခံအိမ်တွင်းမှုသင်တန်း အမှတ်စဉ် ၆၆ နှင့် အဆင့်မြင့် စက်ချုပ်သင်တန်းအမှတ်စဉ် ၄၉ သင်တန်းများကို ဇွန် ၄ ရက်က ဖွင့်လှစ်ခဲ့ရာ သင်တန်းဖွင့်ပွဲသို့ ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွှယ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဇိုဘွဲ့၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်က အမျိုးသမီးများ စွမ်းရည်မြင့်မားရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ မှန်ကန်သော အတွေးအခေါ်များရရှိလာစေရေး၊ ကိုယ်ပိုင်ဝင်ငွေရရှိပြီး မိမိဘဝကို မိမိစွမ်းအားဖြင့် ရပ်တည်နိုင်ရေး ရည်ရွယ်၍ သင်တန်းများ ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်ကြောင်း၊ သင်တန်းများအတွက် နိုင်ငံတော်မှ ကျပ်သိန်းပေါင်းများစွာ အကုန်ကျခံ ထောက်ပံ့ပေးလျက်ရှိရာ သင်တန်းသူများအနေဖြင့် ပညာရပ်များကို ထူးချွန်တတ်မြောက်အောင် ကြိုးစားသင်ယူကြစေလိုကြောင်း တိုက်တွန်းမှာကြားပြီး သင်တန်းကို ဖွင့်လှစ်ပေးခဲ့သည်။ ယခုဖွင့်လှစ်သည့် အခြေခံအိမ်တွင်းမှု သင်တန်းတွင် သင်တန်းသူ ၅၅ ဦး၊ အဆင့်မြင့်စက်ချုပ်သင်တန်းတွင် သင်တန်းသူ ၁၄ ဦး တက်ရောက်ကြမည်ဖြစ်ပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၄ ပတ် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

ဟားခါးမြို့ရှိ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းအနေဖြင့် စတင်ဖွင့်လှစ်ချိန်မှ ယခုအချိန်အထိ ကျောင်းသူပေါင်း ၃၀၆၈ ဦးကို မွေးထုတ်ပေးနိုင်ခဲ့ပြီး မိမိဒေသတွင် ကိုယ်ပိုင်စီးပွားရေး ပြန်လည်လုပ်ကိုင်နေသည့် သင်တန်းသူများမှာ စက်ချုပ်ပညာသင်တန်းမှ ၄၁၉ ဦး၊ သိုးမွေးစက်ဆွဲပညာသင်တန်းမှ ၁၃ ဦး၊ လက်ရက်ကန်းပညာသင်တန်းမှ ၁၄ ဦးနှင့် အထည်ချုပ်စက်ရုံများတွင် လုပ်ကိုင်သူ ၃၃ ဦး ရှိပြီဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## မအူပင်ခရိုင်၌ ရေဘေးကာကွယ်ရေးလုပ်ငန်းများ ကြိုတင်ဆောင်ရွက်ထား

**မအူပင် ဇွန် ၅**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင်အတွင်းရှိ ညောင်တုန်း၊ ပန်းတနော်၊ ဓနုဖြူနှင့် မအူပင်မြို့နယ်များ၌ မြို့နယ်အလိုက် တာတမံများ ပြုပြင်ထိန်းသိမ်းခြင်းနှင့် ရေဘေးကာကွယ်ရေးလုပ်ငန်းများကို ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားကြောင်း ခရိုင် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

မအူပင်ခရိုင်အတွင်း၌ ဧရာဝတီမြစ်၊ တိုးမြစ်၊ ပန်းလှိုင်မြစ်၊ ပန်းတနော်မြစ်၊ ပံတပွတ်မြစ် စသည့် မြစ်များ ဖြတ်သန်းစီးဆင်းလျက်ရှိပြီး မိုးရာသီတွင် အဆိုပါမြစ်များ ရေကြီးသည့်အခါ မြို့ရွာများ၊ အဆောက်အအုံများ၊ လမ်းများ၊ လယ်မြေများ မြစ်ရေနစ်မြုပ်ပျက်စီးမှုမှ ကာကွယ်နိုင်ရန်အတွက် တာတမံကိုးခုကို လွန်ခဲ့သော နှစ်ပေါင်း ၉၀ ကျော်ကပင် တည်ဆောက်ခဲ့ရာ လက်ရှိအချိန်တွင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ထိန်းသိမ်းဆောင်ရွက်နေပြီး အဆိုပါ တာတမံများက စိုက်ပျိုးမြေဧရိယာပေါင်း ငါးသိန်းကျော်ကို ရေကြီးနစ်မြုပ်မှုမှ ကာကွယ်ပေးလျက်ရှိသည်။

၂၀၁၅ နှင့် ၂၀၁၆ ခုနှစ်များက ထူးကဲမြစ်ရေကြီးမှုများ ဖြစ်ခဲ့သောကြောင့် တာတမံများ ထိခိုက်ပျက်စီးမှု မဖြစ်ပေါ်စေရန် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက အင်တိုက်အားတိုက် ကြိုးစား၍ ကာကွယ်စောင့်ရှောက်ခဲ့ရပြီး ဌာနအနေဖြင့် နှစ်စဉ်ပွင့်လင်းရာသီတွင် တာတမံပြုပြင်ခြင်းလုပ်ငန်း၊ အသစ် တည်ဆောက်ခြင်းလုပ်ငန်း၊ မြစ်ကမ်းကာကွယ်ခြင်း လုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိသည်။ စုစုပေါင်း တာတမံအလျား ၃၀၈ ဒသမ ၃၇ မိုင်ရှိသည့်အနက် ၂၀၁၇-၂၀၁၈ ခုနှစ်တွင် အားနည်းသည့်အစိတ်အပိုင်း အလျား ၂၉ ဒသမ ၈ မိုင်ကို ပြုပြင်ခဲ့သလို လက်ရှိ ၂၀၁၈-၂၀၁၉ ခုနှစ်ထဲတွင်လည်း အားနည်းသည့် အလျား ၁၇ ဒသမ ၁၅ မိုင်ကို ကြံ့ခိုင်မှုကောင်းမွန်စေရန် ပြုပြင်ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

ယခုအခါ မိုးရာသီရောက်ပြီဖြစ်သဖြင့် တာတမံများကို အနီးကပ်စောင့်ရှောက်ထိန်းသိမ်းနိုင်ရန် တာတမံပေါ်တွင် ရေကင်းတဲများကို အရှည်လေးမိုင်လျှင် ကင်းတဲတစ်လုံးနှုန်းဖြင့် စုစုပေါင်းရေကင်းတဲ ၆၂ လုံး ဆောက်လုပ်၍ စောင့်ကြည့်နေကြောင်း သိရသည်။ ထို့အပြင် အရေးပေါ်ကာကွယ်ရေးပစ္စည်းများ စုဆောင်းထားရှိခြင်း၊ မိုးရာသီ တာတမံလုပ်သားများ၊ အရေးပေါ်လုပ်သားများ ခန့်အပ်တာဝန်ချထားခြင်းနှင့် တာတမံနှင့်ထိစပ်လျက်ရှိသော မြို့ရွာများမှ ဒေသခံပြည်သူများအား ရေဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေး သရုပ်ပြခြင်းများကိုလည်း ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ဆောင်ရွက်နေကြောင်း သိရသည်။

ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင်အတွင်း မြစ်ရေကြီးမှုကြောင့် တာတမံများ ထိခိုက်ပျက်စီးမှုမရှိစေရန်နှင့် ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်များ ဆုံးရှုံးမှုမဖြစ်ပေါ်စေရန်အတွက် ရေဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို နှစ်စဉ်အင်တိုက်အားတိုက် ဆောင်ရွက်မည်ဖြစ်ကြောင်းလည်း သိရသည်။

**ဝင်းမြင့်ကျော်(ညောင်တုန်း)**

**ဓာတ်ပုံ - ဆည်/ရေ**



ရေဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြအစီအစဉ်တစ်ခုကို ညောင်တုန်းမြို့နယ်အတွင်း ပြုလုပ်နေစဉ်။

## ဗန်းမောက်မြို့နယ်တွင် ချောင်းကူးတံတားပျက်စီး၍ စက်လှေနှစ်စင်းဖြင့် ယာယီကူးပေးနေ

**ဗန်းမောက် ဇွန် ၅**

စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ် မံအင်မင်းကုန်းကျေးရွာအုပ်စု သရက်ကုန်းရွာနှင့် ကူးဆိပ်ရွာကြားရှိ ကူးဆိပ်ချောင်းကူး သံပေါင်ဘေလီတံတား ပျက်စီးခဲ့သဖြင့် ခရီးသွားများနှင့် ဒေသခံများဆက်သွယ်သွားလာရေး ယာယီအားဖြင့် အဆင်ပြေစေရန်အတွက် တံတားဆောက်လုပ်ရေးအကျိုးတော်ဆောင်အဖွဲ့က စက်လှေနှစ်စင်း ပြေးဆွဲပေးနေကြောင်း သိရသည်။

အဆိုပါ ကူးဆိပ်ချောင်းကူးတံတားမှာ မတ် ၁၅ ရက်က ဘက်ဟိုးယန္တရားတင်ဆောင်လာသည့် ၁၀ ဘီးကားဖြတ်သန်းစဉ် ကျိုးကျပျက်စီးခဲ့ခြင်းဖြစ်ပြီး ယခု မိုးရွာလာချိန်တွင် ဒေသခံများနှင့် ခရီးသွားများအား တံတားဆောက်လုပ်ရေးအကျိုးတော်ဆောင်အဖွဲ့က စက်လှေများဖြင့် ပို့ဆောင်ပေးနေခြင်းဖြစ်ကြောင်း၊ အဆိုပါတံတားမှာ ဗန်းမောက်မြို့နယ်နှင့် ဟုမ္မလင်းမြို့နယ်ကြား ဖြတ်သန်းသွားလာရာတွင် အရေးပါသော တံတားတစ်စင်းဖြစ်ကြောင်း သိရသည်။



"အခုလို မိုးရာသီ ချောင်းကြီးချောင်း ရေကြီး ရေလျှံချိန်မှာ ခရီးသွားများကို နေ့စဉ်နံနက် ၆ နာရီမှ ညနေ ၆ နာရီအထိ အသွားအပြန် စက်လှေနှစ်စင်းနဲ့ အလုပ်သမား ၂၀ တို့က ပို့ဆောင်ပေးနေပါတယ်၊ တကယ်လို့ ညဘက်အရေးပေါ်သွားလာစရာများရှိရင်လည်း သွားလာနိုင်အောင် အချိန်ပြည့် ဆောင်ရွက်ပေးပါတယ်၊ ခရီးသွား တစ်ဦးကို ၂၅၀ ကျပ်နဲ့ ဆိုင်ကယ်တစ်စီးကို ၁၀၀၀ ကျပ် ယူပါတယ်၊ ဒီငွေတွေကိုလည်း တံတားဆောက်လုပ်ရာမှာ အသုံးပြုသွားမှာပါ"ဟု စက်လှေအဖွဲ့ခေါင်းဆောင် ဦးမြင့်လွင်က ပြောကြားသည်။

အဆိုပါတံတားကို တံတားဆောက်လုပ်ရေး အကျိုးတော်ဆောင်အဖွဲ့နှင့် ဒေသခံများ ပူးပေါင်း၍ ကျပ်သိန်းပေါင်း ၂၁၀၀ ခန့် အကုန်အကျခံပြီး ၂၀၁၆ ခုနှစ် ဧပြီလမှ တစ်နှစ်အတွင်း အပြီးတည်ဆောက်ခဲ့ခြင်းဖြစ်ကာ ယခုနှစ် မတ် ၁၅ ရက်က ကျိုးကျခဲ့သောကြောင့် ပြန်လည်ပြုပြင်လျက်ရှိကြောင်း သိရသည်။

**ဝ၆၇**

# မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲ ပျဉ်းမနား၌ ကျင်းပ

**ပျဉ်းမနား ဇွန် ၅**

ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အကြိုအထိမ်းအမှတ်အဖြစ် (၂၁)ကြိမ်မြောက် ပန်းချီ၊ ကာတွန်းနှင့် ပိုစတာပြိုင်ပွဲကို ပျဉ်းမနားမြို့ အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း စိုးမြင့်မိုရ်ခန်းမ၌ ယနေ့ ကျင်းပသည်။

ပြိုင်ပွဲကို ခေါင်းစဉ်ခြောက်မျိုးဖြင့် ကျင်းပခဲ့ပြီး ပြိုင်ပွဲသို့ နေပြည်တော်ကောင်စီနယ်မြေမှ ကျောင်းသား ကျောင်းသူ ၁၂၅ ဦးခန့် ဝင်ရောက်ယှဉ်ပြိုင်ကြရာ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးမင်းနောင်၊ နေပြည်တော်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး မျိုးဆွေ၊ ဒုတိယတပ်ဖွဲ့မှူး ရဲမှူးကြီး စိုးလင်းအောင်၊ ဒက္ခိဏခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဖုန်းမြင့်၊ ပျဉ်းမနားမြို့နယ်အုပ်ချုပ်ရေး မှူး ဦးသိုက်ဝေဖြိုးနှင့် တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူများ၏ ယှဉ်ပြိုင်မှုများကို ကြည့်ရှုအားပေးပြီး **(ယာပုံ)** နေပြည်တော်ကောင်စီဝင်က မူးယစ်ဆေးဝါးသည် လူသားအားလုံးအတွက် အလွန်ကြောက်စရာကောင်းသည့် အန္တရာယ်ဖြစ်ကြောင်း၊ မူးယစ်ကင်းစင်မှ လူငယ်များ၏ အနာဂတ်ကောင်းမွန်မည်ဖြစ်ကြောင်းစသည်ဖြင့် ပြောကြားသည်။ အဆိုပါပြိုင်ပွဲမှ ဆုရသည့် ကျောင်းသားကျောင်းသူများအား ဇွန် ၂၆ ရက်တွင် ကျင်းပမည့် အပြည် ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အခမ်းအနားတွင် ဆုများချီးမြှင့်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။



**ဇော်မျိုးနိုင်၊ ဓာတ်ပုံ-မင်းမင်းလတ် (မန်းတက္ကသိုလ်)**

# မြောင်းမြ၌ စာသင်ကျောင်းနှင့် ကျေးရွာအရောက် ရွေ့လျားစာကြည့်တိုက်လုပ်ငန်း ဆောင်ရွက်ပေး

**မြောင်းမြ ဇွန် ၅**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းတို့ပူးပေါင်း၍ မြို့နယ်တွင်းရှိ ကျေးရွာများ၊ စာသင်ကျောင်းများသို့အရောက် ရွေ့လျားစာကြည့်တိုက်အဖြစ် ကွင်းဆင်းကာ စာအုပ်၊ စာစောင်များ အခမဲ့ငှားရမ်းပေးခြင်းကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။




မြောင်းမြခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းတို့ ပူးပေါင်းပြီး သုတ၊ ရသ စာအုပ်မျိုးစုံကို ရွေ့လျားစာကြည့်တိုက်အဖြစ် ကွင်းဆင်း၍ စာအုပ်များ အခမဲ့ငှားရမ်းပေးရာ ဇွန် ၄ ရက်တွင် လက်ပံကျေးရွာနှင့် ကြက်ညီနောင်ကျေးရွာများ၌ စာအုပ်ငှားပေးခဲ့သည့်အပြင် ကျောင်းဖွင့်ရာသီရောက်ရှိနေပြီဖြစ်၍ အမှတ် ၇ အခြေခံပညာအထက်တန်းကျောင်းသို့လည်း သွားရောက်ကာ ကျောင်းသား ကျောင်းသူများအား စာအုပ်များငှားပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ရွေ့လျားစာကြည့်တိုက်အနေဖြင့် ပြီးခဲ့သည့် နွေရာသီကာလအတွင်းက ကျေးရွာများသို့သွား၍ စာအုပ်များငှားပေးခဲ့ရာမှ ယခု ကျောင်းဖွင့်သည့်ရက်များတွင် မြောင်းမြမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများကိုပါ အရောက်သွား၍ အခမဲ့ စာငှားပေးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ရန်ကုန်တိုင်းဒေသကြီးတွင် သွေးလွန်တုပ်ကွေးဖြစ်ပွားမှု လျော့နည်းရေးဆွေးနွေး

**ရန်ကုန် ဇွန် ၅**

ရန်ကုန်တိုင်းဒေသကြီးအတွင်း သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသေဆုံးမှု လျော့နည်းကျဆင်းရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ WHO တို့ ပူးပေါင်းစီစဉ်မှုဖြင့် ရန်ကုန်အနောက်ပိုင်းခရိုင် ဒဂုံမြို့နယ်ရှိ Summit Parkview ဟိုတယ်၌ ဇွန် ၅ ရက်က ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ဒေါက်တာ Stephen Paul Jost တို့က အမှာစကားပြောကြားပြီး သွေးလွန်တုပ်ကွေး၊ ဆင်ခြေထောက်စီမံချက် မန်နေဂျာ ဒေါက်တာဇော်လင်းက ၂၀၁၇ နှင့် ၂၀၁၈ ခုနှစ်အတွင်း သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားသေဆုံးမှုနှင့် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးအတွက် ကြိုတင်ပြင်ဆင်မှုအခြေအနေများကို အသေးစိတ် ရှင်းလင်းတင်ပြခဲ့သည်။

ထို့နောက် ကမ္ဘာ့ကျန်းမာရေးနေ့အထိမ်းအမှတ်အဖြစ် ရွေးချယ်သော ကျန်းမာရေးလုပ်ငန်းများ စွမ်းဆောင်ရည်ထူးချွန်ဆုကို လူမှုရေးဝန်ကြီးက ချီးမြှင့်ပေးခဲ့ပြီးနောက် အခမ်းအနားတက်ရောက်လာကြသူများက ဖြည့်စွက်ဆွေးနွေးကာ ပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။

**ရွှေတိုင်လွင်**

# သီတဂူစက္ခုဒါနဆေးရုံ(မြစ်ကြီးနား)၌ မျက်စိဝေဒနာရှင်များအား အခမဲ့ခွဲစိတ်ကုသ

**မြစ်ကြီးနား ဇွန် ၅**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ရန်ကြီးအောင်ရပ်ကွက်ရှိ တောင်တန်းသာသနာပြု (ဗဟို)ကျောင်းတိုက်အတွင်းမှ သီတဂူစက္ခုဒါနဆေးရုံတော်(မြစ်ကြီးနား)၌ ကိုရီးယားနိုင်ငံနှင့် မြန်မာနိုင်ငံမှ မျက်စိရောဂါအထူးကုဆရာဝန်ကြီးများ ပူးပေါင်းကာ ကချင်ပြည်နယ်အတွင်းရှိ မျက်စိရောဂါဝေဒနာရှင်များအား စမ်းသပ်စစ်ဆေးခြင်း၊ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် ခွဲစိတ်ကုသခြင်းများကို ဇွန် ၄ ရက်မှစ၍ အခမဲ့ဆောင်ရွက်ပေးလျက်ရှိပြီး ဇွန် ၇ ရက်အထိ ကုသပေးသွားမည်ဖြစ်သည်။

နှစ်နိုင်ငံပူးပေါင်း၍ မျက်စိရောဂါဝေဒနာရှင်များအား စမ်းသပ်စစ်ဆေးကုသမှုပေးရာတွင် ကိုရီးယားနိုင်ငံမှ ဒေါက်တာ Jung Gun Lee ဦးဆောင်သည့် မျက်စိရောဂါအထူးကုဆရာဝန်ကြီးများနှင့် ဆေးဘက်ဆိုင်ရာ အင်ဂျင်နီယာများ၊ သူနာပြုများ အဖွဲ့နှင့် မြန်မာနိုင်ငံမှ New Yangon Lions Club ဥက္ကဋ္ဌ ဒေါက်တာစိုးထွန်းနှင့် တာဝန်ရှိသူများ စုစုပေါင်းအင်အား ၄၀ ကျော်ဖြင့် မျက်စိရောဂါဝေဒနာရှင်များအား ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခြင်းဖြစ်ကာ မြစ်ကြီးနားမြို့နယ်ကြက်ခြေနီအသင်းခွဲမှ တပ်ဖွဲ့ဝင်များ၊ မြစ်ကြီးနားမြို့ပေါ်ရှိ လူမှုကူညီရေးအသင်းအဖွဲ့များမှ လူငယ်မောင်မယ်များကလည်း လိုအပ်သည်များကို ပူးပေါင်းကူညီ ဆောင်ရွက်ပေးလျက်ရှိသည်။ မျက်စိကုသမှုခံယူရန်အတွက် စာရင်းသွင်းလူနာ ၁၀၀၀ ကျော်ရှိသည့်အနက် ဇွန် ၄ ရက်တွင် လူနာ ၆၁ ဦးခန့်ကို စတင်ခွဲစိတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

New Yangon Lions Club အနေဖြင့် ယခုလို ကွင်းဆင်း၍ မျက်စိရောဂါဝေဒနာရှင်များအား စမ်းသပ်ခွဲစိတ်ကုသပေးခြင်းမှာ စတုတ္ထအကြိမ်ဖြစ်ကာ ယခင်က ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့တွင် တစ်ကြိမ်နှင့် အုတ်ဖိုမြို့တွင် နှစ်ကြိမ် ဆောင်ရွက်ပေး၍ မျက်စိဝေဒနာရှင် ၁၂၀၀ ခန့်အား အခမဲ့ ခွဲစိတ်ကုသခြင်း၊ လိုအပ်သည့်ဆေးဝါးများ ထောက်ပံ့ပေးခြင်းနှင့် မျက်မှန်တပ်ဆင်ပေးခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

# မုံရွာမြို့၌ ကိုယ်လက်လှုပ်ရှားဆေးတစ်ပါး အားကစားလှုပ်ရှားမှုအစီအစဉ် ပြုလုပ်

**မုံရွာ ဇွန် ၅**

မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်နှင့် တိုင်းဒေသကြီး အမျိုးသမီးအားကစားဆပ်ကော်မတီတို့ ပူးပေါင်းပြီး ကိုယ်လက်လှုပ်ရှားဆေးတစ်ပါး အားကစားလှုပ်ရှားမှုအစီအစဉ်(Exercise / Physical Activity is Medicine)ကို စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရှိ တိုင်းဒေသကြီးအားကစားကွင်း၌ ဇွန် ၅ ရက်က ပြုလုပ်ခဲ့သည်။

“မြန်မာနိုင်ငံမှာရှိနေတဲ့ အမျိုးသမီးတွေ ကိုယ်ကာယကြံ့ခိုင်ဖို့ လိုပါတယ်၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေကို ဝင်ရောက်လုပ်ကိုင်နိုင်တဲ့ အမျိုးသမီးတွေ ဖြစ်ဖို့ဆိုတာ ကျန်းမာကြံ့ခိုင်မှသာ တာဝန်တွေကို ထမ်းဆောင်နိုင်မှာ ဖြစ်ပါတယ်၊ ဒါကြောင့် မုံရွာမြို့မှာရှိနေတဲ့ အမျိုးသမီးတွေ ကိုယ်ကာယကြံ့ခိုင်ပြီး လုပတက်ကြွတဲ့အမျိုးသမီးတွေဖြစ်ဖို့ လာရောက်ကျင်းပတာပါ၊ အခုလို ကိုယ်လက်လှုပ်ရှားမှုတွေ လုပ်ဆောင်တဲ့အတွက် ငယ်ရွယ်တဲ့သူတွေ အသက်ကြီးတဲ့သူတွေအားလုံး ရောဂါဝေဒနာတွေ ကင်းစင်ပြီး ကျန်းမာလုပလာမှာပါ၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်အနေနဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်အားလုံးမှာ အခုလို အမျိုးသမီးအားကစားလှုပ်ရှားတွေကို လုပ်ဆောင်သွားမှာပါ၊ အခုလက်ရှိမှာတော့ ရန်ကုန်၊ ကရင်ပြည်နယ်နဲ့ မွန်ပြည်နယ်တို့မှာတော့ လုပ်ဆောင်ပြီးသွားပါပြီ၊ စစ်ကိုင်းတိုင်းဒေသကြီးမှာတော့ ဒီကနေ့ လုပ်ဆောင်တာပါ၊ အားကစားလှုပ်ရှားမှု လုပ်ဆောင်ခဲ့တဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်တိုင်းမှာတော့ အားကစားလှုပ်ရှားမှုကို အတော်လေးကို စိတ်ဝင်စားကြတယ်”ဟု မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌက ပြောသည်။

အဆိုပါ အစီအစဉ်တွင် မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ် သရုပ်ပြအဖွဲ့က Zumba Basic(MWSG)ကို အခြေခံ၍ လေ့ကျင့်ခန်းများ သရုပ်ပြကြပြီး မုံရွာသူနာပြုနှင့် သားဖွားသင်တန်းကျောင်းမှ သင်တန်းသူများ၊ အားကစားနှင့် ကာယပညာသိပ္ပံမှ သင်တန်းသူများ၊ မုံရွာပညာရေးကောလိပ်မှ သင်တန်းသူများ၊ မြို့ပေါ်ရပ်ကွက်များမှ ကျန်းမာရေးလှုပ်ရှားမှုကို စိတ်ဝင်စားသူ အမျိုးသမီးများ စုစုပေါင်း အင်အား ၇၀၀ ကျော် လိုက်ပါလေ့ကျင့်ခဲ့ကြသည်။

**ဝင်းဦး(ဧယျာတိုင်း)**

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၈အေ)၊ မြေကွက်အမှတ်(၁/အ-၁၄)မြေကွက်တည်နေရာအမှတ်(၃၀)ရန်ကုန်အင်းစိန်လမ်း၊ ဦးကျော်ရွှေဦး၊ ဒေါ်နန်းလောင်ခမ်းအမည်ပေါက်အနှစ်(၆၀)မြေငှားဂရန်မြေအားအမည်ပေါက်တစ်ဦးဖြစ်သူဦးကျော်ရွှေဦး(အိမ်ရှိ အယ်လ်ဂျီ-၀၀၆၇၅၀)မှာ(၇-၁၁-၁၇)နေ့တွင်ကွယ်လွန်သွားသဖြင့်မူလပိုင်ဆိုင်သူဒေါ်နန်းလောင်ခမ်း(ခ)နန်းလောင်ခမ်း(ကောတီဂျီ-၁၁၆၇၄၀)(၁၃/ကတန(နိုင်)၀၅၈၂၆၂)မှ တစ်ဦးတည်းသောတရားဝင်ဇနီးတော်စပ်ကြောင်း၊ အခြားသောဇနီးမယားတစ်ဦးတစ်ယောက်မျှမရှိကြောင်းကျမ်းကျိန်လွှာထောက်ခံကျမ်းကျိန်လွှာ(၂)စောင်ဦးကျော်ရွှေဦး၏သေစာရင်းဂရန်မူရင်းတို့ကိုတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံအားလျှောက်ထားလာရာတရားဝင်နိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။
ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**ဒေါက်တာစိုင်းသီဟဦး ၆/သရန(နိုင်)၀၈၈၂၂၁နှင့် အများသိစေရန် ကြေညာချက်**

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ (၁၆)ရပ်ကွက်၊ မြသီတာလမ်း၊ အမှတ်(၇/ဘီ)နေ ဦးအောင်သိန်း၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာ အပ်ပါသည်။

ဦးအောင်သိန်းသည် Stars Pioneer Company Limited အမည်နှင့် အလုပ်သမားဝန်ကြီး ဌာန၏တရားဝင် ခွင့်ပြုချက်နှင့် ပြည်ပသို့ အလုပ်သမားများ ပို့ဆောင်သည့်လုပ်ငန်း လုပ်ကိုင်နေသူဖြစ်ပါသည်။ ဒေါက်တာစိုင်းသီဟဦး (ဘ)ဦးစိန်ဒွေးမှာ ယခုကြော်ငြာထည့်သွင်းကြေညာချိန်တွင် Stars Pioneer Company Limited ၏ ဝန်ထမ်းမဟုတ်တော့ဘဲ Stars Pioneer Company Limited မှ ပို့ဆောင်ပေးသည့် ပြည်ပရောက်အလုပ်သမားများနှင့် ပတ်သက်သည့် မည်သည့်ကိစ္စကိုမျှ ဆောင်ရွက်ရန် တာဝန်ပေးအပ်ထားခြင်းမရှိပါ။ သို့ဖြစ်ပါ၍ ဒေါက်တာစိုင်းသီဟဦး၏ ပြည်ပရောက် အလုပ်သမားများနှင့် ပတ်သက်ပြီး ဆောင်ရွက်မှုများကို Stars Pioneer Company Limitedမှ တာဝန်ယူဖြေရှင်းမည်မဟုတ်ပါကြောင်း ကြေညာအပ်ပါ သည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **ညွှန်ကြားချက်အရ** |
| **ဦးအောင်သိန်း** | **(ဒေါ်စန္ဒာမြင့်)** |
| ၁၂/မဂတ(နိုင်)၀၀၅၇၂၇ | **အထက်တန်းရှေ့နေ(၇၅၂၆)** |
| | **အမှတ်-(၁၁၁)၊ ၇ လမ်း၊ (၃)ရပ်ကွက်၊** |
| | **တောင်ဥက္ကလာပမြို့နယ်။** |
| | **ဖုန်း-၀၉-၄၄၈၀၀၂၁၅၁** |

**ပျောက်ဆုံးကြောင်း**

ကျွန်တော် စိုင်းဆိုင်ခေး ၁၃/မဖန(နိုင်)၀၂၂၉၀၆ ၏ Passport No (မမှတ်မိ) သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၈၂၁၂၁၅၆**

**ပြင်ဆင်ဖတ်ရှုပါရန်**

၄-၅-၂၀၁၈ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၂၅)ပါ တာချီလိတ်မြို့နယ်တရားရုံး၊ တရားမကြီးမှု အမှတ်-၇ ကြော်ငြာ၌ တွဲဖက်မြို့နယ် တရားသူကြီး တာချီလိတ်မြို့နယ် တရားရုံးဟု ပြင်ဆင်ဖတ်ရှုပါရန်။

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၅၂ယ/၆၂၃၄၀ ၊ Molisa-125,M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်နီနီထွန်း ၁၂/ဗဟန(နိုင်)၀၃၃၄၃၆က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန(နေပြည်တော်)**

**ဖခင်အမည်မှန်**

ရေတာရှည်မြို့(အထက) သတ္တမတန်း(C)မှ မောင်မြင့်ဇော်၊ (၃)ရပ်ကွက် (အမက) စတုတ္ထတန်း(A)မှ မောင်မြင့်မြတ်ဇော်နှင့် မမြင့်မြတ်ဖူးတို့၏ ဖခင်အမည်မှန်မှာ ဦးနိုင်လင်း ၇/ရတရ(နိုင်)၁၄၉၅၃၁ ဖြစ်ပါကြောင်း။

**ဦးနိုင်လင်း**

**ဖခင်အမည်မှန်**

ရေတာရှည်မြို့(အထက)တက္ကသိုလ်ဝင်တန်း(D)မှ မအိအိမျိုးဆွေ၏ ဖခင်အမည်မှန်မှာ ဦးကြည်လွင် ၇/ရတရ(နိုင်)၀၈၃၇၉၈ ဖြစ်ပါကြောင်း။

**ဦးကြည်လွင်**

**ဖခင်အမည်မှန်**

ပဲခူးတိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ ချောင်းဝအုပ်စု၊ ရွာသာယာ-ရွှေဈေး (အထက)နဝမတန်းမှ မပြည့်သီရိကျို၏ ဖခင်အမည်မှန်မှာ ဦးအောင်စိန် ၇/ထတပ(နိုင်)၀၅၀၃၂၂ ဖြစ်ပါကြောင်း။

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 2L/3131 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

**ဖခင်အမည်မှန်**

စဉ့်ကူးမြို့နယ်၊ တုံးကြီးကျေးရွာ အထက တက္ကသိုလ်ဝင်တန်းမှ မဖြူစင်အေး၊ နဝမတန်းမှ မချစ်စု၊ မတ္တရာမြို့နယ်၊ ကောက်ရိုးပုံကျေးရွာ အလက(ခွဲ) ဆဋ္ဌမတန်းမှ မောင်ရဲမင်းထက်နှင့် ဒုတိယတန်းမှ မသိမ့်သိမ့်ထွန်းတို့၏ဖခင်အမည်မှန်မှာ ဦးခင်မောင်ဌေး ၉/မတရ(နိုင်)၁၃၂၈၇၀ ဖြစ်ပါကြောင်း။

**ဦးခင်မောင်ဌေး**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 4L/9021, Hyundai H 100, P/U(4x2)Lယာဉ်လက်ဝယ်ရှိသူ ဒေါ်စန်းစန်းနွယ် ၁၄/ညတန(နိုင်)၀၀၂၀၅၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့**

**အမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်၊ ခတက်ကုန်းစံပြကျေးရွာနေ ဦးမြသောင်း ၉/ကဆန(နိုင်)၀၅၇၉၁၄၏ သား ဦးမောင်မောင်သည် မိဘစကားကို နားမထောင်သည့်အပြင် မိဘအားစိတ်ဆင်းရဲအောင် အမျိုးမျိုးပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။ ဦးမောင်မောင်နှင့် ပတ်သက်သောကိစ္စများကို လုံးဝတာဝန်မယူပါ။ **လွှဲအပ်ညွှန်ကြားချက်အရ - ဦးသိန်းတိုးအောင်**

**အထက်တန်းရှေ့နေ (စဉ်-၄၅၇၄၄)**

## သီတဂူရွှေပြည်ဟိန်း စက္ခုဒါနဆေးရုံ ဇွန်လ ၂၃၊ ၂၄ (၉၂)ကြိမ်မြောက် မျက်စိခွဲစိတ်အလင်းဒါနပါဝင်လှူဒါန်းနိုင်

ဇွန်လ ၁၆ ရက်တွင် စတင်လက်ခံ၍ ဇွန်လ ၂၃၊ ၂၄ ရက်များတွင် ၉၂-ကြိမ်မြောက် ဦးရေ (၁၁၄၅၀)ပြည့် မျက်စိခွဲစိတ်အလင်းဒါနကို မျက်စိအထူးကုဆရာဝန်ကြီးများ၏ လုပ်အားဒါနဖြင့် ပြုလုပ်မည်ဖြစ်ရာ မျက်စိဝေဒနာရှင် (၁)ဦးအတွက် ခွဲစိတ်ခြင်း အလှူတော်ငွေ ၄၀၀၀၀ိ/- ကို အလင်းဒါန အလှူရှင် အဖြစ်ခံယူကာ ကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဘဏ်စာရင်းသို့ ထည့်သွင်း၍ဖြစ်စေ၊ လှူဒါန်းနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။
လှူဒါန်းရန်ဌာန - သီတဂူရွှေပြည်ဟိန်း စက္ခုဒါနဆေးရုံ၊ ရွှေပြည်ဟိန်းကျောင်း၊ ဖြည့်သာသာ၊ ရန်ကင်း။ (ကျိုက္ကဆံဘုရားပါဝမ်း၊ တာမွေလေး၊ သံလမ်းအနီး) ဖုန်း - ၀၁-၅၄၁၄၉၃၊ ၀၉-၇၃၀၅၆၅၆၉၊ ၀၉-၄၄၃၀၅၆၅၆၉
ရွှေဂုံတိုင်ကမ္ဘောဇဘဏ် - အရှင်စေမသီရိလင်္ကာရ (Account No. 007-50100701690301) ဘဏ်စာရင်းသို့ နီးရာဘဏ်၌ ထည့်သွင်း၍လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ပါသည်။


### အမည်ပြောင်း

ဦးကြည်စိုး၏သား တောင်ကြီးမြို့၊ အထက(၄)၊ အဋ္ဌမတန်း(D) မှ မောင်ဝေလင်းအောင်အား မောင်အောင်ကောင်းပိုင်၁၃/တကန(နိုင်) ၃၄၈၇၁၄ ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်အောင်ကောင်းပိုင်**

### အမည်ပြောင်း

တောင်ကြီးမြို့၊ အထက(၄)၊ နဝမတန်း(ခ)မှ မောင်ထူးထက်အောင်အား ယနေ့မှစ၍ စိုင်းထူးထက်အောင်ဟု ပြောင်းလဲခေါ်ပါရန်။

**စိုင်းထူးထက်အောင်**

### ဖခင်အမည်မှန်

တောင်ကြီးမြို့၊ ရွှေတောင်ရပ်ကွက်၊နယ်မြေ(၁)နေ မောင်အာကာရှင်းသန့်၏ ဖခင်အမည်မှန်မှာ ဦးမင်းလွင် ၁၃/တကန(နိုင်)၁၉၇၄၃၀ဖြစ်ပါကြောင်း။ **ဦးမင်းလွင်**

### ဖခင်အမည်မှန်

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နမ့်စန်မြို့၊ အထကနမ့်စန်၊ တက္ကသိုလ်ဝင်တန်းမှ စိုင်းမျိုးမင်းအောင်၏ဖခင်အမည်မှန်မှာ ဦးအောင်မျိုးလှိုင် ၁၃/နစန(နိုင်) ၀၅၅၀၆၇ ဖြစ်ပါကြောင်း။

**ဦးအောင်မျိုးလှိုင်**

### ပျောက်ဆုံးကြောင်း

ကျွန်မ နန်းဆိုင်ဆာ ၁၃/တယန(နိုင်)၀၄၀၁၄၆၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၆၂၆၁၃၃၅၄**

### မိဘအမည်မှန်

လှိုင်ကော်မြို့၊ အလက(ထေးသမ) လေ့ကျင့်ရေးကျောင်း၊ အဋ္ဌမတန်းမှ မောင်ခေါရယ်၏ မိဘအမည်မှန်မှာ ဦးကေးရယ်နှင့် ဒေါ်ကေးမူ ဖြစ်ပါကြောင်း။ **ဦးကေးရယ်-ဒေါ်ကေးမူ**

### အမည်မှန်

လှိုင်ကော်မြို့၊ အထက(၄)၊ အဋ္ဌမတန်း(B)မှ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်အောင်မြင်ခဲ့သော (ဘ) ဦးနိုင်ဦး၏သား မောင်စောခရီးသောဒို၏ အမည်မှန်မှာ မောင်စောခရီးသောဒို ဖြစ်ပါကြောင်း။

**မောင်စောခရီးသောဒို**

### ဖခင်အမည်မှန်

လှိုင်ကော်မြို့၊ အလက(၂)၊ ဆဋ္ဌမတန်းမှ မောင်ဇင်ကိုညီညီ၏ ဖခင်အမည်မှန်မှာ ဦးရောဘတ် ၂/လကန(နိုင်)၀၂၇၄၂၃ ဖြစ်ပါကြောင်း။

**ဦးရောဘတ်**

### မွေးသက္ကရာဇ်အမှန်

လှိုင်ကော်မြို့၊ ပန်ကန်းကျေးရွာ၊ စက(၁၁)နေ ဦးအုန်းဟန်၏သမီး မဝင်းဝင်းနွယ် ၂/လကန(နိုင်) ၁၀၇၂၃၇ ၏ မွေးသက္ကရာဇ်အမှန်မှာ ၃-၇-၁၉၉၈ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

လှိုင်ကော်မြို့၊ အထက(ခွဲ)နာနတ်တောကျောင်း၊ ဆဋ္ဌမတန်းမှ မောင်ဒီဇင်ထွေး၏ ဖခင်အမည်မှန်မှာ ဦးစောကွယ်ထူး ၂/လကန(နိုင်) ၀၄၂၁၇၅ ဖြစ်ပါကြောင်း။

**ဦးစောကွယ်ထူး**

### ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး ၁၁၊ ကွင်းအမှတ် ၆၈၀၊မြေကွက်အမှတ် ၁၀၃၊ မြေဧရိယာ ၀ဒသမ၀၇၅ ဧကရှိ မြေကွက်အား မြေငှားဂရန်သစ်လျှောက်ထားနိုင်ရေး မြေစာရင်းပုံစံ ၁၀၅/၁၀၆ ရေးဆွဲခွင့်ရရှိရေး ဒေါ်စမ်းအိအိနိုင် ၁၃/ရငန(နိုင်) ၀၀၀၅၀၃မှ ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့်လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ပြင်ဦးလွင်ခရိုင်/မြို့နယ်**
**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**






### ခိုင်လုံသောအထောက်အထားဖြင့် ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ အောင်မင်္ဂလာရပ်ကွက်၊ အောင်မင်္ဂလာလမ်း၊ အမှတ် (၁၆)၊ ၆-လွှာ(ညာ)၊ (၁၅' x ၅၀')အကျယ်ရှိ တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း ဝန်ခံသူ ဒေါ်မေချမ်းမြေ့ (၁၂/ဗတထ (နိုင်) ၀၄၀၉၅၅)ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား၊ စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးကျော်မာန် (LL.B)**
တရားလွှတ်တော်ရှေ့နေ (စဉ် - ၇၈၇၆/၂၀၁၁)
တိုက် (၆၉)၊ အခန်း (၂)၊ ကမာလမ်း၊ (၂၄)ရပ်ကွက်၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့
Ph: 09 5059840, 09 799574424

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ အမှတ် (၄/၃၈၂)နေ ဒေါ်မိုးနှင်းဝေ၁၁/ကတန(နိုင်)၀၇၅၉၈၂၏ လွှဲအပ်ညွှန်ကြားချက်အရ ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေသည် ဒေါ်နန်းခမ်းယုန်း ၁၃/ကတန(နိုင်)၁၀၅၅၇၃က ဆက်စပ်စာချုပ် အဆင့်ဆင့်ဖြင့် လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားသော ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ ဗိုလ်ဖိုးဝင်း(၂)လမ်း၊ အမှတ်(၁၄၉)ရှိ အလျား ၂၀ပေ×အနံ၆၀ပေကို ရောင်းချမည်ဖြစ်ကြောင်းကမ်းလှမ်းလာသည့်အတွက် ကျွန်ုပ်မိတ်ဆွေဖြစ်သူက လက်ရောက်ဝယ်ယူရန် ရောင်းသူ၏လက်ဝယ်သို့ ငွေအကျေပေးချေထားပြီးဖြစ်၍ ဂရန်ခွဲအမည်ပေါက်လျှောက်ထားမည်ဖြစ်သည့်အတွက် ကန့်ကွက်လိုသူများသည် ဤသတင်းစာတွင်ပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ခိုင်လုံသော အထောက်အထား စာရွက်စာတမ်း(မူရင်း)များဖြင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဂရန်အမည်ပေါက်ရသည်အထိ ဥပဒေဘောင်အတွင်းမှ ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မိုးနှင်းဝေ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစိန်ကြီး**
**B.A Eco,DA,RL,DBL,DML,DIL,DIPL,**
**MA(Business Law $P_1$),$DL_{101}$,WIPO (Switzerland)**
တရားလွှတ်တော်ရှေ့နေ-၁၄၄၇၁
(၄၈၇)၊ဒူးယား(၄)လမ်း၊(၅၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၄၈၀၁၉၆၉၇၊ ၀၉-၇၉၆၂၇၉၂၆၆

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ အမှတ်၄၅၁/၄၅နေ ဦးနေလင်းထွန်း ၇/ကဝန(နိုင်)၁၀၃၅၀၆နှင့် ဒေါ်နှင်းစံပယ်စိုး ၁/ဗမန(နိုင်)၁၆၅၀၁၉တို့၏ လွှဲအပ်ညွှန်ကြားချက်အရ ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေများသည် ဦးမျိုးအောင် ၁၂/မရက(နိုင်)၁၁၈၀၃၂က ဆက်စပ်စာချုပ်အဆင့်ဆင့်ဖြင့် လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားသော ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ အမှတ်(၄၉)ရပ်ကွက်၊ ပိတောက်(၂)လမ်းသွယ်၊ အမှတ် ၂၁၇/ခ (ခြေရင်းခြမ်း)ရှိ အိမ်အပါအဝင်မြေအကျယ်အဝန်းအလျားပေ၂၀×အနံ ပေ၆၀ကို ရောင်းချမည်ဖြစ်ကြောင်း ကမ်းလှမ်းလာသည့်အတွက် ကျွန်ုပ်မိတ်ဆွေဖြစ်သူများက လက်ရောက်ဝယ်ယူရန်ရောင်းသူ၏လက်ဝယ်သို့ စရန်ငွေပေးချေထားပြီးဖြစ်၍ ငွေအပြီးပေးချေပြီးသောနေ့တွင် ဂရန်ခွဲအမည်ပေါက်လျှောက်ထားမည်ဖြစ်သည့်အတွက် ကန့်ကွက်လိုသူများသည် ဤသတင်းစာတွင်ပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထားစာရွက်စာတမ်း(မူရင်း)များဖြင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဂရန်အမည်ပေါက်ရသည်အထိ ဥပဒေဘောင်အတွင်းမှ ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဦးနေလင်းထွန်းနှင့်ဒေါ်နှင်းစံပယ်စိုးတို့၏**
**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစိန်ကြီး**
**B.A Eco,DA,RL,DBL,DML,DIL,DIPL,**
**MA(Business Law $P_1$),$DL_{101}$,WIPO(Switzerland)**
တရားလွှတ်တော်ရှေ့နေ(၁၄၄၇၁)
၄၈၇၊ ဒူယား(၄)လမ်း၊(၅၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၄၈၀၁၉၆၉၇၊ ၀၉-၇၉၆၂၇၉၂၆၆

### ဖခင်အမည်မှန်

ကသာမြို့၊ ကျောက်ထုံးကြီးကျေးရွာ၊ အထက၊ နဝမတန်း(B)မှ မောင်ချစ်စန်းမောင်၏ ဖခင်အမည်မှန်မှာ ဦးကိုထူး ၅/ကသန(နိုင်)၁၃၃၃၆၃ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

ကသာမြို့၊ ကျောက်ထုံးကြီးကျေးရွာ၊ အထက၊ နဝမတန်း(A)မှ မမေမြတ်နိုးလှိုင်၏ ဖခင်အမည်မှန်မှာ ဦးအောင်လှိုင်ဝင်း ၅/စကန(နိုင်) ၀၀၅၈၅၁ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

ရွှေကူမြို့နယ်၊ ဘိုကုန်းကျေးရွာ၊ အထက၊ တက္ကသိုလ်ဝင်တန်း(B)မှ မအေးနန္ဒာဦး ၅/ကသန(နိုင်) ၁၄၆၂၅၆၏ ဖခင်အမည်မှန်မှာဦးထွန်းဦး ၅/ကသန(နိုင်)၀၇၆၈၄၆ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

သိန္နီမြို့၊ အမှတ်(၃)ရပ်ကွက်နေ မောင်သိန်းနိုင်ဦး (ဘ)ဦးကြည်မြင့်(ခ)ဦးကျင်မြင့် MYG-၁၆၆၅၄၄ ကိုင်ဆောင်သူမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6G/8114 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေ ညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

### ဖခင်အမည်မှန်

တောင်ကြီးမြို့၊ DNNA ကိုယ်ပိုင် အထက်တန်းကျောင်း၊ တက္ကသိုလ်ဝင်တန်း(က)မှမခင်ငြိမ်းငြိမ်းအေးနှင့် သတ္တမတန်း(က)မှ မသင်းစံပယ်အေးတို့၏ ဖခင်အမည်မှန်မှာ ဦးသူရအောင် ၁၃/တကန(နိုင်)၀၈၆၅၈၈ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

တောင်ကြီးမြို့၊ အထက(၁)၊ တတိယတန်း(ခ)မှ မောင်ရဲမြင့်မြတ်၏ ဖခင်အမည်မှန်မှာ ဦးသူရအောင် ၁၃/တကန(နိုင်)၀၈၆၅၈၈ဖြစ်ပါကြောင်း။

**ဦးသူရအောင်**

### အမည်ပြောင်း

ရှမ်းပြည်နယ် (တောင်ပိုင်း)၊ နမ့်စန်မြို့၊ အထကနမ့်စန်၊ စတုတ္ထတန်းမှ မဖြိုးအိအိနှင်အား ယနေ့မှစ၍ မခေတ်သမီးဇင်ဟု ပြောင်းလဲခေါ်ပါရန်။

**မခေတ်သမီးဇင်**

### အမည်မှန်

ရပ်စောက်မြို့နယ်၊ အင်တောမြို့၊ အထက၊ အဋ္ဌမတန်း(ခ)အောင်မှ မောင်လှထူး၏ အမည်မှန်မှာ မောင်အောင်လှထူး ၁၃/ရစန(နိုင်)၁၂၃၉၉၉ဖြစ်ပါကြောင်း။

**မောင်အောင်လှထူး**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၉C/၉၇၇၂ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ပဲခူး**

### ဦးဇော်မိုးတင်နှင့် အများသိစေရန်ကြော်ငြာခြင်း

တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ အမှတ်(၆)ရပ်ကွက်၊ နယ်မြေ ၄၊ အိမ်အမှတ် ၆၃/၁၃၃နေ ဒေါ်စန်း ၁၃/တကန(နိုင်)၀၄၀၂၆၀က အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

တောင်ကြီးမြို့၊ အေးသာယာမြို့သစ်၊ အကွက်အမှတ် ၆၃၊ အကွက်အမည် (ကြံခင်းမြောက်)၊ မြေကွက်အမှတ် ၁၃၃၊ ဧရိယာ ·၁၀၀ ဧကရှိ ဂရန်အမှတ် ၂၂၀၈/၁၉၉၁၊ နှစ် ၃၀ ဂရန်နှင့် ဦးဇော်မိုးတင် TGI-၀၀၉၈၉၀ အမည်ပေါက်မြေကွက်ကို ဦးဇော်မိုးတင်မှ ကျွန်မ ဒေါ်စန်းထံသို့ နှစ်ဦးသဘောတူ အိမ်ခြံမြေကွက်အရောင်းအဝယ်ကတိစာချုပ် (အရပ်စာချုပ်)နှင့် အပြီးအပိုင်ရောင်းချခဲ့ရာ ကျွန်မ ဒေါ်စန်းက လက်ရောက်ရရှိပိုင်ဆိုင်ခဲ့ပါသည်။ အဆိုပါ မြေကွက်နှင့်ပတ်သက်ပြီး မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ပြုလုပ်ဆောင်ရွက်နိုင်ရန်အတွက် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်မ ဒေါ်စန်းထံသို့ ဆက်သွယ်အကြောင်းကြား၍ လာရောက်ပြုလုပ်ပေးပါရန်နှင့် ခုနစ်ရက်ကျော်လွန်သွားပါက ဥပဒေအရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်စန်း**
**၁၃/တကန(နိုင်)၀၄၀၂၆၀**
**အမှတ် ၁၃၃၊ နယ်မြေ ၄၊ ရပ်ကွက် ၆၊ အကွက်ကြီး ၆၃၊ အေးသာယာမြို့**

### ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၂)၊ အကွက်အမှတ်(၁၆၊ မီးကြာရိုးတောင်ရပ်)၊ ဦးပိုင်အမှတ်(၁၄၁)၊ မြေယာအမှတ်(231)၊ မြေဧရိယာ ၀ ဒသမ ၀၈၆ ဧကရှိမြေကွက်အား မြေငှားဂရန်အမှုတွဲအမှတ် (၂၉၇/၁၉၉၉-၂၀၀၀)အရ ဦးကွမ်ကျန်ဖုန်းနှင့် ဒေါ်ယာချင်တို့မှ အမည်ပေါက်ပိုင်ဆိုင်ခဲ့ပြီး ဇနီးဖြစ်သူ ဒေါ်ယာချင် ကွယ်လွန်သွားခဲ့ပြီးနောက် အဆိုပါအမည်ပေါက်ဂရန်မှာ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရှိ (၁-က)စာရင်းရေးသွင်းထားခြင်းမရှိပါသဖြင့် ဦးကွမ်ကျန်ဖုန်း ၁၃/လရန(နိုင်)၀၇၇၀၀၁ မှ စာရင်းရေးသွင်းနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ပြင်ဦးလွင်မြို့**

### အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ မဟာဇေယျာဘုံရပ်ကွက်၊ အကွက်အမှတ်၇၉၈၊ ဦးပိုင်အမှတ်(၁၀-က)၏ ဧရိယာ ၀ ဒသမ ၀၂၃၀ ဧက အကျယ်အဝန်းရှိ မြေကွက်နှင့် ၎င်းမြေကွက်အပေါ်ရှိ အဆောက်အအုံအပါအဝင် ပိုင်ဆိုင်အကျိုးခံစားခွင့်အားလုံးတို့ကို ဦးကျော်အေး၏ အမွေဆက်ခံပိုင်ဆိုင်သူများဖြစ်ကြသည်ဟု အဆိုပြုသူ (၁)ဒေါ်မြင့်မြင့်သန်း၊ (၂)ဒေါ်မြမြသိန်း၊ (၃)ဒေါ်လှဲ့လှဲ့(ခ) ဒေါ်စန်းစန်းအေး၊ (၄)ဒေါ်နွယ်နွယ်အေး၊ (၅) ဒေါ်ရဲမမ၊ (၆)ဒေါ်သိမ့်သိမ့်အေးတို့ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နန်းကေသွယ်အေး(ဘ)ဦးအေးလွင် ၁၃/ကမန(နိုင်)၀၀၀၉၈၁က အပြီးအပိုင်လက်ရောက်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းဈေးငွေအချို့မှ စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။

အဆိုပါမြေကွက်၏ ပိုင်ဆိုင်ခွင့်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထား၊ ပိုင်ဆိုင်မှုစာရွက်စာတမ်းများ၊ စာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

| လွှဲအပ်ညွှန်ကြားသူ- | ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ- | |
|---|---|---|
| ဒေါ်နန်းကေသွယ်အေး | ဒေါ်ဇာဇာဖြိုး LL.B | ဒေါ်လှလှဝင်းLL.B |
| (ဘ)ဦးအေးလွင် | (စဉ်-၉၀၃၆) | (စဉ်-၁၀၂၀၀) |
| ၁၃/ကမန(နိုင်)၀၀၀၉၈၁ | ဒေါ်ချိုချိုဝင်း LL.M | ဒေါ်သူဇာဖြိုး LL.B |
| ဖုန်း-၀၉-၇၈၄၀၂၆၆၅၆ | (စဉ်-၁၃၃၉၅) | (စဉ်-၁၃၄၅၉) |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ် ၅၉/၃၊ လမ်း(၂၀)၊ ၈၆×၈၇လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊**
**မန္တလေးမြို့၊ ဖုန်း-၀၉-၈၉၆၈၀၆၃၀၆၊ ၀၉-၂၀၃၈၃၁၇၊**
**၀၉-၇၈၉၅၁၅၄၀၉၊ ၀၉-၉၁၀၀၉၄၂၄**

### အမွေပြတ်စွန့်လွှတ်ခြင်း

မြစ်ကြီးနားမြို့နေ ကျွန်တော် ဦးဆောင်တိန်း ၁/မကန(နိုင်) ၀၇၄၂၅၀၏ သားများဖြစ်ကြသော မောင်ဘောမ်တိန့်၊ မောင်တိန့်ယိန်း၊ မောင်တိန့်ဇုန်း၊ မောင်တိန့်ချမ်းတို့(၄)ဦးသည် ကျွန်တော်၏ ပြောဆိုဆုံးမမှုများကိုမနာယူဘဲ မိမိတို့ဆန္ဒအလျောက် ပြုမူခဲ့သည့်အတွက် ၎င်းတို့(၄)ဦးအား ယနေ့မှစ၍ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးဆောင်တိန်း**

### ပြင်ဆင်ဖတ်ရှုပါရန်

၂၃-၈-၂၀၁၇ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၂၅) ကန့်ကွက်နိုင်ပါကြောင်းတွင် (၃)မိုင်ရွှေပြည်သာကျေးရွာ၊ ဦးပိုင်အမှတ်(၄၆၂/၁)ကြော်ငြာမှ ဒေါ်သန်းသန်းဝင်းက လွန်ခဲ့သော(၁၀)နှစ်မှ စတင်ကာအစား နှစ်(၂၀) မှစတင်၍ အဆောက်အအုံ စတင်အသုံးပြုခဲ့ရာဟု ပြင်ဆင်ဖတ်ရှုပါရန်။

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၁ဃ/၈၂၄၃၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## မြန်မာအမျိုးသမီးအသင်း ထိုင်းခရီးစဉ်သို့ ကစားသမား ၂၄ ဦးစလုံး ခေါ်ဆောင်သွားမည်

စာမျက်နှာ » ၁၂

## သာစည်မြို့နယ် ဆင်ရွာကျေးရွာ၌ စစ်ကျန်ကျည်ဆန်ဟောင်းကို ထုခွဲရာမှ ပေါက်ကွဲခဲ့ပြီး တစ်ဦးသေဆုံးကာ တစ်ဦးဒဏ်ရာရ

စာမျက်နှာ » ၁၃

# မလေးရှားနိုင်ငံတွင် ဖမ်းဆီးရမိခဲ့သည့် မူးယစ်ဆေးဝါးများနှင့် ပတ်သက်ဆက်စပ်သော ကွင်းဆက်တရားခံများ ဖော်ထုတ်ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၅**

မလေးရှားနိုင်ငံတွင် ဖမ်းဆီးရမိခဲ့သည့် မူးယစ်ဆေးဝါးများနှင့် ပတ်သက်ဆက်စပ်သော ကွင်းဆက်တရားခံများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့က ဖော်ထုတ်ဖမ်းဆီးရမိခဲ့ကြောင်း သိရှိရသည်။

**ဖော်ထုတ်ဖမ်းဆီးမိ**

မလေးရှားနိုင်ငံ အကောက်ခွန်ဦးစီးဌာနမှ စီမရစ်မြို့ ကုန်လှောင်ရုံ၌ မေ ၂၂ ရက်တွင် မလေးရှားနိုင်ငံသား သုံးဦးနှင့် မြန်မာနိုင်ငံသား သုံးဦးတို့နှင့်အတူ မက်အဖက်တမင်း ၁၁၈၇ ကီလိုဂရမ်နှင့် ဘိန်းဖြူ ၇၅၀ ဂရမ်တို့အား ဖမ်းဆီးရမိခဲ့ပြီးနောက် ယင်းဖမ်းမိမူးယစ်ဆေးဝါးများနှင့် ပတ်သက်ဆက်စပ်သော ကွင်းဆက်တရားခံများကို ဖော်ထုတ်ဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်။

အဆိုပါ မူးယစ်ဆေးဝါးများ ဖမ်းဆီးမှုနှင့်ပတ်သက်၍ စိစစ်ခဲ့ရာ ရန်ကုန်မြို့ရှိ Nice Guy Clearence Service Agency မှ ကုန်သေတ္တာအမှတ် (FSCU 9911521) ထဲတွင် စားသောက်ကုန်များနှင့် မူးယစ်ဆေးဝါးများကို ရောနှောထည့်သွင်း၍ မလေးရှားနိုင်ငံသို့ တင်ပို့ခဲ့ကြောင်း၊ မြန်မာနိုင်ငံမှတစ်ဆင့် မလေးရှားနိုင်ငံသို့ ပို့ဆောင်ရန်အတွက် တာမွေမြို့နယ် နတ်မောက်ရပ်ကွက် ဖိုးစိန်လမ်း ပထမထပ်၊ မ/၅၀ (A) နေ ရှော်ရိတ်အာမောက်၏သား မောင်မောင် (ခ) Yassin (၄၄) နှစ်က လာရောက်ဆက်သွယ်မှုအရ U Kaung Trading Co.Ltd က တာဝန်ယူပို့ဆောင်ပေးခဲ့ကြောင်း သိရှိရပြီး မောင်မောင် (ခ) Yassin နှင့် ပူးပေါင်းပါဝင်သူများအား စုံစမ်းဖော်ထုတ်နိုင်ရေးအတွက် ဇွန် ၂ ရက်တွင် ဆိပ်ကမ်းမြို့မရဲစခန်း၌ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၂၀(က)/၂၀(ခ)/၂၂ ဖြင့် အမှုဖွင့်အရေးယူ စုံစမ်းစစ်ဆေးခဲ့သည်။

ဇွန် ၂ ရက် နံနက် ၁၁ နာရီ ၁၀ မိနစ်တွင် ဆက်စပ်တရားခံ အမျိုးသားတစ်ဦးကို ဖမ်းဆီးရမိခဲ့ပြီး အဓိကတရားခံ မောင်မောင် (ခ) Yassin သည် မေ ၃၀ ရက်ကတည်းက TOYOTA LEXUS ယာဉ်အမှတ် YGN 5L-8088 နှင့်အတူ ထွက်ပြေးတိမ်းရှောင်နေကြောင်း စိစစ်တွေ့ရှိရသဖြင့် ပူးပေါင်းပါဝင်သူများ ဖမ်းဆီးရမိရေးအတွက် စုံစမ်းရှာဖွေလျက်ရှိသည်။

ဖမ်းဆီးရမိသည့်တရားခံ၏ ဖော်ထုတ်ပြောပြချက်အရ မောင်မောင် (ခ) Yassin သည် မူးယစ်ဆေးဝါးများအား လှည်းကူးမြို့နယ်ရှိ Nice Guy ရေသန့်စက်ရုံမှတစ်ဆင့် အောက်ပုဇွန်တောင်လမ်းရှိ ဂိုဒေါင်သို့ 3I – 8917 Bongo Box ယာဉ်ဖြင့် သယ်ဆောင်ခဲ့ပြီး ၎င်းမှတစ်ဆင့် သင်္ဘောတင်မှုလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

စာမျက်နှာ ၁၃ ကော်လံ ၃ ❐

# မြန်မာ့ရိုးရာလက်ဝှေ့ ကွာတားဖိုင်နယ်ပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင် ချစ်ဇော်အောင် (မန္တလေး) က ရှိုင်းထက်ပိုင် (မွန်) ကို အလဲထိုးအနိုင်ယူ



ဝဏ္ဏာထွန်း(မွန်)နှင့် နေမျိုးအောင်(မန္တလေး)တို့ ယှဉ်ပြိုင်ထိုးသတ်စဉ်။ ဓာတ်ပုံ- မင်းထက်

**ရန်ကုန် ဇွန် ၅**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ကြီးမှူးပြီး မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ဦးဆောင်ကျင်းပသော (၁၆) ကြိမ်မြောက် တိုင်းဒေသကြီးနှင့် ပြည်နယ်ရိုးရာလက်ဝှေ့ပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူရိုးရာလက်ဝှေ့ရုံ၌ ဆက်လက်ကျင်းပရာ ၅၄ ကီလိုတန်း၌ ချစ်ဇော်အောင် (မန္တလေး)က ရှိုင်းထက်ပိုင် (မွန်) ကို ဒုတိယအချီတွင် အလဲထိုးဖြင့် အနိုင်ရသည်။

ယနေ့ ယှဉ်ပြိုင်သော ပွဲစဉ်များမှာ လူသစ်တန်း ၇၅ ကီလို သုံးချီပြိုင်ပွဲများတွင် နေထူးထူး(ကရင်)က ချစ်ကိုဌေး (မကွေး)ကို လက်ရည်မမျှဖြင့် အနိုင်ရ၍ လည်းကောင်း၊ ရဲရင့်အောင် (ရန်ကုန်) က ခင်မောင်ချင်း(ပဲခူး)ကို ဒုတိယအချီ ၁ မိနစ် ၃၂ စက္ကန့်တွင် အလဲထိုးဖြင့် လည်းကောင်း အနိုင်ရခဲ့သည်။ အလားတူ လူသစ်တန်း ၈၁ ကီလို သုံးချီပြိုင်ပွဲတွင် အာဏာပြင်း(ကရင်)က ထွန်းနိုင်ဝင်း (ရန်ကုန်)ကို အမှတ်ဖြင့်နိုင်ခဲ့ပြီး

စာမျက်နှာ ၁၁ ကော်လံ ၅ ✳



အာရှအားကစားပြိုင်ပွဲယှဉ်ပြိုင်မည့် မြန်မာ ယူ-၂၃ အသင်းတွင် ပါဝင်လာမည့် တိုက်စစ်မှူး အောင်သူ။ ဓာတ်ပုံ- စိုးညွန့်

# မြန်မာဘောလုံးအသင်းများကို စောင့်ကြိုနေသည့် နိုင်ငံတကာပြိုင်ပွဲများ

**ရန်ကုန် ဇွန် ၅**

၂၀၁၈ ခုနှစ် ကုန်ဆုံးရန် ရက်ပေါင်း ၂၀၀ ကျော် လိုသေးသော်လည်း မြန်မာဘောလုံးအသင်းများကို နိုင်ငံတကာပြိုင်ပွဲများက စောင့်ကြိုလျက်ရှိသည်။ မြန်မာဘောလုံးအသင်းများသည် နိုင်ငံတကာဘောလုံးပြိုင်ပွဲများတွင် အောင်မြင်မှုရရေးအတွက် ပြင်ဆင်လျက်ရှိသလို စောင့်ကြိုနေသည့် စိန်ခေါ်မှုများကို ကျော်ဖြတ်နိုင်ရန် ကြိုးပမ်းလျက်ရှိသည်။

၂၀၁၈ ခုနှစ်၏ လက်ကျန်ကာလများတွင် မြန်မာဘောလုံးအသင်းများဖြစ်သည့် လက်ရွေးစင် (အမျိုးသား၊ အမျိုးသမီး) အသင်းအပါအဝင် သက်တမ်းအလိုက် လူငယ်လက်ရွေးစင်အသင်းများအတွက် စောင့်ကြိုလျက်ရှိသည်။ မြန်မာဘောလုံးအသင်းများအနက် ပထမဆုံးယှဉ်ပြိုင်ရမည့်အသင်းမှာ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းဖြစ်ပြီး ဇွန် ၃၀ ရက်မှ ဇူလိုင် ၁၃ ရက်အထိ အင်ဒိုနီးရှား၌ ကျင်းပမည့် ၂၀၁၈ အာဆီယံအမျိုးသမီးပြိုင်ပွဲ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ယင်းပြိုင်ပွဲကျင်းပနေသည့် ကာလတွင်

စာမျက်နှာ ၁၂ ကော်လံ ၆ ◆

## ဂျပန်အကယ်ဒမီ ယူ-၁၄ လူငယ်ဘောလုံးအသင်း မြန်မာနိုင်ငံသို့ လာရောက်ခြေစမ်းကစားမည်

**ရန်ကုန် ဇွန် ၅-** ဂျပန်ဘောလုံးအဖွဲ့ချုပ်မှ တည်ထောင်ထားသည့် အကယ်ဒမီတစ်ခုဖြစ်သော ဖူကူရှီးမားအကယ်ဒမီ ယူ-၁၄ ဘောလုံးအသင်းသည် မြန်မာနိုင်ငံသို့ လာရောက်၍ ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ဖူကူရှီးမား အကယ်ဒမီ ယူ-၁၄ ဘောလုံးအသင်းသည် ဩဂုတ် ၅ ရက်မှ ၉ ရက်အထိ မြန်မာနိုင်ငံ၌ လေ့ကျင့်မှုပြုလုပ်မည်ဖြစ်ပြီး ဩဂုတ် ၆ ရက်နှင့် ၈ ရက်တွင် ခြေစမ်းပွဲယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ယင်းအသင်းနှင့် ခြေစမ်းပွဲ ကစားရန် အသင်းများရွေးချယ်လျက်ရှိပြီး ဖူကူရှီးမားအကယ်ဒမီ ယူ-၁၄ ဘောလုံးအသင်း၏ မြန်မာနိုင်ငံခရီးစဉ်တွင် မြန်မာဘောလုံး အကယ်ဒမီများမှ ကစားသမားများနှင့် ပူးတွဲလေ့ကျင့်ရေးအစီအစဉ်များပါ ပါဝင်လာဖွယ်ရှိနေသည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် အကယ်ဒမီများအတွက် ဂျပန်ဘောလုံးအဖွဲ့ချုပ်၏ အကူအညီဖြင့် နည်းပြများခန့်အပ်ခြင်း၊ လေ့ကျင့်မှုအပိုင်းတို့ကို ဆောင်ရွက်လျက်ရှိပြီး ယခုခရီးစဉ်ကိုလည်း မြန်မာနှင့် ဂျပန် ဘောလုံးပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်ဖြင့် လာရောက်ခြင်းဖြစ်ကြောင်း သိရသည်။

ဖိုးသော်ဇင်



မြန်မာ့အလင်း

ယနေ့ရန်ကုန် Yangon Today

၁၃၈၀ ပြည့်နှစ်၊ နယုန်လပြည့်ကျော် ၈ ရက်

၂၀၁၈ ခုနှစ်၊ ဇွန် ၆ ရက်၊ ဗုဒ္ဓဟူးနေ့



# ရန်ကုန် ရေနက်ဆိပ်ကမ်းသစ်

■ ဝေယံဦး

**ပြည်တွင်း** ပြည်ပ ရင်းနှီးမြှုပ်နှံမှုတွေ၊ စက်ရုံ၊ အလုပ်ရုံတွေနဲ့ စီးပွားရေး လုပ်ငန်းတွေ အများဆုံးတည်ရှိရာ ရန်ကုန်မြို့ကတော့ မြန်မာနိုင်ငံမှာ စီးပွားရေးလုပ်ငန်းတွေ အခြေချရာ မြို့တစ်မြို့ ဖြစ်ပါတယ်။ စီးပွားရေးလုပ်ငန်းတွေ များပြားလာခြင်းနဲ့အတူ ထုတ်ကုန်၊ သွင်းကုန်တွေလည်း အများဆုံးစီးဝင်ရာမြို့လည်း ဖြစ်ပါတယ်။ ပြည်ပက ကုန်ပစ္စည်းတွေ တင်သွင်းဖို့နဲ့ ပြည်တွင်းက ထုတ်ကုန်တွေ ပြည်ပ တင်ပို့ဖို့အတွက် နိုင်ငံတကာနဲ့ ရေကြောင်းကုန်သွယ်ရေးအဆင့်မီမီ ဆောင်ရွက်နိုင်ဖို့ ရေနက်ဆိပ်ကမ်းတစ်ခု အကောင်အထည်ဖော်နိုင်ရေး ရန်ကုန်တိုင်းဒေသကြီးအစိုးရက အစီအစဉ်ရှိနေပြီဖြစ်ပါတယ်။

"ရန်ကုန်တိုင်းဒေသကြီးအတွင်း ရေနက်ဆိပ်ကမ်းတစ်ခု တည်ဆောက်နိုင်ရေး ကြိုးစားဆောင်ရွက်နေပါတယ်၊ ဒီရေနက်ဆိပ်ကမ်းကို အကောင်အထည်ဖော်ဖို့ဆိုတာ စက်မှုထုတ်ကုန်လုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်ဖို့၊ အလုပ်အကိုင်အခွင့်အလမ်းတွေ ဖန်တီးပေးနိုင်ဖို့၊ နိုင်ငံတော်ကုန်သွယ်ကဏ္ဍတိုးတက်စေဖို့၊ နိုင်ငံခြားဝင်ငွေစီးဆင်းမှု ပိုမိုကောင်းမွန်စေဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ကျွန်တော်တို့ အကောင်အထည်ဖော်နိုင်ရန် ကြိုးစားနေတာဖြစ်ပါတယ်"ဟု ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ရေနက်ဆိပ်ကမ်းတည်ဆောက်နိုင်ရေးအတွက် ဆိပ်ကမ်းနေရာကို ဒလမြို့နယ်၊ ကော့မှူးမြို့နယ်တွေမှာ ဖြစ်နိုင်ခြေရှိမယ့်အနေအထားအခြေအနေကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နဲ့ တာဝန်ရှိသူတွေ သွားရောက်ကြည့်ရှုစစ်ဆေးမှုတွေ ပြုလုပ်ခဲ့ပြီး ဖြစ်ပါတယ်။

အဲဒီရေနက်ဆိပ်ကမ်းကို ကော့မှူးမြို့နယ် သရက်တောကျေးရွာအနီး ကမ်းခြေအပါအဝင် နေရာအချို့ကို သွားရောက်ကြည့်ရှုခဲ့ပြီး နောက်ပိုင်း ကျွမ်းကျင်အင်ဂျင်နီယာနဲ့ ပညာရှင်တွေက သွားရောက်စစ်ဆေးမှုတွေ ပြုလုပ်ခဲ့တယ်လို့ ဆိုပါတယ်၊ အင်ဂျင်နီယာတွေကတော့ ရေနက်ဆိပ်ကမ်းနဲ့ပတ်သက်ပြီး ဖြစ်နိုင်ခြေရှိတယ်လို့ အဆိုပြုခဲ့ကြကြောင်း သိရပါတယ်။ ရေနက်ဆိပ်ကမ်းရဲ့အဓိကအချက်ကတော့ ပင်လယ်ကူးသင်္ဘောကြီးတွေ ဝင်ထွက်ဆိုက်ကပ်နိုင်တဲ့ ရေစူးအနက်အနည်းဆုံး ကိုးမီတာရှိရမှာဖြစ်ပြီး ဆိပ်ကမ်းကနေ ကုန်ပစ္စည်းတွေ သယ်ယူပို့ဆောင်ရေးအတွက်လည်း အဆင်ပြေရမှာ ဖြစ်ပါတယ်။

ရေစူးနက်ပြီး သင်္ဘောကြီးများ ဝင်ထွက်သွားလာရန်လွယ်ကူတဲ့ အဆင့်မီ ရေနက်ဆိပ်ကမ်းသစ် တည်ဆောက်မယ်လို့ တိုင်းဒေသကြီးအစိုးရအဖွဲ့က ပြီးခဲ့တဲ့ မေ ၁၆ ရက်က ဖော်ပြခဲ့တဲ့ စီးပွားရေးမြို့တော်ရန်ကုန်ရဲ့ အနာဂတ်ဖွံ့ဖြိုးရေးစီမံချက်တွင် ထည့်သွင်းတည်ဆောက်ဖို့ ရည်မှန်းထားတယ်လို့ ဆိုထားတာကြောင့် ရေနက်ဆိပ်ကမ်းဟာ အကောင်အထည်ပေါ်လာဖို့တော့ ရှိနေပါတယ်။ ဒါကြောင့်လည်း ရေနက်ဆိပ်ကမ်းအပါအဝင် အထူးစီးပွားရေးဇုန်စီမံကိန်း အကောင်အထည်ဖော်ဖို့ မြေဧက ၅၀၀၀ ခန့် လျာထားပြီဖြစ်ပါတယ်။

လက်ရှိမှာတော့ ရန်ကုန်ဆိပ်ကမ်းဟာ ရေစူးနိမ့်တာကြောင့် နိုင်ငံတကာကုန်သင်္ဘောကြီးတွေ ဝင်ရောက်ဖို့ မလွယ်ကူပါဘူး။ ဒါ့အပြင် အဲဒီ ရန်ကုန်ဆိပ်ကမ်းတွေဟာလည်း မြို့ပြဧရိယာနဲ့နီးကပ်နေပြီး ဆိပ်ကမ်းဧရိယာတိုးချဲ့ဖို့လည်း မလွယ်ကူတာကြောင့် နိုင်ငံတကာအဆင့်မီရေနက်ဆိပ်ကမ်းတစ်ခုကို အကောင်အထည်ဖော်ဖို့လိုအပ်နေတာတော့ အမှန်ပါပဲ။ အဲဒီရေနက်ဆိပ်ကမ်းဟာလည်း ၂၄ နာရီ အသုံးပြုလို့ရမှာဖြစ်လို့ ကုန်ပစ္စည်းတွေ သယ်ယူပို့ဆောင်ရေးအတွက် နေ့ညအချိန်မရွေး ဆောင်ရွက်လို့ရမှာ ဖြစ်ပါတယ်။

ရန်ကုန်မြို့မှာရှိတဲ့ လက်ရှိဆိပ်ကမ်းတွေကလည်း ညပိုင်းတွေမှာသာ အပြည့်အဝအသုံးပြုလို့ရတာမို့ ကုန်ပစ္စည်းသယ်ယူပို့ဆောင်ရေးအတွက် အခက်အခဲရှိနေပါတယ်။ တကယ်တော့ မြန်မာနိုင်ငံမှာ လက်ရှိအနေအထားအရ ရန်ကုန်ဆိပ်ကမ်း၊ စစ်တွေဆိပ်ကမ်း၊ ကျောက်ဖြူဆိပ်ကမ်း၊ သံတွဲဆိပ်ကမ်း၊ ပုသိမ်ဆိပ်ကမ်း၊ မော်လမြိုင်ဆိပ်ကမ်း၊ ကော့သောင်းဆိပ်ကမ်းတွေ ရှိနေပေမယ့် ရန်ကုန်ဆိပ်ကမ်းကပဲ မြန်မာနိုင်ငံထုတ်ကုန်၊ သွင်းကုန်ရေကြောင်းကုန်သွယ်မှုရဲ့ ၉၀ ရာခိုင်နှုန်းကို လက်ခံဆောင်ရွက်နေရတာ ဖြစ်ပါတယ်။

**အချပ်ပို (ဃ)သို့**

# ရန်ကုန်ကျောင်းကားများနှင့် သူတို့ဝန်းကျင်က အသံများ




**တင်ဝင်းလေး(ကြည့်မြင်တိုင်)**

ဇူလိုင် ၁ ရက်သည် တစ်နိုင်ငံလုံးရှိ အခြေခံပညာကျောင်းများ ဖွင့်ပြီဖြစ်သည်။ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်၏ အဦးအစ နိဒါန်းပထမရက်ဖြစ်သည်။

ကျောင်းသားမိဘအားလုံးသည် မိမိသားသမီးများအပေါ်မှာ များစွာမျှော်မှန်းထားကြသည်။ ရည်ရွယ်ချက်ကြီးမားကြသည်။ မိမိတို့၏ တတ်နိုင်သောငွေကြေးနေစွမ်းအားပေါ်မူတည်၍ မူလတန်းမှစပြီး ကျောင်းကောင်းကောင်းကို ရွေးချယ်အပ်နှံထားကြသည်။

ရန်ကုန်မြို့တွင် ကမာရွတ် TTC၊ ရန်ကင်း TTC၊ ဒဂုံ အထက(၁)၊ အလက(၁)၊ စမ်းချောင်းအထက(၂)ကဲ့သို့သော နာမည်ကြီးကျောင်းကြီးများတွင် အပ်နှံကြသည်။ ယခုအခါ မြို့နယ်အလိုက် သတ်မှတ်အပ်နှံရန် စီစဉ်မှုများရှိနေသော်လည်း မရရအောင် အိမ်ထောင်စုပြောင်းပုံစံဖြင့် လည်းကောင်း၊ ထောက်ခံစာအမျိုးမျိုးဖြင့်လည်းကောင်း ကျောင်းကောင်း အပ်နှံရေးအတွက် ကြိုးပမ်းခဲ့ကြသည်။

အိမ်နှင့်ကျောင်းဝေးပြီဆိုကတည်းက ကျောင်းပို့၊ ကျောင်းကြိုကိစ္စသည် အဓိကတာဝန်ကြီးတစ်ရပ် ဖြစ်လာခဲ့သည်။ ကလေးတစ်ယောက်အတွက် အချိန်များစွာ စတင်ရင်းနှီးမြှုပ်နှံကြရသည်။ ကိုယ်ပိုင်ကားရှိသော်လည်း အချို့အချိန်မပေးနိုင်ကြသူများက ကျောင်းပို့၊ ကျောင်းကြို (ကျောင်းကား)ဖြင့် တည့်ပေးလိုက်ကြရသည်။

ကိုယ်ပိုင်ကားမရှိသူများက ကျောင်းကားများကိုသာ အားကိုးကြရသည်။ ဤသည်မှစ၍ ရန်ကုန်မြို့တွင် ကျောင်းပို့၊ ကျောင်းကြိုယာဉ်(ကျောင်းကား)များ ပေါ်ပေါက်လာရခြင်း ဖြစ်သည်ဟု ဆိုရမည်သာဖြစ်သည်။

ကျောင်းပို့၊ ကျောင်းကြိုယာဉ်များ၏ လုပ်ငန်းအကျယ်အဝန်းသည် ကနဦးက ဆိုသကဲ့သို့ ကျောင်းကြီးများတွင်သာမက ကြည့်မြင်တိုင်၊ အလုံ၊ စမ်းချောင်းစသော ကျောင်းများနှင့် အခြားနာမည်ကြီးကျောင်းများတွင်ပါ ကျယ်ပြန့်လာသည်ကို တွေ့ရှိရသည်။

ဤစနစ်ကို ထီးတန်းမှ ကျောင်းကားတည်ထောင်ထားသူ ကိုဖြူလေးက "ကိုယ်ပိုင်ကျောင်းကားတွေက အိမ်ရှေ့အထိကြို၊ ပို့ကြတဲ့အတွက် ကျောင်းသားမိဘတွေ ပိုသဘောကျကြတယ်၊ ဒါကြောင့် School Ferry လို့ ခေါ်တယ်ဆို ခေါ်လို့ရပါတယ်"ဟု ရှင်းပြခဲ့သည်။

စမ်းချောင်းမှ ဒေါ်ဖြူဖြူက "သမီးက KG တန်းကတည်းက TTC(ကမာရွတ်)မှာ ထားခဲ့တာ အခု ပဥ္စမတန်းရောက်ပြီ၊ ဒီကျောင်းကားကလည်း တစ်လျှောက်လုံးပဲ အိမ်ရှေ့အထိ အရောက်ကြိုပို့ဆိုတော့ ပိုအဆင်ပြေတယ်၊ နောက်နှစ်မှပဲ ကျောင်းကားကြီးပြောင်းတော့မယ်"ဟု ဆိုသည်။

ကျောင်းသားလေးများ၏ လုံခြုံရေး၊ ယာဉ်ကြောကျပ်တည်းမှု ဖြေရှင်းနိုင်ရေးအတွက် သမ္မတ ဦးသိန်းစိန် လက်ထက်ကတည်းက စတင်ကာ ကျောင်းကားများ ပြေးဆွဲမှုပုံစံကို ပြောင်းလဲရန် စီစဉ်မှုများရှိခဲ့သည်။ NLDအစိုးရတက်လာပြီးနောက် ၎င်းစီမံချက်အောင်မြင်ရန် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ပိုမိုအားထည့်ဆောင်ရွက်လာသည်ကို တွေ့ရသည်။

ယင်းအစီအစဉ်ဖြင့် ပြီးခဲ့သော ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် အကောင်အထည်ဖော်ရန် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ကြိုးပမ်းခဲ့ကြသည်။ လက်ရှိပြေးဆွဲနေသော ကိုယ်ပိုင်ကျောင်းကားများ နေရာတွင် ၂၈ ယောက်စီး၊ ဘယ်မောင်း အဝါရောင် School Bus ယာဉ်များဖြင့် အစားထိုးရန် စီစဉ်ခဲ့သည်။

သို့အတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ဟွန်ဒိုင်းအမျိုးအစား ၂၀၁၇ ခုနှစ်ထုတ် အသစ်စက်စက် ကျောင်းကားအစီး ၂၀၀ ကို ကိုရီးယားနိုင်ငံ Korea Trade Investment Promotion Agency (KOTRA) Posco Daewoo Corporation မှ ဝယ်ယူရန် ၂၀၁၇ ခုနှစ်ကတည်းကပင် စာချုပ်ချုပ်ဆိုခဲ့သည်ဟု သိရသည်။

သို့သော်ပြောင်းလဲမှုအတွက် ကိုယ်ပိုင်ကျောင်းကားတောင်းသူများ၏အသံကို နားထောင်၍ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်ကာလတွင် ဖြေလျှော့မှုများပြုခဲ့ပြီး ယခုနှစ်တွင် မှာယူထားပြီးသော အဝါရောင်ကားများအနက် အစီး ၁၀၀ ကို ကမာရွတ် TTC နှင့် ရန်ကင်း TTC တို့တွင် စတင်ပြေးဆွဲရန် စီစဉ်ခဲ့ခြင်းဖြစ်သည်။

မြို့နယ်အလိုက် ရန်ကုန်မြို့တွင်းကျောင်းကားစီးနင်းခများကိုလည်း ထုတ်ပြန်ကြေညာထားခဲ့ပြီးဖြစ်သည်။ အနီးအဝေးပေါ်မူတည်၍ အနည်းဆုံး ငွေကျပ် ၃၅၀၀၀ မှ ၄၀၀၀၀ အထိဖြစ်ပြီး အများဆုံး ငွေကျပ် ၇၀၀၀၀ အထိဖြစ်သည်ကို သိရသည်။

ကိုယ်ပိုင်ကျောင်းကားမောင်းသူ ကိုဖြူလေးက "ကိုယ်ပိုင်ကြိုပို့ယာဉ်တွေကို School Ferry လို့ဆိုရင် သတ်မှတ်နေရာစုရုံးနေရာက စောင့်စီးရမယ့် အဝါရောင်ကျောင်းကားကြီးတွေကိုတော့ School Bus လို့ ခေါ်ရမှာပေါ့"ဟု ပြောပြခဲ့သည်။ School Bus များ စီးနင်းနိုင်ရေးအတွက် အချို့ကျောင်းသားမိဘများက သတ်မှတ်ရာနေရာသို့ မိမိကလေးအား အရောက်ပို့ရေး၊ အပြန်စောင့်ကြိုရေးအတွက် အချိန်ပေးနိုင်မှုကို တွက်ဆနေကြသည်။

ကမာရွတ် TTC အဋ္ဌမတန်းမှ ကျောင်းသူတစ်ဦး၏ မိဘဖြစ်သူ ဒေါ်စန္ဒာလင်းက "မိဘနှစ်ပါးစလုံးကလည်း ဝန်ထမ်းတွေ ကျန်ခဲ့တဲ့ အမေကပဲ သူ့မြေးလေးတွေကို အိမ်ကပဲစောင့်ကြို၊ စောင့်ပို့နဲ့ လုပ်နေရတာဆိုတော့ လောလောဆယ်တော့ အဆင်ပြေနေသေးတယ်လေ"ဟု ဆိုသည်။

ယခုနှစ်တွင် ယမန်နှစ်ကအထိ ခွင့်ပြုပေးထားသော နောက်ဖွင့် လိုက်ထရပ်များကိုမူ ယခုနှစ်တွင် လုံးဝပြေးဆွဲပေးခြင်းမရှိသည်ကို တွေ့ရသည်။

TTC ကမာရွတ်တွင် ကိုယ်ပိုင်ကျောင်းကားပြေးဆွဲနေသည့် ဦးထိန်က "ဒီနှစ်တော့ အန်စာတုံးလို၊ စူပါကာစတန်လို အဆင့်မြင့်မှန်လုံကျောင်းကားတွေကိုတော့ ခွင့်ပြုပေးထားပါသေးတယ်၊ နောင်နှစ်တော့ မသိဘူးပေါ့နော်၊ ကျွန်တော့်အမြင်အဲဒီအဝါရောင်ကျောင်းကားကြီးတွေကို တက္ကသိုလ်၊ ကောလိပ်က စသင့်တယ်၊ အဲဒီမှာ အနေအထားတွေ ကောင်းလာတော့မှ အခုလို အခြေခံကျောင်းတွေ ဝင်သင့်တယ်၊ ဒါမှ အတွေ့အကြုံတွေရမှာပါ"ဟု ဆိုခဲ့သည်။

အထက(၄) အလုံတွင် ကျောင်းဆင်းချိန်ကို စောင့်၍ ဝင်ရောက်လေ့လာမိခဲ့သည်။ ကလေးများကို ပြန်ကြိုမည့် ကျောင်းကားများက ကျောင်းဝင်းအတွင်း စနစ်တကျတန်းစီရပ်ထားသည်ကို တွေ့ရသည်။ အမှတ်စဉ်နံပါတ်များကို ကားမှန်ရှေ့တွင် မြင်သာစွာချိတ်ဆွဲထားကြသည်။

အချပ်ပို(ဃ)သို့



ကျောင်းကားမောင်းသူက ကလေးငယ်များအား ကျောင်းကားဆီသို့ ခေါ်ဆောင်လာစဉ်။ ဓာတ်ပုံ-ထင်ပေါ်ဝင်း



တာဝန်ကျ ဆရာမများက ကလေးငယ်များအား ကျောင်းဂိတ်ဝအထိ စနစ်တကျလိုက်လံပို့ဆောင်ပေးစဉ်။

# ရန်ကုန်မြို့ပြတစ်ခွင် ကွမ်းတံတွေးကင်းစင်စေချင်



**သော်တာနမ့်စန်**

ယနေ့ ရန်ကုန်မြို့အပါအဝင် အခြားတိုင်းဒေသကြီးနှင့်ပြည်နယ်များ၊ မြို့ပြအသီးသီးနှင့် ကျေးလက်ဒေသများ နေ့စဉ်ကြုံတွေ့နေရသောအရာတစ်ခုမှာ ကွမ်းတံတွေးပင်ဖြစ်သည်။ ရန်ကုန်မြို့တွင် ကွမ်းတံတွေးကို သတ်မှတ်နေရာ၌ ထွေးရန်နှင့် ကွမ်းမစားရန် သတ်မှတ်ထားသော လုပ်ငန်းခွင်များကို တွေ့မြင်ရမည်ဖြစ်သည်။

ရန်ကုန်မြို့တွင် ကွမ်းယာစားသုံးသူများလာခြင်း၏ အကျိုးဆက်အဖြစ် စည်းကမ်းမဲ့ ကွမ်းထွေးမှုက မြို့ပြအလှကို အကျည်းတန်စေသည်။ ဝန်ကြီးဌာန များနှင့် ဌာနဆိုင်ရာရုံးများ၊ ရဲစခန်းများ၊ တရားရုံးများနှင့်ဆေးရုံများ၊ အိမ်ရာအဆောက်အအုံများနှင့် ကားဝင်း၊ ဘူတာရုံ၊ သင်္ဘောဆိပ်၊ လေဆိပ်နှင့် ရန်ကုန်မြို့၏ ပြည်လမ်း၊ ကမ္ဘာအေးဘုရားလမ်း၊ ကြည့်မြင်တိုင် ကမ်းနားလမ်းတို့၏ မီးပွိုင့်များအနီးရှိ ကားလမ်းများပေါ်တွင် ကွမ်းတံတွေးများကို တွေ့မြင်ရမည် ဖြစ်သည်။ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၏ ငါးထပ်ဆောင်အတက် လှေကားနံရံထောင့်တွင် ဆေးရုံသို့လာရောက်သူများ စွန့်ပစ်သော ကွမ်းတံတွေးများကို တွေ့မြင်နေရလျက်ရှိသည်။ ကွမ်းစားသုံးသူသည် အချိန်ကြာသောအခါ ကွမ်းယာ၏ ကျေးကျွန်ဖြစ်လာကာ နောက်ဆုံးတွင် ကျန်းမာရေးထိခိုက်မှုကို ဆိုးရွားစွာ ကြုံတွေ့ရလေ့ရှိသည်ကို တွေ့မြင်ရမည်ဖြစ်သည်။

မြန်မာပြည်တွင် ကွမ်းစားခြင်းကြောင့် ရောဂါခံစားလာရသော ဝေဒနာရှင်များ တစ်နှစ်ထက်တစ်နှစ် များလာလျက်ရှိသည်။ ယနေ့ထိ မြန်မာတစ်နိုင်ငံလုံး ကွမ်းစားနှုန်း ကျဆင်းလာခြင်းမရှိသေးသည်ကို တွေ့မြင်ရမည်ဖြစ်သည်။ နား၊ နှာခေါင်း၊ လည်ချောင်းနှင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ကွမ်းစားခြင်းကြောင့် အာခေါင်၊ လျှာ၊ ပါးစပ်နှင့် လည်ချောင်း၊ အူမကြီး၊ အစာအိမ်ကင်ဆာဝေဒနာတို့ဖြင့် တက်ရောက်ကုသနေသော ဝေဒနာရှင်များ၊ အပတ်စဉ်ပြသနေသော ဝေဒနာရှင်များကို တွေ့မြင်ရမည်ဖြစ်သည်။ ကွမ်းသည် ကျောက်ကပ်ကို တိုက်ရိုက်ထိခိုက်စေသောကြောင့် ကွမ်းစားသော အမျိုးသားများအတွက် ဆီးနှင့်ပတ်သက်သောဝေဒနာကို ဦးစွာကြုံတွေ့ရမည်ဖြစ်သည်။

ကွမ်းယာသည် အရက်လောက်မဆိုးရွားသော်လည်း ကွမ်းယာသည် ယနေ့တွင် အသံတိတ်လူသတ်သမားအဖြစ် အများကလက်ခံသတိပြုလာပြီဖြစ်သည်။ စားသုံးသူရှိ၍သာ ရောင်းသူများရှိနေခြင်းဖြစ်သည်။ ကွမ်းယာနှင့်ဆက်စပ်ပစ္စည်းကြောင့် နိုင်ငံတော်အတွက် ထိရောက်သောဘဏ္ဍာခွန်များ ရရှိကြောင်းကို ယနေ့ထိကြားမိခြင်းမရှိသေးပေ။ ကွမ်းစား၍ရရှိသော ဝေဒနာရှင်များကို ကုသရန် နှစ်စဉ်ဆေးဝါးများကို ထုတ်လုပ်နေရသည်ကိုသာ သတိပြုမိကြလျက်ရှိသည်။ ကွမ်းယာအတွင်း ပါသော ဓာတုဆေးများအပြင် ကွမ်းယာတွင် ပါဝင်သောထုံးကို ဝမ်းဗိုက်အတွင်း သိမ်းဆည်းထားသောကြောင့် အချိန်ကြာလာသည်နှင့်အမျှ

အချပ်ပို(ဂ)သို့

# နေရာရှာရခက်နေသော မြို့တော်ရန်ကုန်ရှိ ပန်းပုအနုပညာပစ္စည်းများ



**ထင်ပေါ်ဝင်း(ကမာရွတ်)၊ ဓာတ်ပုံ - တင်စိုး(မြန်မာ့အလင်း)**

**ရန်ကုန်မြို့တော်ကြီးသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် အားမွေးအရှိန်ယူနေသော မြန်မာနိုင်ငံ၏ မြို့ကြီးတစ်မြို့ဖြစ်သည်။ တိုက်တာအဆောက်အအုံသစ်များ၊ အရှိန်မြှင့်တင်နေသော မီးရထားလမ်း၊ မိုးပျံကားလမ်းများမှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် အထောက်အကူပြုမည့်လုပ်ငန်းများဖြစ်သည်။ ရှေးဟောင်းအမွေအနှစ် အဆောက်အအုံဟောင်းများကလည်း မြို့တော်ရန်ကုန်၏ ခမ်းနားမှုကို တစ်ဖက်တစ်လမ်းက ဖော်ကျူးလျက်ရှိသည်။ ထိုမျှသာမက မြန်မာ့လက်မှု အနုပညာပစ္စည်းတို့ကလည်း မြို့တော်ရန်ကုန်တွင် ကြွယ်ဝစွာရှိနေပြန်သည်။**

### စွန့်ပစ်ပစ္စည်းမှ တန်ဖိုးရှိစေမှု

မြန်မာ့လက်မှုအနုပညာပန်းဆယ်မျိုးတွင် တစ်မျိုးအပါအဝင်ဖြစ်သော ပန်းပုလုပ်ငန်းက မြို့တော်ရန်ကုန်၏ နေရာတစ်ခုတွင် တိတ်ဆိတ်စွာငြိမ်သက်နေခဲ့သည်။ ၂၀၀၈ ခုနှစ် မေလတွင် တိုက်ခတ်ခဲ့သော နာဂစ်မုန်တိုင်းကြောင့် ရန်ကုန်မြို့တော်၏ သစ်ပင်ကြီးငယ်တို့ ပြိုလဲခဲ့ရသည်။ အပင်အရေအတွက် များပြားစွာ ပြိုလဲခဲ့သော သစ်ပင်ကြီးများတွင် အဖိုးတန်နှစ်ရှည်ပင်ကြီးများလည်း ပါဝင်ခဲ့သည်။ ရန်ကုန်မြို့၌ ထားစရာနေရာပင်မရှိလောက်အောင် လဲပြိုခဲ့သောသစ်ပင်ကြီးများကို အချို့က မီးရှို့ပစ်ခဲ့ကြသည်။ အချို့က ဒီအတိုင်းထားရင်း ဆွေးမြည့်စေခဲ့သည်။ အချို့က ပန်းပုထုလုပ်ရန် စုဆောင်းထားခဲ့ကြသည်။ တိမ်မြုပ်ပျောက်ကွယ်စပြုနေပြီဖြစ်သော မြန်မာ့ပန်းပုအနုပညာလုပ်ငန်းအကြောင်း ကောင်းကောင်းသိသူတို့က မုန်တိုင်းကြောင့် ပြိုလဲခဲ့သော သစ်ပင်ကြီးများ၏ အမြစ်ဆုံများ၊ အသားများကို စုဆောင်းထိန်းသိမ်းနိုင်ခဲ့ကြသည်။ စွန့်ပစ်ပစ္စည်းအဖြစ်မှ တန်ဖိုးရှိစေသော အရာတစ်ခုအဖြစ် ဖန်တီးခဲ့ကြသည်။

မြန်မာနိုင်ငံ သတင်းစာဆရာအသင်း(ရန်ကုန်တိုင်းဒေသကြီး)၏ အဖွဲ့ဝင် သတင်းထောက်များနှင့်အတူ သွားရောက်သတင်းရယူခဲ့သော စာရေးသူအတွက် ရန်ကုန်မြို့ရှိ မြန်မာ့လက်မှုအနုပညာပန်းပုလုပ်ငန်းကို ဖော်ထုတ်ရန် အခွင့်အရေးရခဲ့သည်။ ရန်ကုန်မြို့ ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်းသစ်နှင့် ဆရာစံလမ်းထောင့်ရှိ သမဝါယမ စီးပွားရေးဗဟိုဌာန အဆောက်အအုံတွင် ပြသထားသော နှစ်အလိုက်ဆုရရှိခဲ့သည့် ပန်းပုအနုပညာပစ္စည်းများကို လေ့လာခွင့်ရခဲ့သည်။

### ပန်းပုသမားအတွက် ပန်းပုပြိုင်ပွဲ

ပန်းပုပြခန်း၏တာဝန်ခံအဖြစ် ဆောင်ရွက်နေသော ဦးမြင့်ဦးသိန်းက ပန်းပုပြခန်းဖြစ်ပေါ်လာပုံ၊ နှစ်အလိုက် ပြိုင်ပွဲများ ပြုလုပ်ပေးနေပုံအကြောင်းနှင့် ပတ်သက်၍ "၂၀၀၈ ခုနှစ် မေ ၂ ရက်မှာ နာဂစ်မုန်တိုင်း တိုက်သွားတော့ အဲဒီနှစ်မှာပဲ ပြိုလဲခဲ့တဲ့သစ်ပင်က သစ်တုံးတွေကို ပန်းပုထုမယ်ဆိုပြီး ထုဖြစ်သွားတာပါ၊ ပန်းပုအနေနဲ့က နှစ်မျိုးထုတာပေါ့၊ စိတ်ကြိုက်နဲ့ မော်ဒန်ဆိုပြီး နှစ်မျိုး ရှိပါတယ်၊ အဲဒါတွေကို ပြသထားတာပါ၊ ပန်းပုပြိုင်ပွဲတွေအနေနဲ့က ၂၀၀၉ ခုနှစ်က စပြီး လုပ်ဖြစ်တာပါ၊ အခုဆိုရင် သတ္တမအကြိမ်မြောက် ရောက်သွားပါပြီ၊ တစ်နှစ်တစ်နှစ်ကို ဒီပန်းပုသမားတွေအတွက် ပြိုင်ပွဲကျင်းပပေးတာပါ၊ ပြိုင်တဲ့အပေါ်မှာလည်း ကျွန်တော်တို့ ဆုကြေးကို ထိုက်ထိုက်တန်တန်ပေးပါတယ်၊ မနှစ်ကဆိုရင် ငွေကျပ်သိန်း ၅၀ ပေါ့၊ ဒုတိယဆု သိန်း ၃၀ ၊ တတိယဆု သိန်း ၂၀ ပေါ့၊ ဒီနှစ်တော့ ပထမဆုကို ၇၅ သိန်းပေးမယ်၊ ဒုတိယဆုက သိန်း ၅၀ နဲ့ တတိယဆုက သိန်း ၃၀ ပေါ့၊ နောက်ထပ်လည်း ရွှေဆွဲပြား ငါးမူးသားတစ်ခု ချီးမြှင့်ပေးပါတယ်" ဟု ရှင်းပြသည်။



**ပဥ္စမအကြိမ် သစ်သား ပန်းပုပြိုင်ပွဲ (၂၀၁၇) စိတ်ကြိုက် ပြိုင်ပွဲမှ ပထမဆုရ ပန်းပု။**

မြန်မာ့လက်မှုအနုပညာ ပန်းပုပြိုင်ပွဲကို စတင်ယှဉ်ပြိုင်စဉ်က ရန်ကုန်တိုင်းဒေသကြီး ဒါးပိန်အုပ်စုအတွင်းမှသာ လာရောက်ယှဉ်ပြိုင်ခဲ့ကြသော်လည်း ယခင်နှစ်က အထက်မြန်မာပြည်ဖြစ်သော မန္တလေးတိုင်းဒေသကြီးမှ လာရောက်ယှဉ်ပြိုင်ခဲ့ကြောင်း၊ နောင်လာမည့်နှစ်များတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လာရောက်ယှဉ်ပြိုင်နိုင်ရန် ဖိတ်ခေါ်သွားမည်ဖြစ်ကြောင်း ပန်းပုတာဝန်ခံက ဆက်လက်ပြောကြားသည်။ မိမိဒေသမှာ မိမိထုလုပ်ပြီး သတ်မှတ်ရက်အတွင်း လာရောက်ယှဉ်ပြိုင်စေရန် စီစဉ်လျက်ရှိပြီး မော်ဒန်ပန်းပုနှင့် စိတ်ကြိုက်ပန်းပုပြိုင်ပွဲများ ပါဝင်မည်ဖြစ်ကာ ပထမ၊ ဒုတိယ၊ တတိယဆုများ သတ်မှတ်ထားသော်လည်း နှစ်သိမ့်ဆု အရေအတွက်ကိုမူ ငါးဆု(သို့) ခုနစ်ဆုကို နှစ်စဉ်ပေးအပ်လေ့ရှိသည်။ နှစ်စဉ် ပြိုင်ပွဲဝင်ပန်းပုရုပ်တုများမှာ ၂၀၀ ကျော် ၃၀၀ နီးပါးရှိကြောင်း သိရသည်။

### ပန်းပုပုံဖော်စိတ်ခံစားမှု

ကိုယ်တိုင်ပန်းပုလုပ်ငန်း လုပ်ကိုင်လျက်ရှိသည့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်ကျောင်းဆင်းတစ်ဦးဖြစ်သူ ကိုကျော်နိုင်ဝင်းက ပန်းပုထုဆစ်ပုံဖော်မှုအကြောင်း ရှင်းပြရာတွင် "ပန်းပုထုတဲ့နေရမှာတော့ နှစ်မျိုးရှိပါတယ်၊ လာအပ်တဲ့သူ လိုချင်တဲ့အတိုင်း ထုပေးတာနဲ့ ပန်းပုဆရာစိတ်ကြိုက် ထုတာပေါ့၊ သူ့အိမ်မှာ သိမ်းဖို့ပေါ့၊ သူ့စိတ်ထဲမှာ သူကိုယ်တိုင်ခံစားနေတဲ့ဟာမျိုးပေါ့၊ သူစိတ်ကြည်နေတဲ့အခါ ထုဖြစ်တာပိုများတယ်၊ လာအပ်တဲ့သူစိတ်ကြိုက် ထုပေးတဲ့တာမျိုးကျတော့ အပ်တဲ့ ပုံစံပေါ်မူတည်ပြီး ထုပေးတာပေါ့၊ အဲဒါလည်း စိတ်ထဲမှာ ကြည်လင်နေတဲ့ အချိန်မျိုးမှာမှ ထထုပေးတာမျိုးပါ၊ စိတ်စနိုးစနောင့်ဖြစ်နေရင်တော့ မထုဖြစ်ကြဘူးပေါ့၊ စိတ်ရှုပ်ထွေးမှုဖြစ်နေတဲ့ အချိန်မျိုးကျတော့ ပန်းပုပေါ်မှာသွားပြီး အနည်းအကျဉ်း ထိခိုက်မှုဖြစ်တတ်တာပေါ့၊ အဲဒါမျိုးကြောင့်ပါ" ဟု ရှင်းပြသည်။

ဝါသနာဗီဇကို အရင်းခံကာ ပန်းပုဆရာတစ်ယောက်အဖြစ် ဘဝကို ရပ်တည်ဖြစ်နေပုံအကြောင်းကို ပြောပြရာတွင် "ကျွန်တော်က နယ်ဘက်ကလေ၊ ငယ်ငယ်ကတည်းက အိမ်မှာတွေ့တာက ဘုရားကျောင်းဆောင်ပေါ်က ဘုရားအရုပ်ကို စပြီးတွေ့ဖြစ်တာပေါ့၊ ဘုရားတွေ့ပြီး ပုံထုချင်တဲ့စိတ်ပေါက်တော့ အစကတော့ ရွှံ့လေးနဲ့ နည်းနည်းတည်ကြည့်တယ်၊ အဆင်ပြေလာတော့ သစ်သားကို ဆောက်နဲ့ရိုက်ကြည့်တယ်၊ အဲဒါက လေးငါးနှစ်သားလောက်ကပါ၊ ပိုပြီးအဆင်ပြေလာတယ်၊ နောက် ကျွန်တော်က ကျောင်းတက်ရတော့ အဲဒါတွေအားလုံးကို ဆယ်တန်းအောင်ပြီးတော့မှ အမျိုးသားယဉ်ကျေးမှုနဲ့ အနုပညာတက္ကသိုလ်မှာ ကျောင်းတက်ဖြစ်တာပါ၊ ပထမသုံးနှစ်နဲ့ ဘွဲ့ပြီးတယ်၊ နောက်ထပ် ထပ်တက်တယ်၊ ဒီပလိုမာပေါ့၊ ဒီသစ်သားပန်းပုအတွက်ကို ထပ်တက် ဖြစ်တာပါ၊ စိတ်ထဲမှာလည်း ဒီဟာကို မြင်တာနဲ့ လုပ်ချင်ကိုင်ချင်စိတ်က ဖြစ်လာတာပေါ့၊ အဲဒီလိုလုပ်ဖြစ်ရင်းနဲ့ ဒီပန်းပုနဲ့ပဲ ဘဝကို ရပ်တည်ဖြစ်တာပေါ့၊ အိမ်မှာလည်း ကိုယ်ပိုင်လုပ်ငန်းလုပ်ပါတယ်၊ ကျွန်တော်က ပုံတူပိုင်းကို ပိုပြီးအားသန်တယ်၊ ဘုရားပုံတို့၊ ဆရာတော်ကြီးတွေပုံတို့ပေါ့လေ၊ မြန်မာမှုပိုင်းကို ပိုပြီးအားသန်ပါတယ်၊ ပလာစတာပန်းပု၊ အင်္ဂတေပန်းပု၊ ဖိုင်ဘာပန်းပုပေါ့လေ၊ အဲဒါတွေကို ထုလုပ်ဖြစ်တာ များပါတယ်"ဟု ရှင်းပြသည်၊

နိုင်ငံတော်မှ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်နေချိန်၊ ပြည်ပအထောက်အပံ့ နည်းပညာအကူအညီများ ရယူနေချိန်တွင် ပြည်တွင်းလက်မှုအနုပညာဖြစ်သည့် မြန်မာ့ပန်းပုလုပ်ငန်းကိုလည်း ကမ္ဘာသိပြသရန် အချိန်ကျနေပြီဖြစ်သည်။ အဖိုးတန်လှသော မြန်မာမှုအနုပညာလက်ရာပစ္စည်းများကို နိုင်ငံတကာသို့ ဖော်ထုတ်ပြသနိုင်မှသာ မြန်မာ့ယဉ်ကျေးမှုကို ကမ္ဘာက သိရှိနိုင်ပေမည်။ ထို့ကြောင့်ပင် မြန်မာမှုအနုပညာလက်ရာများထဲမှ မြန်မာ့ပန်းဆယ်မျိုးတွင် တစ်မျိုးအပါအဝင် ဖြစ်သည့် ပန်းပုလုပ်ငန်းအကြောင်းကို တင်ပြလိုက်ရပါသည်။ ။

---

*အချုပ်ပို(ခ)မှ*

ရောဂါမျိုးစုံရရှိစေမည်ဖြစ်သည်။ ကွမ်းယာကြောင့် လည်ချောင်းကင်ဆာ၊ အူမကြီးကင်ဆာရောဂါဖြင့် လူမသိ၊ သူမသိ သေဆုံးသူများစွာ ရှိနေပြီဖြစ်သည်။ ဝန်ထမ်းဖြစ်ပါက တိုင်းပြည်နှင့်ပြည်သူအတွက် ပို၍နစ်နာစေသည်။ အရက်၏ဘေးထွက်ဆိုးကျိုးကို သတိပြုမိကြသော်လည်း ကွမ်းယာ၏ အန္တရာယ်သတိပြုမိသူ နည်းပါးနေသောကြောင့် သတိရှိရှိဖြင့် ရှောင်ကြဉ်သင့်ပြီဖြစ်သည်။ ရန်ကုန်မြို့ပြ၏ ကားလမ်းမများပေါ်တွင် စွန်းထင်းနေသော ကွမ်းတံထွေးများက ရန်ကုန်မြို့နေ ခရီးသွားပြည်သူများ တစ်နေ့ကွမ်းယာမည်မျှစားသုံး၍ မည်မျှစွန့်ပစ်သည်ကို ပြသလျက်ရှိသည်။

ယာဉ်၊ ရထားနှင့်ကားပေါ်ကွမ်းတံတွေးမထွေးရန်၊ တရားရုံးများနှင့်ဆေးရုံတွင် ကွမ်းတံတွေးများကို အုတ်နံ့ရံထောင့်၊ လှေကားအတက်ထောင့်နံရံတွင် မထွေးရန်၊ ဌာနဆိုင်ရာနှင့် အဆင့်မြင့် ဟိုတယ်၊ မိုတယ်၊ ဘဏ်များနှင့် အဝေးပြေးယာဉ်ရပ်နားစခန်းတို့တွင် အသိပေးကြော်ငြာထားသည်ကို တွေ့မြင်ရမည်ဖြစ်ပြီး စည်းကမ်းလိုက်နာမှု အားနည်းလျက်ရှိသည်ကို တွေ့မြင်ရမည် ဖြစ်သည်။ အမိနိုင်ငံသို့ လာရောက်လည်ပတ်သော နိုင်ငံခြားသားခရီးသွားများတွေ့မြင်ပါက နိုင်ငံနှင့် လူမျိုးအတွက် ဂုဏ်သိက္ခာထိခိုက်စေမည်သာဖြစ်သည်။ နိုင်ငံပြန်လည်ထူထောင်နေသော အချိန်ကာလတွင် စည်းကမ်းလိုက်နာမှုသည် လူတိုင်းမဖြစ်မနေလိုက်နာသင့်သောအချက်ပင်ဖြစ်သည်။ တစ်ဦးတစ်ယောက်မှ အစ စည်းကမ်းကို လေးစားတန်ဖိုးထားနေမည်ဆိုပါက သန့်ရှင်းသာယာသော မြို့တော်အဖြစ် ရောက်ရှိလာမည်ဖြစ်သည်။

စည်းကမ်း၏အနှစ်သာရကို ဂျပန်နိုင်ငံသည် လွန်ခဲ့သောနှစ် ၇၀ ကျော်က သိရှိကျင့်သုံးခဲ့သောကြောင့် ကျွန်းနိုင်ငံလေးဖြစ်သော်လည်း ကမ္ဘာက အသိအမှတ်ပြုခဲ့ရသော သမိုင်းစာမျက်နှာများစွာ ယနေ့တိုင် ကျန်ရစ်နေလျက်ရှိသည်။

တစ်ချိန်က ရန်ကုန်မြို့ပြနှင့် ယနေ့ ရန်ကုန်မြို့ပြတိုးတက်မှု ပြောင်းလဲကွဲပြားလာသော်လည်း မပြောင်းလဲသောအရာသည် စည်းကမ်းလိုက်နာမှု အားနည်းခြင်းဖြစ်၍ မြို့ပြစည်းကမ်း၊ လမ်းမကြီးစည်းကမ်း၊ ပြည်သူ့စည်းကမ်းနှင့် ဌာနဆိုင်ရာစည်းကမ်းများကို လိုက်နာစောင့်ထိန်းခြင်းဖြင့် ရန်ကုန်မြို့၏ လမ်းမကြီးများသည် သန့်ရှင်းသာယာလှပလာမည်ဖြစ်သည်။

*အချုပ်ပို(ဃ)သို့*



**လှေကားအတက်နံရံထောင့်တွင် စည်းကမ်းမဲ့ ကွမ်းတံတွေး ထွေးထားမှု။** ဓာတ်ပုံ-ငြိမ်းချမ်း

# သတင်းထူးတစ်ခုကြားရတိုင်း လှုပ်ခတ်သွားတတ်သည့် ရန်ကုန်ကားဈေးကွက်

ယခုလအတွင်းမှာပင် ရန်ကုန်လိုင်စင်များချထားပေးမည်ဟူသည့် သတင်းစကားများကြောင့် ယခုသီတင်းပတ်အတွင်း ရန်ကုန်ကားဈေးကွက်သည် တုံ့ဆိုင်းသွားခဲ့ရကြောင်း သိရသည်။

"ကားလောကထဲမှာ သတင်းစကားတစ်ခုအသစ်ကြားရတိုင်း ကားဈေးကွက်က ရပ်သွားတတ်တယ်၊ အခုနောက်ဆုံး ကြားရတာကတော့ ဒီလထဲမှာ YVQC စနစ်ကို အသုံးပြုပြီး ရန်ကုန်လိုင်စင်တွေချထားပေးမယ်လို့ သိရပါတယ်၊ ဒီစနစ်သာ တကယ်တမ်းစတင်တော့မယ်ဆိုရင် ကားဈေးကွက်က အနည်းငယ်ပိုပြီး လှုပ်ခတ်လာမယ်လို့ ယူဆကြတဲ့အတွက် လက်ရှိအရောင်းအဝယ်ဖြစ်နေတာတွေက ခေတ္တငြိမ်သက်သွားနိုင်သေးတယ်" ဟု ကားဝယ်ရောင်း ကိုကျော်ဇေယျာဝင်းက ပြောသည်။

YVQC စနစ်သည် ရန်ကုန်မော်တော်ယာဉ်မှတ်ပုံတင်ခွင့်လက်မှတ်တစ်ခုဖြစ်ပြီး Yangon Vehicle Quota Certificate ဖြစ်သည်။ ယင်းစနစ်သည် မော်တော်ယာဉ်အစီးရေ သတ်မှတ်ချက်တစ်ခုလည်းဖြစ်ကြောင်း သိရှိရပြီး ယခုနှစ်အတွက် ရန်ကုန်မော်တော်ယာဉ်မှတ်ပုံတင်ခွင့်လက်မှတ်ကို မော်တော်ကားအစီးရေ နှစ်သောင်းခွဲမှ သုံးသောင်းအကြား ကန့်သတ်မည်ဟုလည်း သတင်းများ ထွက်ပေါ်လျက်ရှိသည်။

ယင်းစနစ်မှာ မကြာမီစတင်မည်ဟု သတင်းများထွက်ပေါ်လျက်ရှိခြင်းကြောင့် ရန်ကုန်ဝယ်လက်များက စောင့်ကြည့်နေကြသည့်အတွက် ဈေးကွက်အတွင်း အရောင်းအဝယ်များ ပါးလာခြင်းဖြစ်ကြောင်း ကားဈေးကွက်အတွင်းမှ သိရှိရသည်။ "လက်ရှိမှာတော့ ညာမောင်းတွေကို တိုက်ရိုက်ထိခိုက်စရာဘာမှမရှိပါဘူး၊ ကားသစ်တွေ၊ ဘယ်မောင်းသွင်းတွေနဲ့သာ ဘယ်လိုဖြစ်လာနိုင်မလဲဆိုတာ စောင့်ကြည့်ရမှာပါ၊ ညာမောင်းဂျပန်ကားလေးတွေ ဝယ်ယူချင်တဲ့သူတွေကတော့ ပုံမှန်အတိုင်း မထူးခြားပါဘူး၊ ဒါပေမယ့် ကားလောကရဲ့ထုံးစံအတိုင်း အရောင်းအဝယ်အားကောင်းလာပြီဆိုတာနဲ့ အဖျက်အဆီးဖြစ်တဲ့ သတင်းစကားတွေကပေါ်လာပြီ၊ များသောအားဖြင့်ကလည်း သတင်းစကားတွေက မှန်နေတတ်တယ်၊ ဒါကြောင့်လည်း သတင်းတစ်ခုခုထူးပြီဆိုတာနဲ့ ဈေးကွက်က ပြန်ပြီးငြိမ်သွားတတ်တာ၊ ငြိမ်ပြီးရင်လည်း ပြန်ပြီးအားကောင်းလာဖို့ အချိန်ပြန်ပေးရပြန်တယ်"ဟု ကိုကျော်ဇေယျာဝင်းက ပြောပြသည်။

ကျောင်းဖွင့်ကာလ မိုးဦးရာသီမို့ လာမည့်သီတင်းပတ်အတွင်း ကားဈေးကွက်မှာ အရောင်းအဝယ်ဆက်လက်အေးနေနိုင်သေးမည်ဟု ခန့်မှန်းထားကြပြီး လက်ရှိတွင် အိမ်စီး၊ အကြမ်းခံနှင့် အင်ဂျင်ပါဝါနိမ့်ကားလေးများသာ အရောင်းအဝယ်ရှိကြောင်း၊ မေးသူ၊ ဝယ်သူ အားကောင်းလာပြီး ရက်သတ္တ သုံးပတ်အကြာတွင် ယခုကဲ့သို့ ပြန်လည်ငြိမ်သက်သွားခြင်း ဖြစ်ကြောင်း၊ နယ်ဝယ်လက်များသည်လည်း မိုးအကုန်ဆောင်းအကူးကာလမှသာ ပြန်လည်အားကောင်းလာနိုင်မည်ဟု ထင်မြင်ကြောင်း ကားဝယ်ရောင်း ကိုညဏ်ဖြိုးသူကလည်း ပြောသည်။




**တစ်ပတ်အတွင်း အရောင်းအဝယ်ဖြစ်ခဲ့သည့် မော်တော်ကားဈေးနှုန်းများ**

| ယာဉ်အမျိုးအစား | Model | လိုင်စင် | အင်ဂျင်ပါဝါ | နေရာ | ဈေးနှုန်းကျပ်သိန်း |
|---|---|---|---|---|---|
| Alphard | 2003 | ရန်ကုန် | 3000cc | အပြင်ဈေး | ၄၅၀ |
| CRV RD5 | 2001 | ရန်ကုန် | 2000cc | အပြင်ဈေး | ၂၅၀ |
| Kluger | 2002 | ရန်ကုန် | 2400cc | အပြင်ဈေး | ၃၆၅ |
| Fit GE6 | 2011 | နယ် | 1300cc | အပြင်ဈေး | ၁၈၀ |
| Insight | 2012 | ရန်ကုန် | 1300cc | အပြင်ဈေး | ၂၈၀ |
| Wish | 2012 | ရန်ကုန် | 1800cc | အပြင်ဈေး | ၅၀၀ |
| Vitz | 2010 | နယ် | 1300 cc | အပြင်ဈေး | ၁၈၅ |
| Belta | 2010 | ရန်ကုန် | 1300cc | အပြင်ဈေး | ၁၈၄ |
| Mark X | 2004 | ရန်ကုန် | 3000 cc | အပြင်ဈေး | ၃၁၀ |
| Hijet | 2011 | ရန်ကုန် | 660cc | အပြင်ဈေး | ၁၃၀ |

ဈေးနှုန်းများမှာ ကားအမျိုးအစား၊ အရည်အသွေးနှင့် အခြားသောကိစ္စရပ်များကြောင့် ပြောင်းလဲနိုင်ပါသည်။

**မင်းသော်**

**ရန်ကုန်ရေနက်ဆိပ်ကမ်းသစ် . . . . မှ**

နောက်ပြီး မြန်မာနိုင်ငံမှာလည်း ရေနက်ဆိပ်ကမ်းက လက်ရှိ အကောင်အထည်ဖော်နေဆဲဖြစ်တဲ့ ထားဝယ်ရေနက် ဆိပ်ကမ်းနဲ့ ကျောက်ဖြူ ရေနက်ဆိပ်ကမ်းတို့ပဲ ရှိနေတာဖြစ်ပါတယ်။ အခုရည်မှန်းထားတဲ့ ရန်ကုန် ရေနက်ဆိပ်ကမ်းကိုသာ အကောင်အထည်ဖော်နိုင်ရင် ကုန်ပစ္စည်းတွေ သယ်ဆောင်ရတဲ့ ကုန်ကျငွေဟာ တစ်လကို အမေရိကန်ဒေါ်လာ ၁၂ သန်းခန့် သက်သာသွားမယ်လို့လည်း သုံးသပ်နေကြပါတယ်။

ဒါ့အပြင် ရန်ကုန်မှာ တန်ချိန် ၂၀၀၀၀ သင်္ဘောတွေဆိုက်ကပ်နိုင်မယ့် ရေနံဓာတ်ငွေ့ရည်ဆိပ်ကမ်း (LPG Tarminal) တစ်ခု တည်ဆောက်မယ်လို့ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က လွှတ်တော်မှာ ပြောကြားထားပါတယ်။ လာမယ့်နှစ်အနည်းငယ်အတွင်းမှာ ပြည်တွင်း အိမ်ထောင်စုတစ်သိန်းခွဲခန့် ရေနံဓာတ်ငွေ့ရည်ကို သုံးစွဲလာနိုင်အောင် ကြိုးစားနေတာမို့ လျှပ်စစ်အစား ရေနံဓာတ်ငွေ့ရည် အစားထိုးကာ ထမင်း၊ ဟင်းတွေ ချက်ပြုတ်နိုင်ရေးကို မျှော်မှန်းပြီး အခုလို LPG Tarminal တစ်ခု ရန်ကုန်မှာ တည်ဆောက်သွားနိုင်ရေး ရည်မှန်းချက်ထားနေတာ ဖြစ်ပါတယ်။

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ်အတွင်းမှာ နိုင်ငံတကာအဆင့်မီ ရေနက်ဆိပ်ကမ်းတည်ဆောက်ဖို့အတွက် မြေပြင်အခြေအနေစစ်ဆေးမှု ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါတယ်။ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနဲ့ တာဝန်ရှိသူတွေ ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၂၀ ရက်မှာ အဲဒီရေနက်ဆိပ်ကမ်း တည်ဆောက်မယ့် ကမ်းခြေနေရာကို သွားရောက်စစ်ဆေးလေ့လာခဲ့ပြီး ဖြစ်ပါတယ်။

အဲဒီရေနက်ဆိပ်ကမ်းအကောင်အထည်ဖော်ဆောင်ရွက်ရင်တော့ ဒေသခံတွေအတွက် အလုပ်အကိုင်အခွင့်အလမ်းတွေ အများအပြားထွက်ပေါ်လာမှာဖြစ်သလို လူငယ်တွေအတွက်လည်း ရွေးချယ်လုပ်ကိုင်စရာ အလုပ်အကိုင်တွေ ဖြစ်ပေါ်လာမှာဖြစ်ပါတယ်။ နိုင်ငံတကာအဆင့်မီ ရေနက်ဆိပ်ကမ်းဖြစ်ဖို့ လိုသလို နိုင်ငံတကာ ကုန်တင်သင်္ဘောကြီးတွေ အချိန်မရွေးဝင်ရောက် ဆိုက်ကပ်နိုင်တဲ့ အနေအထားကို ဖော်ဆောင် ပေးမယ်ဆိုရင်တော့ ရန်ကုန်မြို့အတွက်သာမကဘဲ မြန်မာနိုင်ငံကုန်သွယ်ရေးနဲ့ စီးပွားရေး တိုးမြှင့်ဖွံ့ဖြိုးဖို့ ကြီးမားတဲ့အထောက်အထားပြုမှု ဖြစ်ပေါ်လာစေမှာ အမှန်မို့ ရန်ကုန်ရေနက်ဆိပ်ကမ်းသစ်များ အမြန်ပေါ်ပေါက်လာပါစေကြောင်း.... ။ ။

*အချပ်ပို(ခ)မှ*

ကျောင်းဆင်းပေးမှုမှာလည်း စနစ်တကျရှိလှသည်။ ဦးစွာ အငယ်ဆုံးအတန်းဖြစ်သည့် KG တန်း၊ ထိုမှ ပထမတန်း စသည်ဖြင့် အတန်းစဉ်အလိုက်ဆင်းခြင်းဖြစ်သည်။ KG တန်း ကလေးငယ်များကို တာဝန်ကျ ဆရာမများက ကျောင်းခန်းရှေ့မှ စောင့်ကြိုခေါ်ယူပြီး ကျောင်းအပေါက်ဝရှေ့ရှိ စောင့်ကြိုနေသော မိဘအုပ်ထိန်းသူများကို အမည်ခေါ်၍ စနစ်တကျ အပ်နှံပေးသည်ကို တွေ့ရသည်။

ကျောင်းကားနှင့်ပြန်မည့်ကလေးများကို ကျောင်းကား မောင်းသူ၊ ယာဉ်နောက်လိုက်တို့က အခန်းရှေ့တွင် ကိုယ်တိုင် စောင့်ကြိုပြီး ကားရပ်နားရာဆီသို့ ပို့ဆောင်တင်ပေးကြသည်ကို တွေ့ရသည်။ ကျောင်းကားမောင်းသူ ကိုနိုင်အောင်က "ကျွန်တော်က ဒီအလုံနဲ့ ကြည့်မြင်တိုင်မြို့နယ်အတွင်းက ကလေးတွေကိုပဲ အကြိုအပို့လုပ်ပါတယ်၊ အနီးအဝေးပေါ် မူတည်ပြီး တစ်ဦးကို ငွေကျပ် ၂၀၀၀၀၊ ၂၅၀၀၀ ယူပါတယ်" ဟု ဆိုသည်။

အထက(၁) ကြည့်မြင်တိုင်တွင် ယခင်က လိုက်ထရပ် ကားလေးဖြင့် ကျောင်းကြို၊ ကျောင်းပို့ နှစ်ရှည်စွာ ပြေးဆွဲလာသည့် ဦးထွန်းညွန့်က "ဘယ်တတ်နိုင်မလဲဗျာ၊ ဒီအလုပ်ပဲ လုပ်တတ်တာဆိုတော့ ဟိုကဆွဲ၊ ဒီကဆွဲနဲ့ ဒီမှန်လုံလေးကို ဖြစ်အောင်ဝယ်ထားရတယ်၊ ကားဟောင်းကလည်း ပြန်ရောင်းမထွက်သေးဘူး၊ နောင်ခါလာ နောင်ခါဈေးပေါ့၊ မီးစင်ကြည့်ကရမှာပဲ" ဟု ဆိုသည်။

ဦးထွန်းညွန့်နှင့် စကားပြောစဉ်အတွင်းမှာပင် ရန်ကုန်မိုးသည် ကောင်းကင်ထက်၌ မိုးသားတို့က အုံ့ဆိုင်းအုံ့မှိုင်းလာ၍ မိုးလွတ်ရန် အပြေးပြန်ခဲ့ရသည်။ မိုးလွတ်ရန်ပြန်ခဲ့ရာမှ လှမ်းမျှော်ကြည့်မိသည်။ အုံ့ဆိုင်းလာသော မိုးသားတို့က တဖြည်းဖြည်း နိမ့်လာပြီဖြစ်၍ ဟိုအဝေးကြီးဆီသို့ မှန်းမျှော်၍ မမြင်နိုင်တော့ပေ။ ။

*အချပ်ပို(ဂ)မှ*

အထူးသဖြင့် မီးပွိုင့်များ၊ လူကူးခုံးကျော်တံတားများ၊ ယာဉ်ဖြတ်သန်းသော ခုံးကျော်တံတားများ၊ ဘူတာရုံနှင့် ပန်းခြံ၊ ရုပ်ရှင်ရုံများနှင့် ကားလမ်းများ၊ အများပြည်သူ သွားလာသော ပလက်ဖောင်းများ သန့်ရှင်းလှပရန် ကွမ်းတံတွေးထွေးခြင်းကို သတိပြုဆင်ခြင်လျက် မိမိမြို့ပြ သန့်ရှင်းသာယာ လှပစေမည်ဖြစ်သည်။ စွန့်ပစ်လိုက်သော ကွမ်းတံတွေးသည် မိမိ၏ ဂုဏ်သိက္ခာကိုလည်း ထင်ဟပ်နေသောကြောင့် မိမိကိုယ်တိုင်နှင့် ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပစေရန် ကွမ်းစားခြင်းကို ရှောင်ကြဉ်ခြင်းဖြင့် မိမိ ကျန်းမာရေး၊ မိမိလုပ်ငန်း၊ မိမိဌာနနှင့် မိမိပတ်ဝန်းကျင်၊ မိမိတိုင်းပြည်အတွက် အကျိုး ကျေးဇူးများစွာရှိနေမည်ဖြစ်ပါကြောင်းနှင့် ရန်ကုန်မြို့တစ်ခွင် ကွမ်းတံတွေး ကင်းစင်စေလိုပါကြောင်း....။



ရန်ကုန်မြို့ ပြည်လမ်းမတစ်နေရာ၌ ကွမ်းတံတွေးထွေးထားမှုကို တွေ့ရစဉ်။